ကြေးမုံ

The Mirror

၁၃၆၆ ခုနှစ်၊ ကဆုန်လပြည့်ကျော်နေ့၊ တနင်္လာနေ့၊ (3-5-2004) (၄၂၂၂)

အရိယ သစ္စာန ဒဿနံ တေံ မင်္ဂလ မုတ္တမံ။

မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စာလေးပါး တရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

ဥပုသ်နေ့မှတ်ဆောင်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပိုလန်သမ္မတနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် မေ ၃

၂၀၀၄ ခုနှစ် မေ ၃ ရက်တွင် ကျရောက်သော ပိုလန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပိုလန်သမ္မတနိုင်ငံ သမ္မတမစ္စတာအာလက်ဇန်ဒါး ကွာနူစကီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

စိန်ဖူးတော် တင်လှူပူဇော်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကလေးဝတောရကျောင်းတိုက် နာဂလိုဏ်ဂူ အောင်ချမ်းသာစေတီတော် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော် တင်လှူပူဇော်ပွဲ အခမ်းအနားတွင် စေတီတော်ပေါ်သို့ တက်ရောက်၍ စိန်ဖူးတော်ကို တင်လှူပူဇော်စဉ်။

(သတင်းစဉ်)

ကလေးဝတောရကျောင်းတိုက် နာဂလိုဏ်ဂူ အောင်ချမ်းသာစေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက် ကြည်ညို ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော် တင်လှူပူဇော်

ရန်ကုန် မေ ၂

ကလေးဝတောရကျောင်းတိုက် နာဂလိုဏ်ဂူ အောင်ချမ်းသာစေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ကလေးဝတောရကျောင်းတိုက်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည်ညိုပြီး ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့အား တင်လှူပူဇော်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၃-၅-၂၀၀၄
(တနင်္လာနေ့)

မဟာဗောဓိပင် ရေစင်သွန်းလောင်းကုသိုလ်ပြု ကုသိုလ်သုစရိုက်တရား ပွားများအားထုတ်

ယနေ့သည် ၁၃၆၆ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့)ဖြစ်သည်။

ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘုရားရှင်၏ ဘဝဖြစ်စဉ်များနှင့် ဆက်စပ်ဖြစ်တည်နေသဖြင့် ကဆုန်လပြည့်နေ့ကို ဗုဒ္ဓနေ့ဟူ၍လည်း သတ်မှတ်ခေါ်ဆိုကြသည်။

ဗုဒ္ဓဘုရားရှင်သည် သုမေဓာရှင်ရသေ့ဘဝတွင် ကဆုန်လပြည့်နေ့၌ ဒီပင်္ကရာဘုရားထံမှ ဗျာဒိတ်တော်ခံယူခဲ့သည်။

ကဆုန်လပြည့်နေ့တွင် ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူခဲ့သည်။

ထို့အပြင် ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓနှင့်ဖွားဖက်တော်ဖြစ်သည့် မဟာဗောဓိပင် ပေါက်ရောက်တော်မူသည်။

အဆိုပါ ကဆုန်လပြည့်နေ့တွင်ပင် သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် ထိုးထွင်းသိမြင်တော်မူပြီး သဗ္ဗညုတ ရွှေဉာဏ်တော်ရှင် ဘုရားရှင်အဖြစ်သို့ ရောက်တော်မူခဲ့သည်။

ထို့အတူ ဗုဒ္ဓဘုရားရှင်သည် ကဆုန်လပြည့်နေ့တွင်ပင် ပရိနိဗ္ဗာန် စံဝင်တော်မူခဲ့သည်။

ဤကဲ့သို့ ဗုဒ္ဓဘုရားရှင်၏ ဘဝဖြစ်စဉ်နှင့် ကဆုန်လပြည့်နေ့ ဆက်စပ်နေမှုတို့ကို ဖော်ကျူးသောအားဖြင့် **ဗျာဒိတ်, ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း** ဟူ၍ လင်္ကာစပ်ဆိုခဲ့ကြခြင်းဖြစ်သည်။

မဟာဗောဓိပင်သည် ဗုဒ္ဓဘုရားရှင်၏ ဖွားဖက်တော်ဖြစ်သည့်အပြင် မဟာဗောဓိပင်အောက်၌ပင် သုံးလောကထွတ်ထား သဗ္ဗညုဘုရားရှင် အဖြစ်သို့ ရောက်တော်မူခဲ့သဖြင့် ဗောဓိပင်သည် ပရိဘောဂစေတီ ဖြစ်သည်။

ကဆုန်လသည် **တန်ခူးရေကုန်-ကဆုန်ရေခန်း** ဟူသော စကားနှင့်အညီ နေပူရှိန်ကြောင့် ပူပြင်းခြောက်သွေ့သည်။ သစ်ပင်ပန်းမန်များ ညှိုးခြောက်ကြသည်။ ထို့ကြောင့် ကဆုန်လတွင် ဗုဒ္ဓဘုရားရှင်၏ ပရိဘောဂစေတီဖြစ်တော်မူသော မဟာဗောဓိပင်ကို အေးမြသောရေစင်တို့ဖြင့် သွန်းလောင်း ကုသိုလ်ပြုကြသည်။

ယင်းကဲ့သို့ ကဆုန်လပြည့်နေ့တွင် ဗောဓိပင်အား ရေစင်သွန်းလောင်းကြသည့် ညောင်ရေသွန်းပွဲတော်ကို မြန်မာတစ်နိုင်ငံလုံး၌ နှစ်စဉ်ကျင်းပလျက်ရှိကြသည်။ ဗောဓိပင်ကို ရေစင်ရေအေးတို့ဖြင့် ညောင်ရေသွန်းလောင်းကြရာတွင် ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် သတ္တဝါဝေနေယျအားလုံး ဘေးဘယာဝေးကွာလျက် ရေနှယ်အေး၍ ပန်းပမာ လန်းဖြာစေကြောင်း ရည်သန်စိတ်ဖြင့် သွန်းလောင်းကြခြင်းဖြစ်သည်။

ထို့အပြင် ညောင်ရေသွန်းလောင်းရာတွင် ဗုဒ္ဓဘုရားရှင်၏ ဂုဏ်ကျေးဇူးတော် အနန္တတို့ကို အာရုံပြုလျက် မိမိတို့စိတ်သန္တာန်၌ စွဲငြိတတ်သော လောဘ၊ ဒေါသ၊ မောဟ စသည့် အကုသိုလ် အညစ်အကြေးများမှ သန့်ရှင်းစင်ကြယ်သွားစေရန်လည်း ရည်သန်၍ သွန်းလောင်းကြရမည်ဖြစ်သည်။

ကဆုန်လပြည့်နေ့အခါသမယတွင် အေးမြကြည်လင်သော ရေစင်ရေအေးတို့ဖြင့် ညောင်ရေသွန်းလောင်း ပူဇော်ကြသဖြင့် ဗောဓိပင် လန်းဆန်းသက်ရှည် ခက်လက်ဝေဖြာသကဲ့သို့ ညောင်ရေသွန်းလောင်းသူတို့၌လည်း ကိုယ်စိတ်နှစ်ဖြာ ချမ်းမြေ့ သာယာခြင်း၊ အသက်ရှည်ခြင်း၊ အနာမဲ့ခြင်း စသောအကျိုးထူးများ ရရှိစေနိုင်ပေသည်။

ဗုဒ္ဓဘုရားရှင်သည် လောကသုံးပါးတွင် အတုမဲ့၊ အနှိုင်းမဲ့ဗုဒ္ဓအဖြစ် အထွတ်အထိပ်သို့ရောက်ရှိပြီးချိန်မှ ပရိနိဗ္ဗာန် စံဝင်သည်အထိ လေးဆယ့်ငါးဝါကာလပတ်လုံး သတ္တဝါတို့အား ကောင်းကျိုးချမ်းသာ ဖြစ်စေမည့် တရားဒေသနာတော်များကို ဟောကြားတော်မူခဲ့သည်။

သို့ဖြစ်ရာ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် ကဆုန်လပြည့်(ဗုဒ္ဓနေ့) အခါသမယတွင် ဗုဒ္ဓ၏ ပရိဘောဂစေတီဖြစ်သည့် မဟာဗောဓိပင်ကို ရေစင်သွန်းလောင်းခြင်းအမှု ကောင်းမှုကုသိုလ်ပြုရင်း ဥပုသ်သီလဆောက်တည်ခြင်း၊ ဗုဒ္ဓဘုရားရှင်ဟောကြားတော်မူခဲ့သော အဆုံးအမ တရားဒေသနာများ ကြားနာအားထုတ်ခြင်းဖြင့် ကိုယ်စိတ်နှလုံး သုံးပါးစလုံး ကုသိုလ်သုစရိုက်တရားများ ပွားများအားထုတ်နိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆက်ကပ်လှူဒါန်း

မေ ၂ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကလေးဝတောရကျောင်းတိုက် နာဂလိုဏ်ဂူ အောင်ချမ်းသာစေတီတော် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ မင်္ဂလာ အခမ်းအနားတွင် စေတီတော်ကြီးအား ရည်စူး၍ ဆရာတော်ကြီးအား စိန်ဖူးတော်ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်း-ရွှေ့ဖုံး) (သတင်းစဉ်)

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ရေးစီမံကိန်း ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမောင်လိုက်ပါလျက် ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ရေး စီမံကိန်းလုပ်ငန်းသို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်မှ စီမံကိန်းမန်နေဂျာ ဦးနေလင်းက စီမံကိန်းလုပ်ငန်း ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက စီမံကိန်းလုပ်ငန်းများ ဆောလျင်စွာပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးသည် ဘိုးပိုင်တိုင်များပြီးစီးမှုအခြေအနေ၊ လေယာဉ်ရပ်နားနေရာ မြေဖို့လုပ်ငန်းဆောင်ရွက်နေမှု၊ လျှပ်စစ်ဓာတ်အားပေးရုံ တည်ဆောက်ပြီးစီးမှု၊ ရေဆိုးစက်ရုံ တည်ဆောက်ပြီးစီးမှုနှင့် မြေအောက်ရေမြောင်းများ ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် လေဆိပ်စိမ်းလန်းစိုပြည်ရေးအတွက် လိုအပ်သောရေရရှိရန် ရေပေးဝေမည့် ရေကန်တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ရေးစီမံကိန်း လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃-၅-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

- **၇း၀၀** ၁။ မြဝတီအဖွင့်
- **၇း၀၅** ၂။ အဖွင့်သီချင်း
- **၇း၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇း၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇း၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇း၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇း၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈း၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈း၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈း၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈း၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄း၀၀** ၁။ မြဝတီအဖွင့်
- **၄း၀၅** ၂။ အဖွင့်သီချင်း
- **၄း၁၀** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄း၁၅** ၄။ လက်စွမ်းပြဟန်ဂီတသံ
- **၄း၂၀** ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄း၃၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
- **၄း၄၀** ၇။ မျိုးချစ်တပ်မတော်
- **၄း၅၀** ၈။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၅း၀၀** ၉။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်** -Application of Demand Supply (စီးပွားရေး၊စီးပွားစီမံ၊ပြည်သူ့ရေးရာ)
- **၅း၃၀** ၁၀။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
- **၅း၄၅** ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆း၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆း၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆း၂၀** ၁၄။ မိုးလေဝသသတင်း
- **၆း၂၅** ၁၅။ မြန်မာ့ရှုခင်း
- **၆း၃၅** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၆း၄၅** ၁၇။ မေးမြန်းစူးစမ်း
- **၇း၀၀** ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဝင်းပပလှသူလေးရယ် (အပိုင်း-၅)**
- **၈း၀၀** ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ပြည်သူ့တရားရှင်၊ မိခင်သစ္စာ (အပိုင်း-၃)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

ကိုးပါးသီလခံယူ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကလေးဝတောရကျောင်းတိုက် နာဂလိုဏ်ဂူ အောင်ချမ်းသာစေတီတော် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲ မင်္ဂလာအခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အောင်မြေဘုံစံဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသထံမှ ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ



☆ **ရွှေဖုံးမှ**

မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အောင်မြေဘုံစံ ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ကလေးဝတောရကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသ နှင့် ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် မြို့နယ်များမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ သီလရှင်များ၊ ဝတ်အသင်းများနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

မင်္ဂလာအခမ်းအနားတွင် ရန်ကုန်တိုင်း သာသနာရေးဦးစီးမှူး ဦးစံသင်းလှိုင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ကိုးပါးသီလဆောက်တည်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အမှူးပြုသော ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အောင်မြေဘုံစံ ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်ကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နာဂလိုဏ်ဂူ အောင်ချမ်းသာစေတီတော်၌ တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံဆရာတော်နှင့် ကလေးဝတောရကျောင်းတိုက် ဆရာတော်တို့ထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက တင်လှူပူဇော်မည့် ဆပ်သွားဖူးတော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှပေးဝေ

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ကလေးဝတောရကျောင်းတိုက် ဆရာတော်က အနုမောဒနာတရားတော်နှင့် ရေစက်ချတရားဟောကြား ချီးမြှင့်တော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် အမှူးပြုသော ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

လှည့်လည်ပူဇော်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကလေးဝတောရကျောင်းတိုက် နာဂလိုဏ်ဂူ အောင်ချမ်းသာစေတီတော် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲမင်္ဂလာ အခမ်းအနားတွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် ဘုံအဆင့်ဆင့်တို့ကို စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်အပူဇော်ခံစဉ်။ (သတင်းစဉ်)

ယင်းနောက် နာဂလိုဏ်ဂူအောင်ချမ်းသာစေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲမင်္ဂလာအစီအစဉ်ကို ကျင်းပရာ ရှေးဦးစွာ ဒေဝါဝင်း၊ ရာဇာဝင်းခင်း၍ ကလေးဝတောရကျောင်းတိုက်ဆရာတော် ဦးဆောင်လျက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများနှင့် အလှူရှင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဆပ်သွားဖူးတော်နှင့် ရွှေထီးတော် ဘုံဆင့်များကိုသုကုမာရမဂ္ဂဒီပနီ သုံးထပ်ကျောင်းဆောင်ကြီးမှ ပင့်ဆောင်ကြပြီး စေတီတော်အား လက်ယာရစ်လှည့်လည်အပူဇော်ခံသည်။

ပင့်ဆောင်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် အလှူရှင်များက အောင်ချမ်းသာစေတီတော်၌ တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဆပ်သွားဖူးတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို တိုက်ကြားကုသိုလ်ဖြစ်ထီးတော်တင်အဖွဲ့၏ ရထားပျံမဏ္ဍပ်သို့ ပင့်ဆောင်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရွှေထီးတော် ဘုံအဆင့်များ၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ပြီး တိုက်ကြားကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့၏ မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ကြသည်။

ထိုအချိန်တွင် အနုပညာဦးစီးဌာနမှ မင်္ဂလာစောင်းအဖွဲ့နှင့် မင်္ဂလာစည်တော်အဖွဲ့တို့က ဓမ္မတေးများဖြင့် သီကျူးတီးခတ်ပူဇော်ကြသည်။

ရောင်တော်ဖွင့်ပူဇော်

မင်္ဂလာအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အောင်ချမ်းသာစေတီတော်အား ရွှေထီးတော် ဘုံဆင့်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်ပြီး ရွှေထီးတော်ဘုံဆင့်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့အား အမွှေးနံ့သာရည်များဖြင့် ရောင်တော်ဖွင့်ပူဇော်သည်။

ရွတ်ဆိုဆုတောင်း

ထို့နောက် ရန်ကုန်တိုင်း သာသနာရေးဦးစီးမှူး ဦးစံသင်းလှိုင်က ဆုတောင်းပါဠိဂါထာကို ရွတ်ဆိုဆုတောင်းပြီး သီရိသုဓမ္မဇောတိကဓဇောတရေ တိုက်ကြားဦးသန်းလှက ရွှေထီးတော်တင်လှူပူဇော်ခြင်း ကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှပေးဝေသည်။

ယင်းနောက် မင်္ဂလာအခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရတနာရွှေမိုး ငွေမိုးရွာသွန်းဖြိုးပေးသည်။

အနေကဇာတင်

ဆက်လက်၍ ဆရာတော် သံဃာတော်အရှင်သူမြတ်တို့က စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ယင်းနောက် မင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ယမန်နေ့နံနက် ၇နာရီတွင် ကလေးဝတောရကျောင်းတိုက် နာဂလိုဏ်ဂူ အောင်ချမ်းသာစေတီတော် ရွှေထီးတော် မူလဘုံဆင့်များတင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို အဆိုပါ ကလေးဝတောရကျောင်းတိုက်၌ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ကလေးဝတောရ ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ ဒွိပိဋက ကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သီလရှင်များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ပင့်ဆောင်

အစီအစဉ်အရ စေတီတော်တွင် တင်လှူပူဇော်မည့် ရွှေထီးတော် မူလဘုံဆင့်သုံးဆင့်တို့ကို တိုက်ကြားကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့၏မင်္ဂလာရထားပျံမဏ္ဍပ်သို့ ပင့်ဆောင်ကြပြီး မင်္ဂလာရထားပျံဖြင့် ရွှေထီးတော်မူလဘုံဆင့် သုံးဆင့်တို့ကို စေတီတော်အထွတ်သို့ ပင့်ဆောင်ကြသည်။

တင်လှူပူဇော်

ထိုအချိန်တွင် အနုပညာဦးစီးဌာနမှ မင်္ဂလာစောင်းအဖွဲ့နှင့် မင်္ဂလာစည်တော်အဖွဲ့တို့က ဓမ္မပူဇာတေးများဖြင့် သီကျူးတီးခတ်ပူဇော်ကြသည်။

မင်္ဂလာအချိန်တွင် ကလေးဝတောရကျောင်းတိုက်ဆရာတော် ဦးဆောင်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် ပင်မရွှေထီးတော် ဒါယကာ ဦးမောင်မောင်ခဆွေတို့က ရွှေထီးတော် မူလဘုံဆင့် သုံးဆင့်တို့ကို အောင်ချမ်းသာစေတီတော်၏ အထွတ်တွင် တင်လှူပူဇော်ကြသည်။

ယင်းနောက် အောင်ချမ်းသာစေတီတော်၏ ရွှေထီးတော်မူလဘုံဆင့်သုံးဆင့် တင်လှူပူဇော်ပွဲ အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ဒုတိယဝန်ကြီးနှင့် ပင်မရွှေထီးတော် ဒါယကာတို့က ရတနာရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးကြသည်။

(သတင်းစဉ်)

အကျဉ်းထောင်များတွင် အီရတ်အကျဉ်းသားများကို ကန်တပ်ဖွဲ့ဝင်များ နှိပ်စက်

လန်ဒန် မေ ၁

အမေရိကန်တပ်ဖွဲ့ဝင်များက အကျဉ်းထောင်အတွင်းတွင် အီရတ်အကျဉ်းသားများကို နှိပ်စက်ကလူပြုနေသည့် ဓာတ်ပုံများထွက်ပေါ်လာသည့်အတွက် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းက ထိုလုပ်ရပ်ကို ရှုတ်ချခဲ့ကြသည်။ အမေရိကန်များက စိတ်ဓာတ်ရေးရာအရ အာရပ်များကို ၎င်းတို့ဘက်ပါလာအောင် စည်းရုံးသိမ်းသွင်းနေကြချိန်တွင် ယခုကဲ့သို့ကိစ္စမျိုး ပေါ်ပေါက်လာသောကြောင့် အမေရိကန်တို့၏ စိတ်ဓာတ်စည်းရုံးရေးကြိုးပမ်းမှုမှာ ပျက်ပြားသွားရပြီဟုဆိုသည်။

အမေရိကန်တို့၏ စိတ်ဓာတ်စစ်ဆင်ရေးကို ကုလားအုတ်သတ္တဝါနှင့်နှိုင်းပြီး ထိုစိတ်ဓာတ်စစ်ဆင်ရေး ကုလားအုတ်သည် အီရတ် အကျဉ်းသားများကို နှိပ်စက်မှုတည်းဟူသော နောက်ဆုံး ကောက်ရိုး ဝန်ထုပ်ဝန်ပိုးကို တင်မိသည့်အဖြစ်ကြောင့် ခါးကျိုးသွားရပြီဖြစ်ကြောင်း သတင်းစာ အယ်ဒီတာ အဗ္ဗဒလ်ဘာရီအတ်ဝန်က ဆိုသည်။ ၎င်းသည် အယ်ကွတ် အလ်အာရေဗီးယား အာရပ် သတင်းစာမှ အယ်ဒီတာဖြစ်သည်။ ၎င်းက ဆက်လက်၍ ကယ်တင်သူအဖြစ်ခံယူထားသော အမေရိကန်သည် ယခင်အာဏာရှင်ဆိုသူထက်ပင် ဆိုးရွားနေပေပြီဟု ဆက်လက်ပြောကြားသွားသည်။

ထိုလုပ်ရပ်ကြောင့် အမေရိကန်တို့ကို အီရတ်များကသာ အော့နှလုံးနာကြမည်မဟုတ်၊ တတိယကမ္ဘာနိုင်ငံများနှင့် အာရပ်ကမ္ဘာမှ ပြည်သူများကပါ စိတ်ကုန်သွားကြလိမ့်မည်ဟု ဆိုသည်။

ပြီးခဲ့သော ဗုဒ္ဓဟူးနေ့က စီဘီအက်စ် သတင်းဌာနသည် အဘူဂရိုက် အကျဉ်းထောင်တွင် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများဟု ထင်ရသောသူများကို နှိပ်စက်နေသည့် ရုပ်ပုံများကို ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသသွားသည်။ ထိုအကျဉ်းထောင်သည် ယခင်သမ္မတဟောင်းလက်ထက်က နာမည်ဆိုးနှင့် ကျော်ကြားသော အကျဉ်းစခန်းတစ်ခုဖြစ်သည်။

သတင်းဌာနမှ ထုတ်လွှင့်သွားသော ပုံများတွင် မိမွေးတိုင်း ဖမွေးတိုင်း ဖြစ်နေသော အီရတ်အကျဉ်းသားများကို မဖွယ်မရာပြုသည့် အမူအရာများ လုပ်ပြစေရန် ခိုင်းစေသည့် ရုပ်ပုံများ ပါဝင်သည်။ အကျဉ်းသားများက ခိုင်းသည့်အတိုင်း လုပ်ပြနေရချိန်တွင် အမေရိကန်တပ်ဖွဲ့ဝင်များက ရယ်မောပျော်ပါးကာ အောင်ပွဲခံ ဟားတိုက်နေကြသောပုံများကိုလည်း ပြသသွားကြောင်းသိရသည်။

အီရတ်အကျဉ်းသားများကို နှိပ်စက်ကလူပြုနေသောပုံများကို ပြသသွားသောဖြစ်ရပ်ကြောင့် မိမိအနေဖြင့် အကြီးအကျယ် စိတ်ပျက်ရကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ပြောကြားခဲ့သည်ဟု အတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ ဖရက်အက်ဟတ်က ဆိုသည်။

ဗြိတိန်နိုင်ငံသည်အီရတ်စစ်ပွဲတွင် အမေရိကန်၏ အမာခံ အပေါင်းပါတစ်ဦးဖြစ်သည်။ ယခုကိစ္စသည် မည်မျှများယွင်းသော လုပ်ရပ်ဖြစ်သည်ကို လူတိုင်းက သိကြပြီးဖြစ်သည်။ ထို့ပြင် အပေါင်းပါ အဖွဲ့ဝင်များအနေဖြင့် ထိုအပြုအမူကို ခွင့်လွှတ်ကြလိမ့်မည်မဟုတ်ဟု ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲက ပြောကြားခဲ့ကြောင်း အဆိုပါ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

အမေရိကန်စစ်သည်များ၏ ယခုလုပ်ရပ်သည် ရက်စက်ယုတ်မာသော လုပ်ရပ်ဖြစ်သည်။ အီရတ်အမျိုးသားများကို လိင်အရ အရှက်တကွဲ အကျိုးနည်းဖြစ်ရသည်ထက် သေရသည်ကမှ ကောင်းလိမ့်မည်ဟု အင်ဗာဂန်က ဆိုသည်။

အာရပ်ပြည်သူ သန်းပေါင်းများစွာ ရှုစားလိုက်ရသော အီရတ် အကျဉ်းသားများအပေါ် အမေရိကန်တို့ မဖွယ်မရာပြုလုပ်နေသော ပြကွက်များသည် လူမဆန်သော အရိုင်းအစိုင်းများ၏ လုပ်ရပ်ပင်ဖြစ်သည်ဟု ဆိုသည်။

ဆက်ဒမ်သည် ပြည်သူများအပေါ် ပြစ်မှုများ ကျူးလွန်သည်မှာ မှန်ပါသည်။ ယခု အမေရိကန်များ၏ လုပ်ရပ်မှာ ကမ္ဘာအလယ်တွင် ယင်းတို့မည်မျှဆိုးသွမ်းသော ပြစ်မှုမျိုးကျူးလွန်နေကြသည်ကို ထုတ်ဖော်ပြသလိုက်ခြင်းပင်ဖြစ်သည်ဟု ရီမင်နီတက္ကသိုလ်မှ ကျောင်းသား ဖေဇ်အယ်ကေနာအီက ပြောကြားခဲ့သည်။

အမေရိကန်များသည် ကမ္ဘာပေါ်တွင် ၎င်းတို့ကိုယ်၎င်းတို့ ကယ်တင်ရှင်များ၊ အကျင့်သိက္ခာအရ စံနမူနာပြများအဖြစ် အမွှမ်းတင်ခဲ့ကြသည်။ ယခု အီရတ် အကျဉ်းသားများအပေါ် ပြုမူသောလုပ်ရပ်သည် ၎င်းတို့၏ စရိုက်အမှန်ကို ထုတ်ဖော်ပြသလိုက်ခြင်းပင်ဖြစ်သည်ဟု အသက် ၂၈ နှစ်အရွယ်ရှိ အီဂျစ်လူမျိုး မာမွတ်ဝါလစ်က ဝေဖန်သည်။

စစ်အကျဉ်းသားများကို နှိပ်စက်ညှဉ်းပန်းခြင်း၊ လူသားချင်း မညှာမတာ လူမဆန်စွာပြုမူခြင်း စသည်များသည် မည်သည့်အခြေအနေတွင်မဆို မပြုလုပ်ရန် တားမြစ်ပိတ်ပင်ထားသောကိစ္စဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့က ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ကြေးမုံ
The Mirror
နိုင်ငံတကာ သတင်းများ

ကားများ စစ်ဆေး

မေ ၁ ရက်က အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့အဝင်တွင် ကားများကို စစ်ဆေးနေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မေ ၁ ရက်က နာဂျက်ဖ်မြို့နှင့် ကူဖာမြို့တို့ကို ဆက်သွယ်ထားသည့် လမ်းမကြီးပေါ်တွင် အီရတ်တစ်ဦးကို စစ်ဆေးနေသည့် အမေရိကန်တပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဧပြီ ၃၀ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့ရှိ စခန်းတစ်ခုမှ ရုပ်သိမ်းထွက်ခွာလာသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တိုက်ပွဲကြီးများပြီးဆုံးပြီဟူသော ၂၀၀၃ ခုနှစ်မေ ၁ ရက် သမ္မတဘုရှ်မိန့်ခွန်း ၂၀၀၄ ခုနှစ် ဧပြီလအတွင်း သေဆုံးမှုများကြောင့် ပြက်ရယ်ပြုစရာဖြစ်နေ

ဟာရီဘတ် မေ ၁

အီရတ်တွင် တိုက်ပွဲကြီးများ ပြီးဆုံးသွားပြီဖြစ်ကြောင်း သမ္မတဘုရှ်က ယမန်နှစ် မေ ၁ ရက်တွင် ထုတ်ပြန်ကြေညာပြီးနောက် တစ်နှစ်အကြာတွင် အမေရိကန်နိုင်ငံအနေဖြင့် အီရတ်နိုင်ငံတည်ငြိမ်အောင်ပင် ဆောင်ရွက်မပေးနိုင်ကြောင်းဖြင့် စိန်ခေါ်သူ ဒီမိုကရက်တစ်သမ္မတလောင်း ဂျွန်ကယ်ရီက ထုတ်ဖော်ပြော ဆိုသည်။

သောကြာနေ့တွင် မစ်ဆူရီပြည်နယ် ဝက်စမင်စတာ ကောလိပ်တွင် ပြောကြားသည့် မိန့်ခွန်းတွင် ဂျွန်ကယ်ရီက အထက်ပါအတိုင်း ထောက်ပြလိုက်သည်။

လိုအပ်

ဂျွန်ကယ်ရီက ၎င်း၏ မိန့်ခွန်းတွင် ဆက်လက်ပြောကြားရာ၌ တည်ငြိမ်သော အီရတ်နိုင်ငံ တည်ဆောက်ရေးအတွက် မိမိတို့သည် မာန်မာနကို ဘေးဖယ်ထားရန် လိုအပ်ကြောင်း၊ အမေရိကန်နိုင်ငံကို ယခင်ကထက် လုံခြုံစွာ ဘေးအန္တရာယ်ကင်းစွာထားရှိနိုင်ခြင်းဖြင့် ကမ္ဘာပေါ်တွင် မိမိနိုင်ငံ၏ ရုပ်တည်ချက်ကို ပြန်လည်ဖော်ထုတ်ရမည်ဖြစ်ကြောင်း၊ သို့မှသာ ကမ္ဘာတစ်ဝန်းတွင် မိမိတို့သည် သာမန်ကြောက်ရွံ့မှုမက လေးစားစရာဖြစ်နိုင်ကြောင်းဖြင့် ထည့်သွင်းဖော်ပြထားသည်။

ပြက်ရယ်ပြုစရာ

၂၀၀၃ ခုနှစ် မေလ ၁ ရက်တွင် အီရတ်၌ တိုက်ပွဲကြီးများ ပြီးဆုံးပါပြီဆိုသော သမ္မတဘုရှ်၏ ပြောကြားချက်မှာ ဝေဖန်ဆန်းစစ်သူများအဖို့ ပြက်ရယ်ပြုစရာ ဖြစ်ခဲ့ရသည်။

အထူးသဖြင့် ဧပြီလအတွင်း အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင်များ မကြုံစဖူး သေကျေပျက်စီးမှု များပြားသောအခါ လှောင်ပြောင် ရယ်မောစရာ ဖြစ်ရသည်ဆို၏။ ***အင်တာနက်။***

အီရတ်နိုင်ငံ ဖော်လူဂျာမြို့ရှိ စခန်းများမှ အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များ စတင်ရုပ်သိမ်း

ဘဂ္ဂဒက် မေ ၁

ဝိုင်းဝန်းပိတ်ဆို့ခံထားရသည့် ဖော်လူဂျာမြို့၏ အချို့သောနေရာများတွင် အီရတ်တပ်ဖွဲ့ဝင်များအား ဖြန့်ကြက်ချထားနေစဉ် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များသည် သောကြာနေ့မှစတင်၍ ဖော်လူဂျာမြို့နေရာအသီးသီးရှိ ၎င်းတို့စခန်းများမှ ပြန်လည်စတင်ရုပ်သိမ်းနေပြီဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံတောင်ပိုင်းရှိ စက်မှုဇုန်အပါအဝင် ဖော်လူဂျာမြို့ရှိ တောင်ဖျားပိုင်း၊ အနောက်ဖျားပိုင်းနှင့် အရှေ့တောင်ဖျားပိုင်းနေရာများမှ ပြန်လည်ဆုတ်ခွာနေပြီဖြစ်သည်။ ကြာရှည်မခံသည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ယခုလစောစောပိုင်းက ကြေညာခဲ့သည်။ သို့ရာတွင် မရိန်းတပ်ဖွဲ့ဝင်များနှင့် ဖော်လူဂျာမြို့ လူထုက အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အား ဖျက်ဆီးကြကြောင်းဖြင့် အပြန်အလှန်စွပ်စွဲနေကြသည်။ အမေရိကန်စစ်ဘက်က ဖော်လူဂျာမြို့မှ ခေါင်းဆောင်များနှင့် ဆွေးနွေးညှိနှိုင်းမှုအရ ယင်းမြို့တွင် အီရတ်တပ်ဖွဲ့ဝင်များအား ဖြန့်ကြက်ထားမည်ဖြစ်ပြီး ဖော်လူဂျာကာကွယ်ရေးတပ်မတော်အမည်ရှိ လုံခြုံရေးတပ်ဖွဲ့ကိုလည်း အသစ်တည်ထောင်ပေးခဲ့သည်။

အမေရိကန်တပ်များကမူ ဖော်လူဂျာမြို့အား ဝိုင်းထားသည့်တပ်ဖွဲ့ဝင်များအား အစီအစဉ်တကျ ရုပ်သိမ်းရန် ကြေညာပြီးခဲ့သည့်နောက် နာရီပိုင်းအကြာ အမေရိကန်တပ်ဖွဲ့ဝင်များက ယင်းမြို့အား အမြောက်ကြီးများဖြင့် ကြာသပတေးနေ့နောက်ပိုင်းတွင်ဆက်လက်တိုက်ခိုက်ခဲ့ကြသည်။ မရိန်းတပ်ဖွဲ့ဝင်များက ဖော်လူဂျာမြို့အား ဝိုင်းဝန်းထားမှုကို အဆုံးသတ်မည်ဖြစ်ပြီး အသစ်ဖွဲ့စည်းထားသည့် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များအား မြို့တွင်းတွင်ထားရှိခဲ့ကာ သောကြာနေ့မှစတင်ပြီး ရုပ်သိမ်းမည်ဖြစ်ကြောင်း အမေရိကန်တပ်မှူး ဒုတိယဗိုလ်မှူးကြီး ဘရင်နန်းဘိုင်းက ကြာသပတေးနေ့စောစောပိုင်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံတွင် အမေရိကန်၏ ဆောင်ရွက်ချက်များ ပြန်လည်ပြုပြင်သင့်ကြောင်း ကာယ်ရီ ပြောဆို

ကြေးမုံ The Mirror
နိုင်ငံတကာ သတင်းများ

ဟာရစ္စဘတ်(ပင်ဆယ်ဗေးနီးယား) မေ ၁

အီရတ်နိုင်ငံတွင် အမေရိကန်၏ လှုပ်ရှားဆောင်ရွက်မှုများသည် ယခုအခါ အဆုံးအဖြတ်ပေးရမည့်အချိန်နှင့် ရင်ဆိုင်ကြုံတွေ့နေရပြီဖြစ်ကြောင်း ဒီမိုကရက်တစ်ပါတီမှ သမ္မတအဖြစ် ယှဉ်ပြိုင်မည့် ဂျွန်ကယ်ရီက ပြောကြားလိုက်သည်။ အီရတ်နိုင်ငံတွင် အဓိကတိုက်ခိုက်မှုများ အဆုံးသတ်သွားခဲ့ပြီဟု ယမန်နှစ် မေ ၁ ရက်က ကြေညာခဲ့ရာ ယခုနှစ် နှစ်ပတ်လည်အချိန်မရောက်မီ အကြိုနေ့တွင် ကယ်ရီက ပြောကြားခြင်းဖြစ်သည်။

သတင်းများနှင့် ဓာတ်ပုံများကို မိမိတို့ တွေ့မြင်ပြီးခဲ့ပြီ ဖြစ်ကြောင်း၊ အန္တရာယ်ခရီးကြမ်းနှင့် ရောပြွမ်းသည့် နေ့များကို ရင်ဆိုင်ဖြတ်သန်းခဲ့ရသည်ကို မိမိတို့ သိရှိနားလည်ကြောင်း စသည်ဖြင့် ဖူလတန်ရှိ ဝက်မင်စတာ ကောလိပ်၌ ပြောကြားမည့် မိန့်ခွန်းတွင် ကယ်ရီ၏ ပြောကြားချက်များ ပါရှိသည်။

သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်က အီရတ်နိုင်ငံတွင် အဓိကတိုက်ခိုက်မှုများ ပြီးဆုံးခဲ့ကြောင်း၊ အမေရိကန်၏ ဆောင်ရွက်မှု ပြီးမြောက်အောင်မြင်ကြောင်း ပြောကြားခဲ့ကြောင်း၊ ယခုနေရာရှိ မည်သူမဆို သို့တည်းမဟုတ် မိုင်ပေါင်း ၆၀၀၀ ကွာရှိ လူများက သမ္မတဘုရှ်၏ စကားများ မှန်ကန်ကြောင်း လက်ခံသူရှိသည်ဟု မိမိ မထင်မြင်မိကြောင်း ဂျွန်ကယ်ရီက ဆက်လက်ပြောကြားသည်။

သမ္မတဘုရှ်က အမေရိကန်၏ ဆောင်ရွက်မှု ပြီးစီးအောင်မြင်ကြောင်း ပြောကြားခဲ့သော်လည်း အီရတ်နိုင်ငံတွင် ပရမ်းပတာဖြစ်မှုနှင့် အမေရိကန်တပ်ဖွဲ့ဝင်တို့၏ သေဆုံးသူဦးရေသည် တိုးပွားနေသည်။

ယင်းပြဿနာအား အမေရိကန်မဲဆန္ဒရှင်များက စီးပွားရေးပြဿနာကဲ့သို့ အရေးကြီးသည်ဟု မှတ်ယူလာကြကြောင်းဖြင့် သမ္မတရွေးကောက်ပွဲ မကျင်းပမီ ခြောက်လအလို ကောက်ယူသည့် လူထုစစ်တမ်း သဘောထားအရ သိရသည်။

အီရတ်နိုင်ငံ၏ လက်ရှိအခြေအနေသည် အဆုံးအဖြတ်ပေးမည့် အချိန်ကာလသို့ ရောက်နေပြီဖြစ်ကြောင်း၊ ယင်းအဆုံးအဖြတ်ပေးမည့် အချိန်သည် အမေရိကန်အုပ်ချုပ်ရေးအဖွဲ့၊ အီရတ်နိုင်ငံနှင့် အီရတ်ပြည်သူလူထု အတွက်သာ မဟုတ်ဘဲ ကမ္ဘာတစ်ခုလုံး အတွက်ဖြစ်ကြောင်း၊ ယင်းအချိန်သည် ယင်းအခွင့်အရေး ရရှိမည့် နောက်ဆုံး အခွင့်အလမ်းပင်ဖြစ်ကြောင်း ကယ်ရီက ပြောကြားသည်။

— တိုက်တွန်း —

ဘုရှ်အစိုးရအနေဖြင့် အီရတ်ရှိ အမေရိကန်မစ်ရှင်အဖွဲ့အား ရှုပ်ထွေးပွေလီ ဖြစ်စေခဲ့သည့် အမှားများ ကျူးလွန်ခဲ့ကြောင်း၊ အကျိုးရလဒ်အနေဖြင့် အန္တရာယ်ဖြင့် တွေ့ကြုံခဲ့ရကြောင်း ကယ်ရီက ဘုရှ်အား စွပ်စွဲပြောကြားသည်။ ဘုရှ်အနေဖြင့် မာန်မာန တက်ကြွမှုများအား ဘေးဖယ်ထားပြီး နိုင်ငံတကာမိသားစုအား ပြန်လည်သင့်မြတ်စေပြီး အီရတ်နိုင်ငံ၏ တည်ငြိမ်ရေးနှင့် ပြန်လည် တည်ဆောက်ရေးအတွက် ကူညီပံ့ပိုးရန် ကယ်ရီက တိုက်တွန်းပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

မေ ၁ ရက်က အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် ကင်းလှည့်စောင့်ကြပ်နေသည့် ဗြိတိသျှတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အီရတ်နိုင်ငံ တည်ဆောက်ရေး ရန်ပုံငွေသုံးစွဲမှု သမ္မတဘုရှ်အစိုးရ အပြင်းအထန် ဝေဖန်ခံရ

ဝါရှင်တန် မေ ၁

အီရတ်နိုင်ငံ တည်ဆောက်ရေးတွင် ရန်ပုံငွေ ဒေါ်လာ ၁၈ ဒသမ ၄ ဘီလျံမှ အနည်းငယ်ကိုသာ သတ်မှတ်လျာထားပြီး အချို့ရန်ပုံငွေကို လုံခြုံရေးနှင့် အုပ်ချုပ်ရေး ကုန်ကျစရိတ်တွင် ထည့်သွင်းထားကြောင်း ထောက်ပြကာ အမေရိကန်အမတ်များက သမ္မတဘုရှ်၏ အစိုးရကို အပြင်းအထန် ဝေဖန်သည်။

လျာထားသတ်မှတ်

မတ်လ ၂၄ ရက်အထိ ဒေါ်လာ ၂ ဒသမ ၂၄ ဘီလျံသာလျှင် လျာထား သတ်မှတ်ထားကြောင်း အမေရိကန်သမ္မတအိမ်ဖြူက အမေရိကန် ကွန်ဂရက်အတွက် ဧပြီလဆန်းက ပြင်ဆင်ထားသော အစီရင်ခံစာအရ သိရသည်။

သူတို့သည် အီရတ်အတွက် ဒေါ်လာ ၁၈ ဒသမ ၄ ဘီလျံသုံးစွဲရန် လျာထား သတ်မှတ်ထားပြီး ငွေအနည်းငယ်မျှသာလျှင် အီရတ်ပြန်လည် တည်ဆောက်ရေးအတွက် သုံးစွဲရသေးကြောင်းဖြင့် အမေရိကန်အောက်လွှတ်တော် ဘတ်ဂျက်ခွဲဝေသုံးစွဲရေးကော်မတီမှ ဒီမိုကရက်အမတ်များ၏ ပြောရေးဆိုခွင့်ရှိသူ ဒေးဗ်ဟဲဖတ်က သောကြာနေ့တွင် ပြောကြားလိုက်သည်။

မိမိတို့သည် ဤပြည်သူ့လုပ်ငန်း စီမံကိန်းများဖြင့် အီရတ်ပြည်သူတို့၏ လူနေမှုအဆင့် မြင့်မားအောင် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ လုံခြုံရေး အခြေအနေကြောင့် မိမိတို့သည် ယခုတိုင် ဆောင်ရွက်မပေးနိုင်သေးကြောင်း ၎င်းက ပြောဆိုသည်။

အင်တာနက်။

ဗြိတိသျှတပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများကို နှိပ်စက်မှု စတင်စစ်ဆေးနေ

လန်ဒန် မေ ၁

ဗြိတိသျှတပ်ဖွဲ့ဝင်များသည် အီရတ်အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းခဲ့သည်ဟူသည့် စွပ်စွဲမှုများနှင့် ပတ်သက်၍ စတင်စစ်ဆေးနေကြောင်း ဗြိတိန်နိုင်ငံက သောကြာနေ့တွင် ပြောကြားသည်။ အမေရိကန်တပ်ဖွဲ့ဝင်များသည်လည်း ယင်းကိစ္စနှင့် ပတ်သက်သည့် အလားတူစွပ်စွဲမှုမျိုး ပေါ်ပေါက်ခဲ့ပြီး နောက်တစ်နေ့တွင် ယင်းသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

ဗြိတိန်နိုင်ငံမှ ဒေလီမိုင်ရာ နေ့စဉ်သတင်းစာ၏ စနေနေ့ထုတ် သတင်းတွင် ဗြိတိသျှတပ်ဖွဲ့ဝင်များက အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းနေသည့် ဓာတ်ပုံများအား ဖော်ပြခဲ့ပြီးနောက် ဗြိတိသျှ တပ်မတော်အကြီးအကဲ ဗိုလ်ချုပ်ကြီး ဆာမိုက်ဂျက်ဆင်က အလျင်အမြန် စုံစမ်းစစ်ဆေးရန် အမိန့်ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

ဒေလီမိုင်ရာ သတင်းစာက ဖော်ပြထားသည့် ဓာတ်ပုံသည် ဗြိတိသျှ တပ်ဖွဲ့ဝင် တစ်ဦးက ခေါင်းစွပ်စွပ်ထားပြီး ငုံ့ထိုင်နေသည့် အီရတ်အကျဉ်းသားတစ်ဦးအပေါ် အပေါ့သွားနေသည့်ပုံကို ဖော်ပြထားခြင်းဖြစ်သည်။

အီရတ်နိုင်ငံတွင် ဗြိတိသျှတပ်ဖွဲ့ဝင်များက အကျဉ်းသားများအား နှိပ်စက်ကလူပြုခဲ့သည်ဟူသော စွပ်စွဲချက်များကို မိမိသိရှိကြောင်း ဂျက်ဆင်၏ ပြောကြားချက်ကို ကြေညာချက်တွင် ဖော်ပြထားသည်။

ယင်းစွပ်စွဲချက်များအား စတင်စစ်ဆေးနေလျက်ရှိကြောင်း၊ သက်သေအထောက်အထားများ ရရှိပြီးခဲ့ပါက ယင်းကဲ့သို့သော စိတ်ပျက်ဖွယ်ကောင်းလှသည့် အပြုအမူသည် ဥပဒေနှင့်လည်း မညီညွတ်ကြောင်း အထင်အရှားပြသလိုက်ခြင်းဖြစ်ပြီး ဗြိတိသျှတပ်မတော်၏ အဆင့်မြင့်စံချိန်များကို ပြတ်ပြတ်သားသား ချိုးဖောက်မှုပင်ဖြစ်ကြောင်း ယင်းကြေညာချက်တွင် ဖော်ပြထားသည်။

သက်သေ အထောက်အထားများ ခိုင်လုံပါက ယင်းပြစ်မှုကျူးလွန်သူများသည် စစ်ဝတ်စုံကို ဝတ်ရန် မသင့်လျော်ကြောင်း၊ ၎င်းတို့အနေဖြင့် တပ်မတော်၏ အမည်ကောင်းနှင့် ဂုဏ်သိက္ခာကို အသရေဖျက်ခြင်းပင် ဖြစ်ကြောင်း စသည်ဖြင့် ကြေညာချက်တွင် ဖော်ပြထားသည်။

အမေရိကန်စစ်ဘက်က ၂၀၀၃ ခုနှစ် နိုဝင်ဘာလမှ ဒီဇင်ဘာလအတွင်း နှိပ်စက်ညှဉ်းပန်းမှုနှင့် ဆက်နွယ်သော တပ်ဖွဲ့ဝင် ခြောက်ဦးတို့အား တရားစွဲဆိုခဲ့သည်။ ၎င်းတပ်ဖွဲ့ဝင်များက ထိန်းသိမ်းထားခဲ့သည့် အကျဉ်းသားအချို့အား နှိပ်စက်ညှဉ်းပန်းမှုအပြင် အခြားသော မဖွယ်မရာပြုမှု၊ ရိုက်နှက်မှု၊ တာဝန်ပျက်ကွက်မှုနှင့် ကိုယ်ထိလက်ရောက် ကျူးလွန်မှုတို့လည်း ပါဝင်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

မေ ၁ ရက်က နာဂျက်ဖ်မြို့နှင့် ကူဖာမြို့အကြား လမ်းမပေါ်တွင် ကားတစ်စီးအား စစ်ဆေးနေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အချုပ်အခြာအာဏာကို ထိပါးစေမည့် ပြင်ပမှချမှတ်သော စံနှုန်းများကို အိန္ဒိယနိုင်ငံက လက်ခံမည်မဟုတ်ဟု ကုလသမဂ္ဂသို့ အကြောင်းကြား

ကုလသမဂ္ဂ မေ ၁

အိန္ဒိယအမျိုးသားအကျိုးစီးပွားနှင့် မကိုက်ညီသော၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ထိပါးသော၊ သို့မဟုတ် အိန္ဒိယအစိုးရ၏ တရားစီရင်ပိုင်ခွင့်ဘောင်အတွင်း၌ ရှိနေသော ကိစ္စများနှင့် ပတ်သက်လာလျှင် နိုင်ငံ၏ ပြင်ပမှ ချမှတ်ပေးသော စံနှုန်းများကို အိန္ဒိယနိုင်ငံအနေဖြင့် လက်ခံမည် မဟုတ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံ အိန္ဒိယက အတိအလင်း အသိပေးထားပြီးဖြစ်သည်ဟု ဆိုသည်။

ကုလသမဂ္ဂသည် ဗုဒ္ဓဟူးနေ့က လူအစုအပြုံလိုက် သေစေသော လက်နက်များ အစိုးရမဟုတ်သော အဖွဲ့အစည်းများ လက်အတွင်း၊ သို့မဟုတ် အကြမ်းဖက်သူများ လက်အတွင်း ရောက်ရှိမသွားစေရန် ကာကွယ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ရန် စည်းဝေးတိုင်ပင်ခဲ့ကြသည်။ ထိုအစည်းအဝေးမတိုင်မီကလေးတွင် ကုလသမဂ္ဂဆိုင်ရာ အိန္ဒိယသံအမတ်ကြီး ဗီဂျေးနမ်ဘီရာက လုံခြုံရေးကောင်စီ အစည်းအဝေးသို့ စာတစ်စောင်ပေးပို့ခဲ့သည်။ ထိုစာတွင် ကမ္ဘာ့အဖွဲ့အစည်းက လူအစုအပြုံလိုက် သေစေသော လက်နက်များ မပြန့်ပွားစေရန် တားဆီးရေးနှင့် ထိုလက်နက်များ ပစ်လွှတ်သော ကိရိယာများ မပြန့်ပွားစေရေး ကြိုးပမ်းချက်များကို အိန္ဒိယအနေဖြင့် မယိမ်းမယိုင် ထောက်ခံအားပေးသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဤနေရာတွင် အဖွဲ့ဝင် ၁၅ နိုင်ငံပါဝင်သော လုံခြုံရေးကောင်စီအဖွဲ့သည် ဆုံးဖြတ်ချက်တစ်ရပ်ကို နိုင်ငံများအားလုံး လိုက်နာလာစေရန် လုပ်ဆောင်ရာ၌ ဥပဒေသဖွယ်လည်းကောင်း၊ စာချုပ်သဖွယ်လည်းကောင်း လိုက်နာလာစေရန် လုပ်ဆောင်နိုင်သည့် စည်းနှောင်အားမျိုး မရှိဘဲဖြစ်နေသည်။ အိန္ဒိယနိုင်ငံကလည်း ထိုအချက်ကို သဘောပေါက်ထားပြီးဖြစ်သည်။

အမ်အင်အေ၊ပီတီအိုင်။

အီရတ် မြင်ကွင်း

မေ ၂၅ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် တိုက်ပွဲဖြစ်ပွားပြီးနောက် ပျက်စီးနေသော နေအိမ်တစ်လုံးကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မေ ၂၂ ရက်က အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် ဗုံးစထိမှန်ခံခဲ့ရသော နေအိမ်တစ်လုံးကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မေ ၂၆ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် နေအိမ်အတွင်းသို့ အတင်းအဓမ္မဝင်ရောက်ကာ ရှာဖွေစစ်ဆေးသော အမေရိကန်တပ်ဖွဲ့ဝင်များအား စိုးရိမ်ထိတ်လန့်နေသည့် သားအမိနှစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မေ ၃၀ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် ပျက်စီးနေသော နေအိမ်တစ်လုံးကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မေ ၂၇ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့စစ်ဆေးရေးဂိတ်တွင် နေအိမ်သို့ ပြန်ရန် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရသည့် ကလေးငယ်တစ်ဦး ငိုကြွေးနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



မေ ၂၉ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် နေအိမ်သို့ပြန်ခွင့်ရရန် အမေရိကန်စစ်ဆေးရေးဂိတ်၌ စောင့်ဆိုင်းနေသော အီရတ်ကလေးငယ်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တိုးတက်သစ်လွင်
မြန်ပြည်တစ်ခွင်

ကွဲကူး-ကျောက်ဖျာတံတား

တနင်္သာရီတိုင်းအတွင်း ထားဝယ်-မြိတ်-ကော့သောင်း လမ်းပေါ်၌ ကျောက်ဖျာမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသော ကွဲကူး-ကျောက်ဖျာတံတားကို တွေ့ရစဉ်။

(ဓာတ်ပုံ-သတင်းစဉ်)

အစိုးရနည်းပညာကောလိပ်(ပင်လုံ)

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့တွင် တည်ဆောက်ဖွင့်လှစ်ခဲ့သော အစိုးရနည်းပညာကောလိပ် (ပင်လုံ)ကို ဤသို့ လှပခံ့ညားစွာတွေ့မြင်နိုင်သည်။

(ဓာတ်ပုံ-သတင်းစဉ်)

ပြည်ထောင်စု တိုင်းရင်းသား ကျေးရွာ

ရန်ကုန်တိုင်း သာကေတမြို့နယ် သန်လျင် တံတားအနီး တည်ဆောက်ထားသော ပြည်ထောင်စု တိုင်းရင်းသား ကျေးရွာ အဝင်မုခ်ဦးကို လှပစွာတွေ့ရစဉ်။

ဓာတ်ပုံ-အောင်မိုး(ကြေးမုံ)



မုန်းချောင်း ရေလှောင်တမံ ရေထွက်ပေါက်

မကွေးတိုင်း စေတုတ္တရာမြို့နယ်တွင် တည်ဆောက်လျက်ရှိသော မုန်းချောင်း ရေလှောင်တမံ၏ ရေထွက်ပေါက်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် ၂၀၁၄ခုနှစ်တွင် နိုင်ငံတော်အတွင်း မူးယ
'ဝ' ဒေသနှင့် ကိုးကန့်နယ်မြေအတွင်း ၂၀၀၅ခုနှစ်တွင် မူးယစ်ဆေးဝါး လုံးဝပပျော

❒ **ပန်းတိုင်သစ်မှ**

မိမိတစ်နိုင်ငံချင်းသော် လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ပေါင်းစပ်၍သော်လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍သော်လည်းကောင်း တစ်စိုက်မတ်မတ် ဆောင်ရွက်လာခဲ့သည်မှာ ယခုမှသာမဟုတ်ဘဲ ယခင်အစိုးရအဆက်ဆက် လက်ထက်ကပင်ဖြစ်ကြောင်း။

သို့သော် မိမိတို့ နိုင်ငံတော်အစိုးရလက်ထက်တွင် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သော မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို ပိုမိုပြီး အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ခဲ့သည်ကို တွေ့နိုင်ကြောင်း။

(၁၅)နှစ်စီမံကိန်း

ထို့အပြင် မိမိတို့ နိုင်ငံတော်အစိုးရ လက်ထက်တွင် ဒေသခံ တိုင်းရင်းသားများ၏ ပူးပေါင်းပါဝင်မှုရယူပြီး မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အတွင်း အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ရာ မူးယစ်ဆေးဝါးပပျောက်ရေး ပင်မ(၁၅)နှစ် စီမံကိန်းကို ၁၉၉၉-၂၀၀၀ ဘဏ္ဍာနှစ်မှစတင်ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ယင်းမူးယစ်ဆေးဝါးပပျောက်ရေးပင်မ(၁၅)နှစ်စီမံကိန်းကို ငါးနှစ်စီမံကိန်းသုံးကြိမ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခု ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်တွင် ပထမငါးနှစ် စီမံကိန်းကာလပြီးဆုံးတော့မည်ဖြစ်သကဲ့သို့ လုပ်ငန်းများလည်း သိသာစွာအောင်မြင် တိုးတက်ဖြစ်ထွန်းလာခဲ့သည်ကို တွေ့ရကြောင်း။

ဤသို့ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ် စီမံကိန်း၏ ပထမငါးနှစ် စီမံကိန်းကာလအတွင်း လုပ်ငန်းများ သိသာစွာအောင်မြင်ဖြစ်ထွန်းနေသည့် အခြေအနေတွင် လုပ်ငန်းများပိုမိုသွက်လက်မြန်ဆန်စွာ အောင်မြင်ဖြစ်ထွန်းစေရအောင် အရှိန်အဟုန်မြှင့်တင်ပေးနိုင်စေရေးအတွက် ပန်းတိုင်သစ်စီမံကိန်း(New Destiny Project)ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

ချက်ချင်းလက်ငင်းပံ့ပိုး

ပန်းတိုင်သစ်စီမံကိန်းအရ မူးယစ်ဆေးဝါးပပျောက်ရေးနှင့်ပတ်သက်၍ ဘိန်းစိုက်ခင်းများ ဖျက်ဆီးခံရ၍ အတိဒုက္ခရောက်ရသော၊ စားဝတ်နေရေးအခက်အခဲတွေ့ရသော ဘိန်းစိုက်တောင်သူများအား ဘိန်းခင်းဖျက်ဆီးပြီးသည်နှင့်တစ်ပြိုင်တည်း ကူညီပံ့ပိုးမှုများကို ချက်ချင်းဖြည့်ဆည်းကူညီပေးမည်ဆိုသည့် သဘောထားဖြင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများကိုယ်တိုင် ကွင်းဆင်းလျက် စားနပ်ရိက္ခာများ၊ ဘိန်းအစားထိုးသီးနှံမျိုးစေ့များ၊ မွေးမြူရေးအတွက် တိရစ္ဆာန်မျိုးများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနည်းစနစ်များကို ချက်ချင်းလက်ငင်း ဖြည့်ဆည်းပံ့ပိုးပေးခဲ့ကြောင်း။

သို့ဖြစ်၍ ပန်းတိုင်သစ်စီမံကိန်းချမှတ်ဆောင်ရွက်ပြီးနောက်ပိုင်းတွင် မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းများပိုမိုသွက်လက်အောင်မြင်လာသည်ကို တွေ့ရကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံနှင့်အမေရိကန်ပြည်ထောင်စုတို့ပူးပေါင်းဆောင်ရွက်နေသည့် ဘိန်းအထွက်နှုန်းခန့်မှန်းတိုင်းတာရေးလုပ်ငန်းများ၏ နှစ်စဉ်အစီရင်ခံစာများတွင် မြန်မာနိုင်ငံ၏ဘိန်းစိုက်ပျိုးမှုမှာရော ဘိန်းထုတ်လုပ်မှုမှာပါ တစ်နှစ်ထက်တစ်နှစ် သိသာစွာလျော့နည်းကျဆင်းလာသည်ကို အခိုင်အမာတွေ့ရှိရကြောင်း။

ကွင်းဆင်းတိုင်းတာ

ယခု ၂၀၀၄ခုနှစ်တွင်လည်း မြန်မာနိုင်ငံနှင့်အမေရိကန်ပြည်ထောင်စုတို့၏ နှစ်စဉ်ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာရေးလုပ်ငန်းများ၏ ကွင်းဆင်းတိုင်းတာမှုလုပ်ငန်းများကို ၁၀နှစ်မြောက်အဖြစ် အောင်အောင်မြင်မြင်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း။

နှစ်နိုင်ငံကွင်းဆင်းလေ့လာတိုင်းတာရေး ပူးပေါင်းအဖွဲ့အနေဖြင့် ရှမ်းပြည်နယ်(တောင်းပိုင်း) မိုင်းပန်မြို့နယ်၊ ဆီဆိုင်မြို့နယ်၊ နမ့်စန်မြို့နယ်၊ လဲချားမြို့နယ်နှင့် မိုင်းရှူးမြို့နယ်များ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းပျဉ်းမြို့နယ်၊ ကျိုင်းတုံမြို့နယ်၊ မိုင်းခတ်မြို့နယ်များနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)'ဝ'ဒေသများဖြစ်သည့် ခွင်းမား၊မိုင်းမော၊နမ့်တစ်၊လုံထန်၊ပန်လုံနှင့် ဟိုပန်ဒေသများ၊ ကိုးကန့်ဒေသဖြစ်သည့် လောက်ကိုင်၊ ကွတ်ခိုင်မြို့နယ်ရောက်ဟော်၊ ကောင်းခါး စသည့်ဒေသများအတွင်း တရားမဝင်စိုက်ပျိုးထားသောဘိန်းခင်းနေရာများသို့သွားရောက်၍ ဘိန်းခင်းများတိုင်းတာလေ့လာခြင်း၊ဘိန်းနှင့်ပတ်သက်သည့်ဘိန်းသီး၊ ဘိန်းစိမ်းနမူနာပစ္စည်းများ စုဆောင်းရယူခြင်း၊ ဒေသခံဘိန်းစိုက်တောင်သူများအားတွေ့ဆုံမေးမြန်းခြင်း၊ ဖျက်ဆီးထားသောဘိန်းခင်းများအား ကြည့်ရှုလေ့လာခြင်းနှင့် ဘိန်းအစားထိုးစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအား ကြည့်ရှုလေ့လာခြင်းတို့ကိုဆောင်ရွက်ခဲ့ရာ တစ်နှစ်ထက်တစ်နှစ် ပိုမိုကျယ်ပြန့်စွာဆောင်ရွက်လာနိုင်သည်ကိုတွေ့ရကြောင်း။

ဆက်လက်ကျဆင်းနိုင်

မြန်မာ-အမေရိကန်နှစ်နိုင်ငံ ပူးပေါင်း၍ ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာချက်များအရ ၂၀၀၃ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှုဧရိယာ ဟက်တာ ၄၇၁၃၀ ရှိပြီး ထွက်ရှိမှုမှာ ၄၈၄တန်ရှိသဖြင့် ယခင်နှစ်ကထက် ၃၉ရာခိုင်နှုန်းကျဆင်းကြောင်းထုတ်ပြန်ပြီးဖြစ်ရာ ယခုနှစ်တိုင်းတာချက်များအရ ဘိန်းစိုက်ပျိုးမှုအခြေအနေမှာ ယခင်နှစ်ကထက် လျော့နည်းသွားသည့်အပြင် ဘိန်းထွက်ရှိမှုမှာလည်း ဆက်လက်လျော့နည်းကျဆင်းသွားနိုင်သည့်အနေအထားရှိသည်ဟု သိရကြောင်း။

ဤကဲ့သို့တစ်နှစ်ထက်တစ်နှစ်ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းကျဆင်းလာခဲ့ခြင်းမှာဘိန်းစိုက်ခင်းများ ဖျက်ဆီးမှုနှင့် ယှဉ်တွဲလျက် ဘိန်းခင်းဖျက်ခံရသော တောင်သူများအတွက် စားဝတ်နေရေး ကူညီဖြည့်ဆည်းပေးမှုများဆောင်ရွက်ခဲ့သည့် ပန်းတိုင်သစ်စီမံကိန်း၏ အောင်မြင်ဖြစ်ထွန်းမှုကြောင့်ဟု ဆိုရမှာဖြစ်ကြောင်း။

အထူးသဖြင့် ပန်းတိုင်သစ်စီမံကိန်းသည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် ထူးထူးခြားခြား အောင်မြင်ဖြစ်ထွန်းနေပြီး ဘိန်းစိုက်တောင်သူများ ကိုယ်တိုင်က ၎င်းတို့၏ ကိုယ်ပိုင်အသိစိတ်ဖြင့် ဘိန်းစိုက်ပျိုးမှုကိုစွန့်လွှတ်ပြီး ဘိန်းမျိုးစေ့များအပ်နှံလာခဲ့ကြသဖြင့် ဘိန်းမျိုးစေ့ မီးရှို့ဖျက်ဆီးခြင်းအခမ်းအနားများကို အစီအရီ ကျင်းပနိုင်ခဲ့သည်ကို တွေ့ရကြောင်း။

ပြည်သူများပါဝင်

တစ်ဖက်တွင်လည်း တရားမဝင်စိုက်ပျိုးထားသောဘိန်းခင်းများ ဖျက်ဆီးမှုများကို ဒေသခံပြည်သူများပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့သဖြင့်၂၀၀၂-၂၀၀၃ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်း၁၅၅၇၈ဧက ဖျက်ဆီးနိုင်ခဲ့ပြီး ၂၀၀၃-၂၀၀၄ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ၂၀၀၄ခုနှစ် ဧပြီ၂၁ရက်အထိ ဘိန်းခင်းစုစုပေါင်း ၇၅၁၉ဧက ဖျက်ဆီးနိုင်ခဲ့သည်ကို တွေ့ရကြောင်း။

ဘိန်းမစိုက်တော့သည့် တောင်သူများအားကူညီပံ့ပိုးပေးနိုင်မှုများကို ကြည့်လျှင်လည်း ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ဒေသမှ ဘိန်းမစိုက်တောင်သူများအတွက် ဆန်အိတ် ၅၀၀၀နှင့် ဆားအိတ်၁၀၀တို့အားလည်းကောင်း၊ ဖောင်းဆိုင်းဒေသမှ ဘိန်းမစိုက်တောင်သူများအတွက် ဆန်အိတ်၄၀၀နှင့် ဆားအိတ်၂၀တို့အားလည်း ကောင်း၊ မန်ပန်ဒေသရှိ ဘိန်းမစိုက်တောင်သူများအတွက် ဆန်အိတ် ၆၀၀နှင့် ဆားအိတ်၃၀တို့အားလည်းကောင်း ၂၀၀၃ခုနှစ် ဇွန်လအတွင်းတွင် အခမဲ့ထောက်ပံ့ဖြန့်ဖြူးပေးနိုင်ခဲ့သည်ဟုသိရကြောင်း။

ဖြန့်ဖြူးပေး

ဒုတိယအကြိမ်အနေဖြင့် “ဝ”ဒေသနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်း၊ ဖယ်ခုံနှင့် ဘိန်းခင်းအများဆုံးဖျက်ဆီးခံခဲ့ရသည့် မိုင်းပန်မြို့နယ်အတွင်းရှိ ကျေးရွာများအား ဆန်အိတ်၅၀၀၀နှင့် ဆားအိတ်၁၅၀ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိနေသည်ဟု သိရကြောင်း၊ ပန်းတိုင်သစ်စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်ပြီး နိုင်ငံတကာမှသိရှိပြီး ပူးပေါင်းဆောင်ရွက်လာသည်နှင့်အညီ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (WFP) အနေဖြင့်လည်း NGO အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ဘိန်းစိုက်ပျိုးမှုလုံးဝချုပ်ငြိမ်းပပျောက်ခဲ့ပြီးဖြစ်သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁) ကိုးကန့်နယ်မြေအတွင်း ဆန်တန်ချိန်၇၆၀ဖြန့်ဖြူးပေးရန်ရှိရာ အခမဲ့ဖြန့်ဝေပေးမှုအဖြစ် ကုန်းကြမ်း၊ မန်လော်၊ ရောက်ကိုင်၊ ရောက်ပင်ကိုင်နှင့် တာရွှေထန်ဒေသများမှ ကျေးရွာပေါင်း၁၂၄ရွာ၊ အိမ်ထောင်စု ၇၂၁၂စု၊ လူဦးရေ ၄၇၉၉၉ ယောက်တို့အတွက် ဆန်၁၁၉၃၇ဒသမ၆၁အိတ် (၅၉၆ဒသမ၈၉တန်) အားလည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဖြစ်သော လမ်းဖောက်ခြင်း၊ တံတားဆောက်ခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ယင်လုံအိမ်သာများ ဆောက်လုပ်ခြင်း၊ ပတ်ဝန်းကျင်ရှိ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများအတွက် ဆန် ၃၂၆၂ဒသမ၂အိတ် (၁၃၆ဒသမ၁၁တန်)အား လည်းကောင်း ဖြန့်ဝေပေးခဲ့ရာ စုစုပေါင်း ဆန် ၁၅၂၀၀အိတ် (၇၃၃တန်)ဖြန့်ဝေပေးပြီးဖြစ်သည်ဟုသိရကြောင်း။

အိမ်နီးချင်းနိုင်ငံများနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းနေသည်ကိုလည်း တွေ့ရကြောင်း။

နှစ်နိုင်ငံပူးပေါင်း

မြန်မာ-တရုတ် နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေးအစီအစဉ်အရ တားဆီးနှိမ်နင်းရေးဆိုင်ရာကိစ္စရပ်များကို သတင်းဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိရာ မူးယစ်ဆေးဝါး တရားမဝင်ထုတ်လုပ်ရောင်းဝယ်မှုများ တားဆီးနှိမ်နင်းခြင်း၊ တရုတ်နိုင်ငံမှအလိုရှိနေသည့် တရုတ်နိုင်ငံသား မူးယစ်တရားခံပြေးများအား ရှာဖွေဖော်ထုတ်ဖမ်းဆီးပြီး တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများကို အောင်အောင်မြင်မြင်ဆောင်ရွက်နေနိုင်သည်ကို တွေ့ရကြောင်း။

မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ မြန်မာ-ထိုင်း နှစ်နိုင်ငံမူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး နားလည်မှုစာချွန်လွှာအရ မြန်မာနိုင်ငံနယ်စပ်ဒေသတွင် မူးယစ်ဆေးဝါးထိန်းချုပ်ရေးအတွက် ထိုင်းနိုင်ငံမှ ဘတ်သန်း ၂၀အကူအညီပေးရန် သဘောတူညီခဲ့ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်ရှိ ယောင်ခကျေးရွာအား စီမံကိန်းဒေသအဖြစ်သတ်မှတ်၍ ယောင်ခစံပြကျေးရွာအဖြစ် ထူထောင်ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ ယောင်ခစံပြကျေးရွာဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းကို ၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ဘိန်းအစားထိုးသီးနှံစိုက်ခင်းများ ထူထောင်မှုများအပြင်ကျောင်းသား၅၀၀ဆံ့ စာသင်ကျောင်းနှင့် ခုတင် ၁၆လုံးဆံ့ တိုက်နယ်ဆေးရုံတစ်ရုံတို့ကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

ဘိန်းအစားထိုး

ထို့အပြင်မိုင်းကာစီမံကိန်းဒေသအတွင်းဘိန်းအစားထိုးသီးနှံအဖြစ် ပဲပိစပ်နှင့်ပဲတီစိမ်းများ စိုက်ပျိုးရေးနှင့်ပတ်သက်ပြီး ပဲတီစိမ်း ဟက်တာ ၈၀ စိုက်ပျိုးရန်အတွက် မျိုးစေ့ငါးတန်ဖြင့် မိုင်းကာဒေသအတွင်း စံပြစိုက်ကွက်၅၀အားတည်ထောင်စိုက်ပျိုးပြီး ဒေသခံလယ်သမား၁၀၀ မှ ၂၀၀ အထိကို စိုက်ပျိုးရေးသင်တန်းများပေးရေး အပါအဝင် ဘိန်းအစားထိုးသီးနှံ ပဲတီစိမ်းစိုက်ပျိုးရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိနေပြီဟု သိရကြောင်း။

ဤကဲ့သို့ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများ ထူးထူးခြားခြား အောင်မြင်ဖြစ်ထွန်းပြီး ဘိန်းစိုက်ပျိုးထုတ်လုပ်မှုများ အရှိန်အဟုန်ဖြင့် လျော့နည်းကျဆင်းလာသည့်အခြေအနေတွင် စိတ်ကြွရူးသွပ်ဆေးပြားများ ထုတ်လုပ်ရောင်းဝယ် ဖောက်ကားမှုများ ပြန်လည်ခေါင်းထောင်မလာစေရအောင် အလေးထားတားဆီးနှိမ်နင်းသွားရန် လိုအပ်မှာဖြစ်ကြောင်း။

ယခုအခါတွင် စိတ်ကြွရူးသွပ်ဆေးပြားဖမ်းဆီးရမိမှုများ အချို့သောဒေသများတွင် တွေ့ရှိလာရသည့်အတွက် တားဆီးနှိမ်နင်းမှုလုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်သွားရန်လိုကြောင်း။

အိမ်နီးချင်းနိုင်ငံများမှ

စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်သည့် အခြေခံ ဓာတုပစ္စည်းများ (Precursol Chemicals)မှာ အိမ်နီးချင်းနိုင်ငံများမှ ဝင်ရောက်လာသည်ဖြစ်ရာ စိတ်ကြွရူးသွပ်ဆေးပြား တားဆီးနှိမ်နင်းရေး လုပ်ငန်းများမှာ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှသာ ထိထိရောက်ရောက်အောင်မြင်နိုင်မှာဖြစ်ကြောင်း။

မူးယစ်ဆေးဝါးပပျောက်ရေးနှင့် စပ်လ
အတွင်း ၂၀၀၅ ခုနှစ်တွင် မူးယစ်ဆေးဝါး
ချုပ်ငြိမ်းစေရမည်ဟု 'ဝ'တိုင်းရင်းသား ခေ
က ကတိကဝတ်ပြုထားသကဲ့သို့၂၀၀၅ ခုနှ
နယ်မြေအတွင်း မူးယစ်ဆေးဝါး ပပျော
အတွက် ကိုးကန့်တိုင်းရင်းသားခေါင်
ကတိပြုထားပြီးဖြစ်ကြောင်း။

ထို့ကြောင့်ယင်းရည်မှန်းချက်များအတိုင်
ချုပ်ငြိမ်းပပျောက်စေရအောင် နိုင်ငံတော်အစ
များအပိုင်းက ပူးပေါင်းဆောင်ရွက်ဖွယ်ရာ
ပေးဖွယ်ရာများကို အရှိန်အဟုန်ဖြင့်
ဆောင်ရွက်ပေးကြရန်မှာကြားလိုကြောင်

အရှိန်အဟုန်မြှင့်

ခြုံငုံ၍ သုံးသပ်ရလျှင် မူးယစ်ဆေးဝါ
ပင်မ (၁၅)နှစ် စီမံကိန်း၏ ပထမငါးနှစ် စီ
များ၊ ပန်းတိုင်သစ်စီမံကိန်းလုပ်ငန်းများ အေ
နေပြီး၊ ဘိန်းစိုက်ပျိုးမှု၊ ထုတ်လုပ်မှုများ
ထူးထူးခြားခြား လျော့နည်းကျဆင်း
တွေ့ရသကဲ့သို့ စိတ်ကြွရူးသွပ်ဆေးပြာ
ခေါင်းထောင်မလာစေရအောင် အလေးပေး
မှုများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက
သည်ကို တွေ့ရကြောင်း။

အလားတူပင် မူးယစ်ဆေးဝါး ပ
စပ်လျဉ်း၍ နိုင်ငံတကာနှင့်ပူးပေါင်းဆေ
အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆေ
အောင်မြင်တိုးတက်ဖြစ်ထွန်းနေသည်ကို

စနစ်တကျဆောင်ရွက်

ဤသို့သောအချိန်အခါမျိုးတွင်မူးယစ်
ရေးဆိုင်ရာ နိုင်ငံတကာအစည်းအဝေးမျ
ဆိုင်ရာအစည်းအဝေးများ၊နှစ်နိုင်ငံ ပူးပေါင်
အစည်းအဝေးများတွင် ဆွေးနွေးညှိနှိုင်း ဆ
နှင့် ပတ်သက်၍ မိမိတို့မြန်မာနိုင်ငံဘက်မှ
ရာများကို ပြည့်ပြည့်ဝဝ အကောင်အထည်
နိုင်စေရအောင် စနစ်တကျ စီမံဆောင်
မှာကြားလိုကြောင်း၊ သို့ဖြစ်၍ မူးယစ်ဆေ
ရေးလုပ်ငန်းများ ဆက်လက်အောင်မြင်

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းမောဒေသမှ အောင်မြင်ဖြစ်ထွန်းနေသော ဘိန်းအစားထိုး လက်ဖက်စိုက်ခင်းများ။

မူးယစ်ဆေးဝါးပပေ
ပထမ ငါးနှစ်တာကာလ
မူးယစ်ဆေးဝ

စဉ်	အမျိုးအမည်
၁။	ဘိန်း
၂။	ဘိန်းဖြူ
၃။	ဆေးခြောက်
၄။	စိတ်ကြွရူးသွပ်ဆေး
၅။	အက်ဖီဒရင်း
၆။	ဒိုင်ယာဇီပင်
၇။	ချောင်းဆိုးပျောက်ဆေ
၈။	အက်ဆစ်တစ်အင်ပ
၉။	ဓာတုဆေးရည်
၁၀။	ဓာတုဆေးမှုန့်
၁၁။	ဘိန်းချက်စက်ရုံ
၁၂။	ဘိန်းခင်း

...က်အတွင်း မူးယစ်ဆေးဝါးလုံးဝချုပ်ငြိမ်းပပျောက်အောင် ရည်မှန်းဆောင်ရွက်လျက်ရှိ
...ါး လုံးဝပပျောက်ချုပ်ငြိမ်းရမည်ဟု တိုင်းရင်းသားခေါင်းဆောင်များက ကတိပြုထား

မူးယစ်ဆေးဝါးပပျောက်ရေးနှင့် စပ်လျဉ်း၍ 'ဝ'ဒေသအတွင်း ၂၀၀၅ ခုနှစ်တွင် မူးယစ်ဆေးဝါး လုံးဝပပျောက်ချုပ်ငြိမ်းစေရမည်ဟု 'ဝ'တိုင်းရင်းသား ခေါင်းဆောင်များက ကတိကဝတ်ပြုထားသကဲ့သို့၂၀၀၅ ခုနှစ်တွင် ကိုးကန့်နယ်မြေအတွင်း မူးယစ်ဆေးဝါး ပပျောက်ချုပ်ငြိမ်းရေးအတွက် ကိုးကန့်တိုင်းရင်းသားခေါင်းဆောင်များက ကတိပြုထားပြီးဖြစ်ကြောင်း။

ထို့ကြောင့်ယင်းရည်မှန်းချက်များအတိုင်းအမှန်တကယ်ချုပ်ငြိမ်းပပျောက်စေရအောင် နိုင်ငံတော်အစိုးရ ဌာနဆိုင်ရာများအပိုင်းက ပူးပေါင်းဆောင်ရွက်ဖွယ်ရာများ၊ ကူညီပံ့ပိုးပေးဖွယ်ရာများကို အရှိန်အဟုန်ဖြင့် ပူးပေါင်းပံ့ပိုးဆောင်ရွက်ပေးကြရန်မှာကြားလိုကြောင်း။

အရှိန်အဟုန်မြှင့်

ခြုံငုံ၍ သုံးသပ်ရလျှင် မူးယစ်ဆေးဝါး ပပျောက်ရေးပင်မ (၁၅)နှစ် စီမံကိန်း၏ ပထမငါးနှစ် စီမံကိန်းလုပ်ငန်းများ၊ ပန်းတိုင်သစ်စီမံကိန်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေပြီး၊ ဘိန်းစိုက်ပျိုးမှု၊ ထုတ်လုပ်မှုများ သိသိသာသာ ထူးထူးခြားခြား လျော့နည်းကျဆင်းလာနေသည်ကို တွေ့ရသကဲ့သို့ စိတ်ကြွရူးသွပ်ဆေးပြားများ ပြန်လည်ခေါင်းထောင်မလာစေရအောင် အလေးပေး တားဆီးနှိမ်နင်းမှုများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြရန် လိုအပ်သည်ကို တွေ့ရကြောင်း။

အလားတူပင် မူးယစ်ဆေးဝါး ပပျောက်ရေးနှင့် စပ်လျဉ်း၍ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ အောင်မြင်တိုးတက်ဖြစ်ထွန်းနေသည်ကို တွေ့ရကြောင်း။

စနစ်တကျဆောင်ရွက်

ဤသို့သောအချိန်အခါမျိုးတွင်မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာ နိုင်ငံတကာအစည်းအဝေးများ၊ အာဆီယံဆိုင်ရာအစည်းအဝေးများ၊နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးအစည်းအဝေးများတွင် ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ မိမိတို့မြန်မာနိုင်ငံဘက်မှ ဆောင်ရွက်ဖွယ်ရာများကို ပြည့်ပြည့်ဝဝ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရအောင် စနစ်တကျ စီမံဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ သို့ဖြစ်၍ မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းများ ဆက်လက်အောင်မြင် ဖြစ်ထွန်းရေး

မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အထူးအစည်းအဝေး (၁/၂၀၀၄) တွင် မူးယစ်ဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်များတင်ပြစဉ်။

(သတင်းစဉ်)

အတွက် တာဝန်အရှိဆုံးဖြစ်သည့် ပြည်ထဲရေး ဝန်ကြီးဌာနနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနတို့က ပင်မတာဝန်များအဖြစ်ဆောင်ရွက်ရန် လိုသကဲ့သို့ ဆက်စပ်ယှက်နွယ်သည့် ဝန်ကြီးဌာနများကလည်း တက်တက်ကြွကြွ ပူးပေါင်းပါဝင် ပံ့ပိုးဆောင်ရွက်ကြရန် တစ်ဆက်တည်းမှာကြားလိုကြောင်း။

အထူးသဖြင့် ဘိန်းအစားထိုး စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ဘိန်းမစိုက်တော့သည့် တောင်သူများအတွက် စားဝတ်နေရေး လိုအပ်ချက်များ ကူညီပံ့ပိုးရေးတို့အဖြစ် ဒေသခံပြည်သူများ၏ လူမှုဘဝ လုံခြုံရေး၊ လူနေမှုဘဝအဆင့်အတန်းတိုးတက်မြင့်မားရေးတို့အတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေခံများ တိုးတက်ဖြစ်ထွန်းစေရအောင် ဝိုင်းဝန်းကူညီဆောင်ရွက်သွားကြရန် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က ရှင်းလင်းတင်ပြရာတွင် မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို အားဖြည့်သည့်အနေဖြင့် ဘိန်းစိုက်ပျိုးမှုပပျောက်ရေးဆိုင်ရာ ပန်းတိုင်သစ်စီမံကိန်းကို (၂၀၀၂-၂၀၀၃) ဘဏ္ဍာရေးနှစ်ကစပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ပန်းတိုင်သစ်စီမံကိန်း ဆောင်ရွက်မှုကြောင့် ဘိန်းစိုက်တောင်သူများ အသိစိတ်ဓာတ်ဖြင့် အပ်နှံလာသည့် ဘိန်းမျိုးစေ့နှင့်ဘိန်းသီးခြောက်များ မီးရှို့ဖျက်ဆီးခြင်း စုစုပေါင်း (၁၁)ကြိမ်ရှိခဲ့ပြီး အလေးချိန် ကီလို၁၆၃၇၂၀ ရှိခဲ့ပါကြောင်း၊ ပန်းတိုင်သစ်စီမံကိန်းကို လာမည့်ဒုတိယငါးနှစ်တွင်လည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း။

မြေယာဖော်ထုတ်

ပန်းတိုင်သစ်စီမံကိန်း သီးနှံမျိုးစေ့ တင်း ၉၀၀၀၀၊ ဟင်းသီးဟင်းရွက်မျိုးစေ့ ၇၄၆၁၁ကီလို၊ နှစ်ရှည် ပျိုးပင် သိန်း၅၀လေးသောင်းကိုးထောင်ခုနစ်ရာကိုးဆယ့်ခြောက်ပင်၊ စပ်မျိုးပြောင်းနှင့် စပ်မျိုးစပါး ကိုးသိန်းနှစ်သောင်းတစ်ထောင်သုံးရာခြောက်ဆယ်ကီလို၊ အာလူး၊ ကြက်သွန်နှင့် စားဖိုဆောင်သီးနှံ ၃၁၁၃၁ပိဿာ ဖြန့်ဖြူးခြင်းလုပ်ငန်း၊ သီးနှံစမ်းသပ်ကွက် ၄၉၂ဧကနှင့် သီးနှံစံပြကွက် ၉၁၈၆ဧက စိုက်ပျိုးခြင်းလုပ်ငန်းများကို လျာထားသတ်မှတ်ချက် ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဖြန့်ဖြူးခြင်း၊ မြေယာဖော်ထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ မြေယာ ဧက ၂၅၅၈၄ဧက ဖော်ထုတ်ပေးခဲ့ပါကြောင်း။

ပင်မစီမံကိန်းလျာထားချက်မပါဝင်သော်လည်းမက္ကာဒေးမီးယားပင် စိုက်ပျိုးရေးလုပ်ငန်းကို အားဖြည့်ဆောင်ရွက်နိုင်ပါကြောင်း၊ စီမံကိန်းမစတင်မီကတည်းက ကောင်းခါးဒေသနှင့် တာမိုးညဲဒေသတွင် ၁၂ဧက စမ်းသပ်စိုက်ပျိုးခဲ့ပြီး ယခု ၂၀၀၃-၂၀၀၄ စိုက်ပျိုးရာသီအတွင်း ဆက်လက်တိုးချဲ့စိုက်ပျိုးခဲ့ရာမှာ ဧက ၆၀၀ကျော် စိုက်ပျိုးထားပြီး ပျိုးပင်ပေါက်အပင်ရေ နှစ်သိန်း၊ မျိုးစေ့ပျိုးထောင်မှု အပင်ခြောက်သောင်းရှိပါကြောင်း။

မွေးမြူရေးလုပ်ငန်းအနေဖြင့် မွေးဘက်တိရစ္ဆာန်ကြက်နှင့်ဝက် ၄၇၇၇ကောင်၊ မျိုးကြက်နှင့် ဝက် ၄၉၉၀ကောင်၊ ဆိတ် ၃၀၀ကောင်၊ ငါးသားပေါက်မျိုး ၄၁သိန်းရှစ်သောင်းရှစ်ထောင်ရှစ်ရာကောင်၊ မျိုးနွား ၁၈ကောင် ရှိပါကြောင်း၊ စီမံကိန်းဝင်နယ်မြေဒေသများအတွင်း တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ကုသပေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ဆေးကုသရေး

ဆေးကုသရေးလုပ်ငန်းအဖွဲ့၏ ဆောင်ရွက်ချက်အရမူ မူးယစ်ဆေးစွဲရောဂါ ကုသရေးဌာနနှင့် ဆေးရုံတိုးချဲ့ဖွင့်လှစ်မှု၄၆ဌာန၊ သုတေသနလုပ်ငန်းဆောင်ရွက်မှု ၂၈ခု၊ ဆေးစွဲရောဂါကုသရေးနှင့် ကာကွယ်ရေးဆိုင်ရာ သင်တန်း ၃၈ကြိမ်၊ မူးယစ်ဆေးစွဲလူနာကုသမှု အရေအတွက် ၇၂၇၇ဦး ရှိခဲ့သည့်အတွက် စီမံကိန်းလျာထားချက် ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ UNODC အထောက်ပံ့ဖြင့်ဆောင်ရွက်သည့် 'ဝ' ဒေသ အစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်အရ 'ဝ'တောင်ပိုင်းဒေသ မူးယစ်ဆေးစွဲသူများ ပပျောက်ရေးလုပ်ငန်း စီမံချက်ကိုလည်း ပထမငါးနှစ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဆေးစွဲလူနာများကို ဆေးကုသပေးလျက်ရှိပါကြောင်း။

ကျောင်းသားလူငယ်များ အသိပညာပေးရေးလုပ်ငန်းအဖွဲ့အနေဖြင့် ပထမငါးနှစ်အတွင်း ကျောင်းအဆင့်၊ မြို့နယ်အဆင့် ဟောပြောပွဲ ၁၀၃၆၅ကြိမ်၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးပြပွဲပြိုင်ပွဲ ၉၇၅၂ကြိမ်၊ ဆရာမိဘသင်တန်းပေးမှု ၉၃ကြိမ်၊ အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်မှုနှင့် အဆင့်မြှင့်တင်ပေးနိုင်မှု ၂၀၇ကျောင်းရှိခဲ့သည့်အတွက် လျာထားချက်ထက် ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ပညာပေးလှုံ့ဆော်

ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးလုပ်ငန်းအဖွဲ့အနေဖြင့် စီမံကိန်းဝင်နယ်မြေဒေသများတွင် ပြန်/ဆက်ရုံးများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ရုပ်/သံ ထပ်ဆင့်လွှင့်စက်ရုံပြခန်း၊ နံရံကပ်စာစောင်၊လက်ကမ်းစာစောင်နှင့် ဓာတ်ပုံပြပွဲများ၊ မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာ သတင်းခေါင်းကြီး၊ သတင်းဆောင်းပါး၊ သတင်းဓာတ်ပုံ၊ ဇာတ်လမ်း/ သီချင်းနှင့် တွေ့ဆုံမေးမြန်းခန်းများ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ ပညာပေးဟောပြောမှုနှင့် လှုံ့ဆော်မှု၊ မူးယစ်ဆေးဝါး အသိပညာပေးဆောင်းပါး၊ ကဗျာ၊ ကာတွန်းဖော်ပြမှု စသည့်တို့ကို ပထမငါးနှစ်ကာလ လျာထားချက်ထက်ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ပထမငါးနှစ်တာ ကာလအတွင်း ပြန်လည်ထူထောင်ရေး စခန်းများအလိုက်ပြန်လည်ထူထောင်မှုပေးနိုင်သူ ရွှေပြည်သာလူငယ်များ ပြုစုပျိုးထောင်ရေးဌာန ၅၄၉ဦး၊ရွှေပြည်အေးလူငယ်များ ပြုစုပျိုးထောင်ရေးဌာန၁၅၀၊ မန္တလေးပြန်လည်ထူထောင်ရေးစခန်း၁၁၈ဦး၊ တာချီလိတ် ပြန်လည်ထူထောင်ရေးစခန်း ၂၃ဦးရှိခဲ့ပြီး ရပ်ရွာအခြေပြု ပြန်လည်ထူထောင်မှုပေးနိုင်သူ ၈၃၁ဦး ရှိပါကြောင်း။

မူးယစ်ဗဟို

မူးယစ်ဗဟိုလုပ်ငန်းအဖွဲ့များအနေဖြင့် မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှုနှင့် သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ဟန်ချက်ညီညီ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သလို မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်သည့် နယ်စပ်ဒေသများရှိ တိုင်းရင်းသားများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဒေသဖွံ့ဖြိုးရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို (နယ်စပ်/စည်ပင်) ဝန်ကြီးဌာန၏ ရန်ပုံငွေဖြင့်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန ရန်ပုံငွေဖြင့်လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ လမ်းတံတား ဆောက်လုပ်ခြင်းနှင့် အဆောက်အအုံ ဆောက်လုပ်ခြင်းတွင် ကတ္တရာလမ်း မိုင်၂၅၀၊ ကျောက်ခင်းလမ်း ၁၀၀၈ မိုင်၊ မြေလမ်း ၉၂၂မိုင် ဖောက်လုပ်ခဲ့ပြီး ဝန်ထမ်းအိမ်ရာနှင့် စာသင်ကျောင်း

စာမျက်နှာ ၁၀ ကော်လံ ၁သို့ ➪

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ်အတွင်းရှိ ဘိန်းခင်းများကို တပ်မတော်နှင့်အတူ ရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ ဤသို့ ပူးပေါင်းဖျက်ဆီးကြစဉ်။

မူးယစ်ဆေးဝါးပပျောက်ရေးပင်မ(၁၅)နှစ်စီမံကိန်း၏ ပထမ ငါးနှစ်တာကာလအတွင်း တားဆီးနှိမ်နင်းရေးလုပ်ငန်းပိုင်းမှ မူးယစ်ဆေးဝါး ဖော်ထုတ်ဖမ်းဆီးရမိမှုဇယား

စဉ်	အမျိုးအမည်	ဖမ်းဆီးရမိမှု	အရေအတွက်/အလေးချိန်
၁။	ဘိန်း	၁၈၀၆ မှု	၇၃၃၃ ကီလို
၂။	ဘိန်းဖြူ	၅၆၉၄ မှု	၁၃၅၇ ကီလို
၃။	ဆေးခြောက်	၁၉၂၄ မှု	၁၆၅၁ ကီလို
၄။	စိတ်ကြွရူးသွပ်ဆေးပြား	၂၆၃၇ မှု	၁၀၀,၀၆၄၁၀၆ ပြား
၅။	အက်ဖီဒရင်း	၁၄၂ မှု	၁၃၉၉၇ ကီလို
၆။	ဒိုင်ယာဇီပင်	၁၂ မှု	၅၉၆၀၆၆ ပြား
၇။	ချောင်းဆိုးပျောက်ဆေးရည်	၈၁ မှု	၄၅၆ လီတာ
၈။	အက်ဆစ်တစ်အင်ဟိုက်ဒြိုက်	၁၀ မှု	၂၀၅၃၃ လီတာ
၉။	ဓာတုဆေးရည်	၇၂ မှု	၆၀၉၀၃ လီတာ
၁၀။	ဓာတုဆေးမှုန့်	၁၆ မှု	၆၂၆၄၁ ကီလို
၁၁။	ဘိန်းချက်စက်ရုံ	–	၃၃ ရုံ
၁၂။	ဘိန်းခင်း	–	၆၉၅၆၂ ဧက

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများ အမေရိကန်အပါအဝင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများက အသိအမှတ်ပြုလာရ

➪ စာမျက်နှာ ၉ မှ

၂၃၇ကျောင်း၊ ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ဝန်ထမ်းအိမ်ရာ ၃၆လုံး၊ တံတားဆောက်လုပ်ခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်း ၃၅စင်းရှိခဲ့ပြီး လျှာထားချက်ထက် ပြည့်မီကျော်လွန်ပါကြောင်း၊ အခြားစွမ်းအင်လုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်းများလည်း ဆောင်ရွက်ပေးခဲ့ပါကြောင်း။

တားဆီးနှိမ်နင်း

တားဆီးနှိမ်နင်းရေးလုပ်ငန်းပိုင်းအနေဖြင့် ဖမ်းဆီးရမိမှု ဘိန်း၁၈၀၆မှု၊ ဘိန်းဖြူ ၅၆၉၄မှု၊ ဆေးခြောက် ၁၉၂၄မှု၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၃၇ မှု၊ အက်ဖီဒရင်း ၁၄၂မှု၊ ဒိုင်ယာဇီပင်ဆေးပြား ၁၂မှု၊ ချောင်းဆိုးပျောက်ဆေးရည်၈၁မှု၊ အက်ဆစ်တစ်အင်ဟိုက်ဒြိုက်၁၀မှု၊ ဓာတုဆေးရည်၇၂မှု၊ ဓာတုဆေးမှုန့်၁၆မှုရှိခဲ့ပြီး ဖမ်းဆီးရမိမှုအရေအတွက်အနေဖြင့် ဘိန်း၇၃၃၃ကီလို၊ ဘိန်းဖြူ၁၃၅၇ကီလို၊ ဆေးခြောက် ၁၆၅၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြားသန်းတစ်ရာ့ခြောက်သောင်းလေးထောင်တစ်ရာ့ခြောက်ပြား၊ အက်ဖီဒရင်း၁၃၉၈၇ကီလို၊ ချောင်းဆိုးပျောက်ဆေးရည်၄၅၆လီတာ၊ ဒိုင်ယာဇီပင်ဆေးပြား ငါးသိန်းကိုးသောင်းခြောက်ထောင် ခြောက်ဆယ့်ခြောက်ပြား၊ အက်ဆစ်တစ်အင်ဟိုက်ဒြိုက်၂၀၅၃၃လီတာ၊ ဓာတုဆေးရည် ၆၀၉၀၃လီတာ၊ ဓာတုဆေးမှုန့် ၆၂၆၄၁ကီလိုဖြစ်ကြောင်း၊ ဘိန်းချက်စက်ရုံ ဖော်ထုတ်ဖျက်ဆီးမှု အနေဖြင့်လည်း ငါးနှစ်တာကာလအတွင်း စက်ရုံ ၃၃ရုံ ဖျက်ဆီးနိုင်ခဲ့ပြီး ဘိန်းခင်းဖျက်ဆီးမှုအနေဖြင့် ၆၉၅၆၂၈ဧက ရှိခဲ့ပါကြောင်း။

တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများထိန်းချုပ်ရေးဆိုင်ရာ ဥပဒေကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်(၆/၂၀၀၂) ဖြင့် ပြဋ္ဌာန်းခြင်း၊ နည်းဥပဒေကို ပြည်ထဲရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာ (၁/၂၀၀၃)ဖြင့် ထုတ်ပြန်ခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း။

ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေ(Mutual Legal Assistance Law)ကိုလည်း ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ ယခုလောလောဆယ်အားဖြင့် ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေများ ထုတ်ပြန်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ မကြာမီထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ သတင်းအချက်အလက်များ ဖလှယ်ရေး၊ စုံစမ်းစစ်ဆေးရေး၊ အရေးယူရေး၊ စစ်ဆေးစီရင်ရေးတို့နှင့် စပ်လျဉ်းပြီးကုလသမဂ္ဂ ကွန်ဗင်းရှင်းဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတကာမှသိရှိ

မူးယစ်ဗဟို ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ နယ်မြေတာဝန်ခံဝန်ကြီးများနှင့် မြန်မာနိုင်ငံရှိ သံတမန်များ၊ နိုင်ငံခြားသတင်းဌာနများအဖွဲ့သည် နှစ်စဉ်'ဝ'နှင့် ကိုးကန့်ဒေသ နယ်စပ်ဒေသများသို့ ကွင်းဆင်းလေ့လာခြင်း၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းများကြောင့် မိမိတို့လုပ်ငန်း အောင်မြင်မှုများကို နိုင်ငံတကာမှ သိရှိလာခဲ့ပါကြောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေးနှင့် ပတ်သက်ပြီး နိုင်ငံတကာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် စဉ်ဆက်မပြတ် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခဲ့ရာမှာ ပထမငါးနှစ် ကာလအတွင်း မူးယစ်ဆေးဝါးနှင့် သက်ဆိုင်သည့် အစည်းအဝေးစုစုပေါင်း ၃၇ကြိမ်၊ အလုပ်ရုံဆွေးနွေးပွဲ ၂၉ ကြိမ်၊ သင်တန်းဖွင့်လှစ်မှု သုံးကြိမ်တို့ကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ပါကြောင်း၊ ထို့အပြင် UNODC နှင့် ပူးပေါင်းဆောင်ရွက်သည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူးယစ်ဆေးဝါးအလွဲသုံးမှု လျှော့ချရေးစီမံကိန်း၊ 'ဝ'ဒေသ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးနှင့် ဖွံ့ဖြိုးရေး (WADP) စီမံကိန်း၊ ထိုင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်မြို့နယ်၊ ယောင်ခကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း၊တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏အကူအညီဖြင့် ဆောင်ရွက်သည့် ကိုးကန့်အထူးဒေသ(၁) ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးစီမံကိန်းများကို ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ နှစ်နိုင်ငံ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မှုအရ တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာတွင် ၂၀၀၁ခုနှစ်မှ ယနေ့ထိ တရုတ်နိုင်ငံမှ မူးယစ်ဆေးဝါးပြစ်မှုနှင့် အလိုရှိသည့် တရားခံ ၂၅ဦးကို မြန်မာနိုင်ငံဘက်မှ လွှဲပြောင်းပေးအပ်နိုင်ခဲ့ပါကြောင်း။

ထို့အပြင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းအနေဖြင့် မြန်မာ–အမေရိကန် ဘိန်းအထွက်နှုန်းတိုင်းတာရေးလုပ်ငန်း၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး(UNODC)နှင့်ပူးပေါင်းပြီး တရားမဝင်ဘိန်းစိုက်ပျိုးမှု မြေပြင်စာရင်း ကောက်ယူရေးလုပ်ငန်းများကို ပထမငါးနှစ် စီမံကိန်းကာလအတွင်း ဆက်လက်ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

ဆက်လက်လျော့နည်း

ယခု၂၀၀၄ခုနှစ် UNODCနှင့် ပူးပေါင်းပြီး တရားမဝင် ဘိန်းစိုက်ပျိုးမှု မြေပြင်စာရင်း ကောက်ယူရေးလုပ်ငန်း ဆောင်ရွက်သည့်နေရာတွင် ယခင်နှစ်များကဲ့သို့ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ (မြောက်ပိုင်း)နှင့် (အရှေ့ပိုင်း)နယ်မြေများ အတွင်း ကွင်းဆင်းဆောင်ရွက်မှုအပြင် ရှမ်းပြည်နယ်မှအပ ဘိန်းစိုက်ပျိုးဖွယ်ရာရှိသောနေရာဒေသများသို့ သွားရောက်ပြီး လျှပ်တစ်ပြက်အကဲဖြတ်တိုင်းတာရေးစနစ်(Rapid Assessment Survey)ဖြင့် လုပ်ငန်းဆောင်ရွက်ခြင်းကို ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းမြောက်ပိုင်းနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ(၄)တို့တွင် သီးခြားဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာ–အမေရိကန်နှင့် မြန်မာ–UNODC ပူးပေါင်းဆောင်ရွက်ချက်များအရ ယခု ၂၀၀၄ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးမှုနှင့်ထုတ်လုပ်မှုသည် အကြမ်းဖျင်း ခန့်မှန်းချက်များအရ ဆက်လက်လျော့နည်းကျဆင်းလျက်ရှိသည်ဟု သုံးသပ် တွေ့ရှိရပါကြောင်း။

ယခုကဲ့သို့ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကျဆင်းလာချိန်တွင် ကိုးကန့်နှင့်'ဝ'ဒေသ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသများမှာရှိသည့် တောင်သူများ စားနပ်ရိက္ခာဖူလုံမှုအတွက် လူမှုရေးစာနာထောက်ထားမှုရှုထောင့်မှ နိုင်ငံတကာ၏ စိတ်ဝင်စားမှု အာရုံစူးစိုက်မှုကိုလည်း ရရှိလာပါကြောင်း။

နယ်စပ်ဒေသများ၏ ပကတိအခြေအနေ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၏ ဘိန်းစိုက်ပျိုးမှုပပျောက်ရေး၊ ဒေသဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်ချက်များ၊ နိုင်ငံတော်က ဆောင်ရွက်ပေးနေသည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကမ္ဘာကသိအောင် အနောက်နိုင်ငံများတွင် စာဖတ်ပရိသတ်များသည့် မဂ္ဂဇင်းနှင့် နိုင်ငံတကာ သတင်းစာဆရာများ၊ သတင်းထောက်များ၊ TV ကင်မရာအဖွဲ့များကိုလည်း မူးယစ်ဗဟိုနှင့် UNODCတို့က အခါအားလျော်စွာ စီစဉ်ပေးလျက်ရှိပါကြောင်း။

ပန်းဂျုံစိုက်ပျိုးရေး

ဆက်လက်ပြီး ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ရုံးချုပ်၊ ဒေသဆိုင်ရာအုပ်ချုပ်မှုဒါရိုက်တာ Mr. Mikiharu Sato ခေါင်းဆောင်သည့်အဖွဲ့ တင်ပြသည့် ဘိန်းအစားထိုး ပန်းဂျုံစိုက်ပျိုးရေးစီမံကိန်းအပေါ် လေ့လာတွေ့ရှိချက်နှင့် ထောက်ခံအကြံပြုချက်စာပါ အချက်အလက်အချို့ကို တင်ပြလိုပါကြောင်း၊ (JICA) ရုံးချုပ်မှ အုပ်ချုပ်မှုဒါရိုက်တာ Mr. Mikiharu Sato ခေါင်းဆောင်သည့်အဖွဲ့သည် ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၆ရက်မှ ၁၄ရက်ထိ မြန်မာနိုင်ငံသို့ လာရောက်ပြီး ကိုးကန့် အထူးဒေသ(၁) ဘိန်းစိုက်ပျိုးမှုပပျောက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှု အစီအစဉ် အကောင်အထည်ဖော်ရေးနှင့် ပတ်သက်သည့် အချက်အလက်များပြုစုရန် ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့ကြပါကြောင်း။

မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်း၏ ပထမငါးနှစ်တာကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများ၊ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းကျဆင်းလာမှုများအပေါ် သုံးသပ်ကြည့်မည်ဆိုပါက နိုင်ငံတော်အစိုးရ၏ သန္နိဋ္ဌာန်စိတ်ဖြင့် အကောင်အထည်ဖော်ခြင်း၊ တက်ကြွစွာ ကွပ်ကဲကြပ်မတ် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ဒေသအာဏာပိုင်များ၊ ဒေသခံ တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားပြည်သူများကိုယ်တိုင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုကြောင့်လည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသ ၂၄ခု စီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် စီမံကိန်းများကြောင့် နယ်စပ်ဒေသတိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားလာခြင်းကြောင့်လည်းကောင်း မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ် စီမံကိန်း၏ ပထမငါးနှစ်စီမံကိန်းရည်မှန်းချက်များအတိုင်း အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း သုံးသပ်တွေ့ရှိရပါကြောင်း။

ဒုတိယငါးနှစ်

ဒုတိယငါးနှစ်စီမံကိန်း အောင်မြင်ရေးကိုလည်း မူလလုပ်ငန်းတာဝန်ကြီးများဖြစ်သော ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ ပြည်သူလူထုပူးပေါင်းပါဝင်ရေး၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေးစသည့် လုပ်ငန်းစဉ်များကို (၁၅)နှစ်စီမံကိန်းရည်မှန်းချက်များ အတိုင်း အောင်မြင်အောင် အစွမ်းကုန်ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြသွားသည်။

ယင်းနောက် မူးယစ်ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်က စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ၎င်းတို့ထုတ်လုပ်ရာတွင်သုံးစွဲသည့် ဓာတုဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် စပ်လျဉ်း၍ ကျင်းပပြုလုပ်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ ဆွေးနွေးပွဲများနှင့် ပတ်သက်၍ လည်းကောင်း၊ နယ်စပ်ဒေသများသို့ မြန်မာနိုင်ငံဆိုင်ရာ သံတမန်များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ သွားရောက်လေ့လာခဲ့ကြသည့်အခြေအနေနှင့် ပတ်သက်၍ လည်းကောင်း၊ မြန်မာနိုင်ငံ မူးယစ်ဗဟို၏ ဆောင်ရွက်ချက်များကို အပြည်ပြည်ဆိုင်ရာက အသိအမှတ်ပြုလာသည့် အခြေအနေများနှင့်ပတ်သက်၍လည်းကောင်း အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မူးယစ်ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်ကမူးယစ်ဗဟိုစီမံကိန်းများအားနယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ရန်ပုံငွေမှ တိုက်ရိုက်ထောက်ပံ့ပေးမှုအခြေအနေ၊ နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်သည့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၊ ကုလသမဂ္ဂကမ္ဘာ့ စားနပ်ရိက္ခာအဖွဲ့၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ကိန်းဂဏန်းများဖြင့် ရှင်းလင်းတင်ပြသည်။

ပုတ်ခတ်စွပ်စွဲမှုလျော့နည်းလာ

ထို့နောက် မူးယစ်ဗဟိုအဖွဲ့ဝင်များဖြစ်ကြသော အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးတင်ဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံတို့က မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်မှု အောင်မြင်လာသည့်အလျောက် မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ မြန်မာနိုင်ငံအပေါ် ပုတ်ခတ်စွပ်စွဲမှုများ လျော့နည်းလာခြင်းကိစ္စ၊ မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့သို့ သွားရောက်၍ ဘိန်းစိုက်ပျိုးမှုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်ရောင်းဝယ်မှု တားဆီးရေးအတွက် ဆောင်ရွက်ခဲ့သည့်ကိစ္စ၊ ပန်းတိုင်သစ်စီမံကိန်း အောင်မြင်ရေးအတွက် ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးခဲ့သည့်ကိစ္စတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက မူးယစ်ဗဟိုအဖွဲ့ အထူးအစည်းအဝေး (၂/၂၀၀၃) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

အစားထိုးစိုက်ပျိုးရေး

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်က မူးယစ်ဆေးဝါးပပျောက်ရေး အစားထိုးနှစ်ရှည်/နှစ်ချင်းသီးနှံ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး ဘုတ်အဖွဲ့(INCB) ၂၀၀၃ ခုနှစ် အစီရင်ခံစာအရ မြန်မာနိုင်ငံ၌ ဘိန်းစိုက်ပျိုးမှု သိသိသာသာကျဆင်းသွားမှု အစီရင်ခံစာဖော်ပြချက်ကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်မှုကိုလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်မျိုးမင်းက ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ လူငယ်များအား အသိပညာပေးရေးလုပ်ငန်းကိုလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက ပြည်သူများအား ပညာပေးလုပ်ငန်းများဆောင်ရွက်နေမှုကိုလည်းကောင်း၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာနေဝင်းက မြန်မာနိုင်ငံ၌ အာဆီယံနိုင်ငံများမှ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (IFNGO) အစည်းအဝေးကျင်းပရေးနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားရာတွင် မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ် ပင်မစီမံကိန်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေသလို ပန်းတိုင်သစ်စီမံကိန်းလုပ်ငန်းများ၏ ပံ့ပိုးထောက်ကူမှုကြောင့် လုပ်ငန်းများပိုမို အောင်မြင်မှုရရှိလာသည်ကို တွေ့မြင်နေရပြီဖြစ်ကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့် ၂၀၁၄ ခုနှစ်တွင် နိုင်ငံတော်အတွင်း မူးယစ်ဆေးဝါး လုံးဝချုပ်ငြိမ်းပပျောက်စေရအောင် ရည်မှန်းဆောင်ရွက်လျက်ရှိရာတွင် ယခု တိုးတက်ဖြစ်ထွန်းနေသည့် အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားမည်ဆိုပါက ရည်မှန်းချက်အောင်မြင်ပြည့်မြောက်မည်မှာ မလွဲဧကန်ပင်ဖြစ်ကြောင်း။

နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ အောင်မြင်ဖြစ်ထွန်းနေသလို မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံတမန်များကို နယ်စပ်ဒေသများသို့ ပို့ဆောင်လျက် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများ၊ ဒေသခံတိုင်းရင်းသားများ၏ ပူးပေါင်းဆောင်ရွက်မှုများကို မျက်မြင်တွေ့ရှိစေခြင်းအားဖြင့် အခြေအနေမှန်များကို သိရှိနားလည်သဘောပေါက်ကာ မိမိတို့၏ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများ၏ မှန်ကန်မှု၊ အောင်မြင်ဖြစ်ထွန်းမှုများအပေါ် နိုင်ငံတကာက ပိုမိုယုံကြည်လက်ခံလာခဲ့သည်ကို တွေ့ရကြောင်း။

သို့ဖြစ်၍လည်း အမေရိကန်ပြည်ထောင်စုအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများက မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြုလာရသည့် အခြေအနေဖြစ်လာခဲ့ကြောင်း။

ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်နေသည့် 'ဝ' ဒေသ မိုင်းပေါက်၊ ဟိုတောင်းဒေသ ဖွံ့ဖြိုးရေး ဘက်စုံစီမံကိန်းများ၊ မိုင်းကာဒေသရေရရှိရေး၊ စိုက်ပျိုးရေးစီမံကိန်းများ၊ ထိုင်းနိုင်ငံက ပူးပေါင်းဆောင်ရွက်နေသည့် ယောင်ခဒေသ၊ မိုင်းကာဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများ အောင်မြင်ဖြစ်ထွန်းနေသည့် အခြေအနေတွင် ပိုမိုတိုးတက်ဖြစ်ထွန်းစေရအောင် နိုင်ငံတော်အစိုးရဌာနများက လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ကြရန်လိုကြောင်း။

အထူးသဖြင့် ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ကုန်းကြမ်းနှင့် တာရွှေထန်ဒေသ ပန်းဂျုံစိုက်ပျိုးရေး စီမံကိန်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို အရှိန်အဟုန်ဖြင့် ဆက်လက်မြှင့်တင်ဆောင်ရွက်သွားရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးပေးကြရန် မှာကြားလိုကြောင်း။

တွန်းအားပေးဆောင်ရွက်

တာချီလိတ်၊ မြဝတီ၊ ကော့သောင်း မူးယစ်ကင်းမဲ့ဇုန်များ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရေးအတွက်လည်း လက်ရှိအောင်မြင်တိုးတက်မှုများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ပေးသွားရန် တွန်းအားပေးဆောင်ရွက်ကြရန်လိုကြောင်း။

တရုတ်နိုင်ငံနှင့် လည်းကောင်း၊ ထိုင်းနိုင်ငံနှင့် လည်းကောင်း ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ထွန်းနေချိန်တွင် လာအိုနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံ အားလုံးနှင့် မူးယစ်ဆေးဝါးပပျောက်ရေး ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရန် မှာကြားလိုကြောင်း။

ကျေးလက်အခြေပြု မူးယစ်ဆေးစွဲကုသရေးအဖွဲ့ငယ်များ ဖွဲ့စည်းဆောင်ရွက်မှုများမှာ လွန်စွာကောင်းမွန်သဖြင့် အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (MANA)၏ လုပ်ငန်းလှုပ်ရှားဆောင်ရွက်မှုများ တဖြည်းဖြည်းနှင့် အရှိန်အဟုန်ရရှိလာပြီဖြစ်ရာ လုပ်ငန်းများ ပိုမိုသွက်လက် ထက်မြက်အောင်မြင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးက ကူညီပံ့ပိုးပေးသွားရန်လိုကြောင်း။

ပန်းတိုင်သစ်စီမံကိန်း

ဒုတိယဝန်ကြီး လေးဦးဖြင့် ဖွဲ့စည်းဆောင်ရွက်နေသည့် ပန်းတိုင်သစ်စီမံကိန်း အထောက်အကူပြု လုပ်ငန်းများမှာလည်း ဒေသခံပြည်သူများ၊ ဘိန်းမစိုက်တော့သည့် တောင်သူများအတွက် များစွာအကျိုးရှိ ထိရောက်သဖြင့် အရှိန်အဟုန်လျော့ပါးမသွားစေရအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

UNODCအပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အရှိန်အဟုန်မပျက် ဆက်လက်တွန်းအားပေးဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ☆

✳ ကျောဖုံးမှ

“ Beethoven ၏ Minuet In G’’ တီးခတ်မှုအစီအစဉ်၊ အကယ်ဒမီ ဂီတလုလင်ဦးကိုကို ပြန်လည်ဆန်းသစ်သည့် “နဂါးနီ”သီချင်း တီးခတ်မှုအစီအစဉ်၊ W. A Mozart ၏ Eine Kleine Natch Musik တေးသွား တီးခတ်မှုအစီအစဉ်နှင့် အကယ်ဒမီဂီတ လုလင်ဦးကိုကို စီစဉ်သည့် Ayarwadi The Great River (1st , 2nd , 3rd Movement တီးခတ်မှုအစီအစဉ်တို့ဖြင့် တင်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဂုဏ်ပြုဆုချီးမြှင့်

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်သံစုံတီးဝိုင်း ကော်မတီဝင်များ၊ နိုင်ငံတော်သံစုံတီးဝိုင်းမှ ဂီတပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး နိုင်ငံတော်သံစုံတီးဝိုင်းမှ ဂီတအနုပညာရှင်များအား ဂုဏ်ပြုဆုငွေချီးမြှင့်သည်။

(သတင်းစဉ်)

သဗ္ဗညုပုထိုးတော်ကြီးအား စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် တင်လှူပူဇော်ခြင်း အောင်မြင်ခြင်းအထိမ်းအမှတ် တရားဟောကြားမည်

ရန်ကုန်　　မေ　　၂

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကျောက်ရေတွင်းရပ်ကွက်တွင် တည်ထားကိုးကွယ်မည့် သဗ္ဗညုပုထိုးတော်ကြီးအား စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပူဇော်ခြင်း အခမ်းအနားကို သက္ကရာဇ် ၁၃၆၆ ခုနှစ်၊ ကဆုန်လပြည့်နေ့ (၂၀၀၄ခုနှစ်၊ မေ ၃ရက်)တွင် ကျင်းပမည်ဖြစ်ရာ အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဉာဏိဿရ က အနုမောဒနာတရားတော်များကိုအခမ်းအနားကျင်းပရာ သဗ္ဗညုပုထိုးတော်ကြီးတွင် ကဆုန်လပြည့်နေ့ ည ၇နာရီတွင် ဟောကြားတော်မူမည်ဖြစ်ပါ၍ အလှူ့ဒါယကာ၊ ဒါယိကာမများလည်း တရားနာကြွရောက်နိုင်ရန် ဖိတ်ကြားထားကြောင်းသိရသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ကြီးမှူးကျင်းပသည့် နိုင်ငံတော် သံစုံတီးဝိုင်း သရုပ်ပြ တီးခတ်မှုအစီအစဉ်များကို ကြည့်ရှုအားပေးစဉ်။　(သတင်းစဉ်)

☆ စာမျက်နှာ ၁၀ မှ

ဘိန်းအစားထိုးသီးနှံများတွင် သမားရိုးကျ သီးနှံများအဖြစ် မက္ကဒေးမီးယားကဲ့သို့သော ဝင်ငွေကောင်းသည့်သီးနှံများကို တိုးချဲ့စိုက်ပျိုးကြရမှာ ဖြစ်ကြောင်း။

လေ့ကျင့်ပျိုးထောင်လုပ်ငန်း

မူးယစ်ဆေးစွဲလူငယ်များ ပြုပြင်ထိန်းသိမ်း ပြုစုပျိုးထောင်ရေးစခန်းများဖြစ်သည့် ပဲခူးတိုင်းရှိ ရွှေပြည်သာစခန်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းရှိ ရွှေပြည်အေးစခန်းတို့၏ လူငယ်များအား စိတ်ပိုင်းဆိုင်ရာ ပြုပြင်မွမ်းမံပေးခြင်း၊ အသက်မွေးဝမ်းကျောင်း အတတ်ပညာများ လေ့ကျင့်ပျိုးထောင်ပေးခြင်းလုပ်ငန်းများမှာ များစွာ အကျိုးရှိထိရောက်သည်ကို တွေ့ရကြောင်း။

ယင်းစခန်းများမှ လေ့ကျင့်ပျိုးထောင်ပေးလိုက်သော လူငယ်များကို မြန်မာနိုင်ငံ မူးယစ်ဆေးဝါး လေ့ကျင့်ရေးအသင်း (MANA)က ဆက်လက် စည်းရုံးဦးဆောင်ပြီး လူငယ်အားမာန်အဖွဲ့အဖြစ်ဖွဲ့စည်းကာလူငယ်များအတွင်း၌ မူးယစ်ဆေးဝါးကင်းရှင်းအောင် လူငယ်အချင်းချင်း ပညာပေးစည်းရုံးမှုလုပ်ငန်းများ ဆောင်ရွက်နေမှုမှာလည်း များစွာအောင်မြင် ထိရောက်သည်ကို တွေ့ရကြောင်း။

သို့ဖြစ်၍ ယင်းအောင်မြင်ဖြစ်ထွန်းမှုများကို အခြေခံ၍ ယခုအခါတွင် ရှမ်းပြည်နယ်မြောက်ပိုင်း၌ ရွှေပြည်သစ်စခန်းကိုဖွင့်လှစ်ပြီး မူးယစ်ဆေးစွဲလူငယ်များ ပြုပြင်ပညာပေး ပြုစုပျိုးထောင်မှုလုပ်ငန်းများ ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိနေပြီဖြစ်ကြောင်း။

ယခုအရှိန်အဟုန်အတိုင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှု တားဆီးကာကွယ်ရေး၊ စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်ရောင်းဝယ်မှု တားဆီးနှိမ်နင်းရေးနှင့် မူးယစ်ဆေးစွဲ လူငယ်များ ပြုပြင်ပညာပေးမှု၊ ပျိုးထောင်ရေးလုပ်ငန်းများကို ဟန်ချက်ညီညီ အရှိန်အဟုန်မပျက် ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံတော်က မျှော်မှန်းသည့် မူးယစ်ဆေးဝါး ပပျောက်ရေးရည်မှန်းချက် မလွဲမသွေအောင်မြင်ဖြစ်ထွန်းလာမှာ သေချာကြောင်း။

ပံ့ပိုးကူညီ

“ဝ”ဒေသနှင့် ကိုးကန့်ဒေသ တိုင်းရင်းသားခေါင်းဆောင်များ မျှော်မှန်းဆောင်ရွက်နေသည့် ၂၀၀၅ ခုနှစ်တွင် မူးယစ်ဆေးဝါး ချုပ်ငြိမ်းပပျောက်ရေး ရည်မှန်းချက် ပြည့်ပြည့်ဝဝအောင်မြင်စေရေးအတွက် နိုင်ငံတော်အစိုးရဌာနများက ပံ့ပိုးကူညီပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

မြန်မာနိုင်ငံအပေါ် မူးယစ်ဆေးဝါးလုပ်ငန်းနှင့် ဆက်နွှယ်လျက် ငွေမည်းမှ ငွေဖြူခဝါချမှုများ လုပ်ဆောင်နေသည်ဆိုသည့် စွပ်စွဲပြောဆိုချက်များရှိခဲ့ကြောင်း၊ ယခုအခါ ယင်းကိစ္စနှင့် ပတ်သက်၍ လိုအပ်သည့် ဥပဒေပြဋ္ဌာန်းပေးခြင်းအပါအဝင် ဆောင်ရွက်ဖွယ်လုပ်ငန်းအဝဝကို ချမှတ်ဆောင်ရွက်လျက်ရှိခြင်းဖြင့် လုပ်ကြံစွပ်စွဲမှုများကို ချေဖျက်နိုင်လျက်ရှိနေပြီဖြစ်ကြောင်း။

မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများနှင့်ယှဉ်တွဲလျက် နယ်စပ်ဒေသနေတိုင်းရင်းသား ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊လူမှုရေးဘဝ တိုးတက်မြင့်မားစေရေး ကြိုးပမ်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်ရင်း နိုင်ငံတော်၏ရည်မှန်းချက်များ ပြည့်ပြည့်ဝဝ အောင်မြင်ဖြစ်ထွန်းစေရအောင် တာဝန်ရှိသူအားလုံးက တက်ညီလက်ညီအားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်သို့ သွားရောက်၍ မြန်မာနိုင်ငံသို့ ဘိန်းစတင်ဝင်ရောက်မှု၊ မြန်မာဘုရင်များလက်ထက် မူးယစ်ဆေးဝါးထိန်းချုပ်မှု၊ မူးယစ်ဆေးသုံး လူညွှန့်တုံး၊ လွတ်လပ်ရေးရပြီးနောက် မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းမှုပြကွက်များနှင့် သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အနော်ရထာလမ်း အမှတ်(၉၁) တတိယထပ်(ယာ)နေ ဦးတင်မောင်ဝင်း၊ ဒေါ်ဖြူဖြူမိသားစုတို့က သုံးထပ်ဘိုးဘွား ဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်သို့ ဧပြီ ၂၁ ရက်က ပေးအပ်လှူဒါန်းစဉ်။　(က-ပ)

ဝံသာနု သတင်းလွှာဖြန့်ချိ

ရန်ကုန်　မေ　၂

ဗုဒ္ဓသာသနာ၏ အထွတ်အမြတ် ကဆုန်လပြည့်နေ့ ညောင်ရေသွန်းပွဲတော်တွင် ကြည်ညိုသဒ္ဓါတရားပွားများစွာဖြင့် ညောင်ရေသွန်းလောင်းကြသော ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီးလေးများ၏ ယဉ်ကျေးမှုအလှပုံရိပ်မျက်နှာဖုံးဖြင့် “ဝံသာနု” သတင်းလွှာ အတွဲ (၁၃) အမှတ်(၉)ကို ယနေ့ထုတ်ဝေလိုက်ကြောင်း သိရသည်။ **(ယာပုံ)**

“ဝံသာနု” သတင်းလွှာတွင် ရှေးဦးတောနွားမျိုးရင်း ကျောက်ဖြစ်ရုပ်ကြွင်း၊ အန်းကုန်းရွှေရုပ်တုရောင်းချသူ တရုတ်နိုင်ငံသားသုံးဦး၊ နိုင်ငံခြားရောက်မည့်လိပ်များ လှိုင်မြို့နယ်မှာ အချိန်မီတားဆီး၊ပန်းဘဲတန်းမြို့နယ်က ကာစီနိုလောင်းကစားဝိုင်း၊ အကောက်ခွန်မဲ့ဟင်းချိုမှုန့်ထုပ်များ၊ မျှောစာအတု၊ ပြေစာအတုများဖြင့် သယ်လာတဲ့ သစ်မှောင်ခို၊ ကိုရီးယားမှာ အလုပ်ရမယ်ဆိုပြီး၊ ကျောက်ချရပ်နားထားသော ရေယာဉ်များ သတိပြု၊ ငါးပုတင်းသားစားမိသော ကလေးငယ်များ၊ နစ်မြုပ်သွားသော ကုန်တင်လှေအားဆယ်ယူ၊ မြန်မာတွေ စည်းကမ်းရှိဖို့ အချိန်တန်ပါပြီ (၂)နှင့်အတူ ဘုရှ်အသစ်ဖွဲ့စည်းလိုက်သော ထောက်လှမ်းရေးကော်မရှင်၊ အီရတ်အရေးတွင် အကျပ်အတည်းတွေ့နေသော အမေရိကန် တပ်ဖွဲ့ဝင်များ၊ တောင်အာဖရိကနိုင်ငံမှ မတည်ငြိမ်သော အခြေအနေနှင့် ရွေးကောက်ပွဲ၊ ထိုင်းတို့၏ ယဉ်ကျေးမှုထဲသို့ အတင့်ရဲစွာ ထိုးဖောက်လာသော အနောက် ဓလေ့စရိုက်များ၊ ထိုင်းသင်္ကြန်မှာလည်း သရုပ်ပျက်မှုအရေးယူ၊ ဗန်ကောက်မှ ကြေးကြီး လောင်းကစားဝိုင်း ထိုင်းရဲများ ဝင်ရောက်ဖမ်းဆီး၊ ဩစတြေးလျနိုင်ငံမှ အချမ်းသာဆုံးမင်းသမီး စသည်တို့ဖြင့် ပြည်တွင်းပြည်ပ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးမျက်နှာစာ အသီးသီးမှ သတင်းများကို ဖော်ပြထားပြီး ဆင်တောင်ကြီးစာပေ အမှတ်(၄၁) ၂၉လမ်း ရန်ကုန်မြို့က ဖြန့်ချိကြောင်း သိရသည်။

(က-ပ)

မြန်မာနိုင်ငံကြက်ခြေနီအသင်း

ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ

မေလ (၅) - (၁၁) ရက်

အမှတ်၂၊ အခြေခံပညာအထက်တန်းကျောင်း၊လသာမြို့နယ်၊ ရန်ကုန်မြို့။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃-၅-၂၀၀၄ (တနင်္လာနေ့)

၁၃၆၆ ခုနှစ်၊ ကဆုန်လပြည့်နေ့ (ဉပုသ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇း၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဉပ္ပါတသန္တိပါဠိတော်**

၇း၃၀ ၃။ နံနက်ခင်းသတင်း

၇း၄၀ ၄။ **နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် ပတ်ကုန်း ပျော်ဘွယ်ရပ် မဟာဝိဇိတာရုံ ကျောင်းတိုက် ပဓာန နာယကဆရာတော် (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသ ဟောကြားတော်မူသော (ကဆုန်လပြည့် ဗုဒ္ဓနေ့ တရားတော်)**

၈း၁၀ ၅။ ဓမ္မပူဇာတေးအစီအစဉ်

၈း၂၀ ၆။ ဂုံညင်းတန်းတံတား

၈း၃၀ ၇။ International News.

၈း၄၅ ၈။ Hill of Dhamma.

၉း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄း၃၀ ၃။ Practice in Reading.

၄း၄၅ ၄။ ဓမ္မပူဇာတေးအစီအစဉ်

၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ပထဝီဝင်အထူးပြု) (ရက္ခဗေဒ)

၅း၁၅ ၆။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)

၅း၃၀ ၇။ စက်မှုစွမ်းအား ခေတ်ကျော်လွှား

၅း၄၅ ၈။ ကုသိုလ်ပန်းဝေ သွန်းညောင်ရေ

၆း၀၀ ၉။ ကဆုန်လပြည့်နေ့တေးများ

၆း၁၅ ၁၀။ Discovery.

၆း၃၀ ၁၁။ ညနေခင်းသတင်း

၇း၀၀ ၁၂။ မိုးလေဝသအခြေအနေ

၇း၀၅ ၁၃။ **သီတဂူဆရာတော်အရှင်ဉာဏိဿရ၏ ကဆုန်လပြည့် ဗုဒ္ဓနေ့ တရားတော် (သံဝေဇနီယလေးဌာန) (ဖွားပွင့်၊ဟော၊စံ)**

၇း၄၀ ၁၄။ တိတ်ဆိတ်ငြိမ်းချမ်း စိတ်ချမ်းမြေ့စရာ ဓမ္မစွမ်းရည် သာသနာ့ရိပ်သာ

၈း၀၀ ၁၅။ ပြည်တွင်းသတင်း

၁၆။ နိုင်ငံတကာသတင်းများ

၁၇။ မိုးလေဝသအခြေအနေ

၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ အချစ်ဆိုသည်မှာ (အပိုင်း-၂၉)**

၁၉။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်းတရားတော်**

၂၀။ နောက်တစ်နေ့အစီအစဉ်

၂၁။ အစီအစဉ်ပြီး၏။

ဗုဒ္ဓပွင့်တော်မူပြီ

ကထိကရဟန်း

ဒေသမှာ အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဘူမိသေခရဖြစ်သော မဟာဗောဓိပင်ကြီး တည်ရှိနေရာ ဝန်းကျင်ဌာနတွင်ဖြစ်၏။ အချိန်မှာ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ နံနက်အရုဏ်ရောင်လာတော့မည့် အချိန်ဖြစ်သည်။ ထိုအချိန်တွင် **ဗုဒ္ဓပွင့်တော်မူပြီ** ဟူသော ဘုမ္မစိုးနတ်တို့၏ ကြွေးကြော်သံကြီး ဟိန်းထွက်လာသည်။ ထိုအသံကို ကြားကြရသော စတုမဟာရာဇ်နတ်တို့က ထပ်ဆင့်၍ ကြွေးကြော်ကြပြန်သည်။ ထိုအသံကို ကြားကြရသော တာဝတိံသာ နတ်တို့က ထပ်ဆင့်ကြွေးကြော်ပြန်၏။ ဤသို့ဖြင့် **ဗုဒ္ဓပွင့်တော်မူပြီ**ဟူသော ကြွေးကြော်သံကြီးသည် အထက်ဘဝဂ် အက္ကနိဋ္ဌဗြဟ္မာပြည်တိုင်အောင် ထွင်းဖောက်ကျော်တက်သွား၏။ ဝန်းကျင်ပတ်ချာ စကြဝဠာတိုက်ပေါင်း တစ်သောင်းတိုင် ပျံ့နှံ့သွားပြီး စကြဝဠာ တိုက်တစ်သောင်းလုံး ရေအဆုံးတိုင် တုန်လှုပ်သွား၏။

ထိုအချိန် ထိုဒေသ ထိုဌာနကို စူးစမ်းကြည့်ရှုလိုက်မည်ဆိုပါက ဤဘဒ္ဒကမ္ဘာမြေပြင်ကြီး စတင်ပေါ်ပေါက်ရာအခါက ရှေးဦးစွာ ပေါ်ထွက်လာခဲ့သည့် ဘူမိသေခရ (မြေအားလုံးတို့၏ ဦးဆောက်ပန်း) ဖြစ်သော ဤမြေအရပ်တွင် သက်တမ်း ၃၅ နှစ်ရှိ ခက်မငါးဖြာတို့ဖြင့် အစောက်အဝန်းညီမျှ လွန်စွာလှပသည့် မဟာဗောဓိပင်ကြီးအောက်တွင် မဟာဗောဓိပင်စည်၏ အရှေ့ဘက်အရပ်၌ ဖြန့်ခင်းအပ်သော မြက်အခင်းပေါ်တွင် အရှေ့လောကဓာတ်သို့ မျက်နှာတော်မူလျက် အပရာဇိတတင်ပလ္လင်ဖြင့် ထိုင်နေတော်မူသော ရဟန်းတစ်ပါးကို ဖူးတွေ့ရမည်ဖြစ်သည်။ ထိုအရှင်မြတ်သည် သက်တော်အားဖြင့် ၃၅ နှစ် အရွယ် တင့်တယ်သောအသားအရေ၊ ၃၂ ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်တို့ဖြင့်လည်းကောင်း၊ ၈၀ သော လက္ခဏာတော်ငယ်တို့ဖြင့် လည်းကောင်း တင့်တယ်လှ၏။ လွန်ခဲ့သော မဟာသက္ကရာဇ် ၉၇ ခုနှစ်၊ ဝါဆိုလပြည့်ညဥ့် အနောမာသောင်အရပ်တွင် ဃဋိကာရဗြဟ္မာကြီး ဆက်ကပ်လာသည့် ကြာသင်္ကန်းကို ဝတ်ရုံထားပြီး ကိုယ်တော်၏ တစ်လံမျှလောက်သော ရုပ်ဝန်း၌ ထွန်းလင်းသောရောင်ခြည်ဖြင့် တောက်ပလျက်ရှိနေ၏။ "အနေကဇာတိ သံသာရံ" အစရှိသော ဥဒါန်းတော်ကို စိတ်တော်အစဉ်တွင် ပေါ်ထင်ရွှင်ပျ ရွတ်ဆိုတော်မူသဖြင့် မျက်နှာတော်သည် အောင်ပွဲအလီလီ ရရှိထားသည့် အောင်ပွဲမှူးကြီးအသွင် ပေါ်ထင်တက်ကြွလျက်ရှိနေ၏။

ထိုပုဂ္ဂိုလ်မြတ်ကား လူ၊ နတ်၊ ဗြဟ္မာဟူသော သတ္တလောကကြီးအတွင်း၌ ကမ္ဘာ့ပေါင်း အသင်္ချေအနန္တ ကြာချင်တိုင်းကြာမှ တစ်ရံတစ်ခါသာ ပေါ်ထွက်လာတတ်သည့် **မြတ်ဗုဒ္ဓပါတည်း။** ဤကဲ့သို့သော ဗုဒ္ဓတစ်ဆူ သတ္တလောကကြီး အတွင်း၌ ပေါ်ထွက်ပွင့်တော်မူလာဖို့ဆိုသည်မှာ အလွန့်အလွန် ခဲယဥ်းလှပေ၏။ ဝန်းကျင်ပတ်ချာ တစ်ယူဇနာရှိသော ရှားအနှစ်သား မီးကျီးခဲအစုအတွင်းမှ အထပ်တစ်ရာ ပွင့်လွှာရှိပြီး ဝတ်ဆံဝတ်မှုန်တို့ဖြင့် ထုံသင်းပျံ့လှိုင်အံ့မခမ်းလှပသည့် ပဒုမ္မာကြာပန်းခိုင်ကြီး ငွားငွားစွင့်စွင့် လန်းဆန်းတင့်တယ်စွာ ပေါ်ထွက်လာသကဲ့သို့ ရှိချေ၏။ (သီ၊ ဋီ၊ ၄၈)။

ဗုဒ္ဓ

'ဗုဒ္ဓ'ဆိုသည်မှာ တန်ခိုး ဣဒ္ဓိပါဒ် ကြီးမားကြသည့် လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းကြီးတို့က လိုက်မမီသော အသိဉာဏ်ရှင် တန်ခိုးဣဒ္ဓိပါဒ်အရှင် ဖြစ်သည်။ ထိုဗုဒ္ဓဟူသော အမည်တော်သည် ဂုဏ်တော်ကိုးပါးတွင် အဋ္ဌမမြောက် ဂုဏ်တော်ကို စွဲမှီ၍ ဖြစ်ပေါ်လာသော အမည်နာမ ပညတ်တော်ဖြစ်သည်။ ထို'ဗုဒ္ဓ'ဟူသော အမည်တော်ကို ထိုက်ထိုက်တန်တန် ရရှိတော်မူသော အရှင်မြတ်တို့မှာ 'ပု-ဒိ-အာ' ဟူသော ဝိဇ္ဇာသုံးပါးတွင် အာသဝက္ခယဉာဏ် တော်ဖြစ်သော အရဟတ္တမဂ်ဉာဏ်၏အဆုံး၌ ဖြစ်ပေါ် လာသော ဝိမောက္ခန္တိက အမည်ရသည့် အရဟတ္တဖိုလ်စိတ်တော်ကြီးဖြစ်ပေါ် အပြီးတွင်–

- ပစ္စေကဗုဒ္ဓါ ရဟန္တာ ဟူသမျှတို့ ရခြင်းငှာမထိုက်သော ပရမတ်၊ ပညတ် အရပ်ရပ်အလုံးစုံကို အကုန်အစင် သိမြင်နိုင်စွမ်းသော သဗ္ဗညုတ ဉာဏ်တော်ကြီး၊
- သင်္ခါရ၊ ဝိကာရ၊ နိဗ္ဗာန်၊ ပညတ်ဟူသော ဉေယျခမ်ငါးအင်ကို သိမြင်တော်မူရာ၌ ဆီးကာပိတ်ပင်ခြင်းမရှိသော အနာဝရဏ ဉာဏ်တော်ကြီး၊
- သုံးတိုက်ဘုံသား အများသတ္တဝါ ဝေနေယျတို့၏ အလိုဆန္ဒ အာသယ ကိန်းဟန်ကို ဧကန်သိမြင်နိုင်စွမ်းသော အာသယာနုသယ ဉာဏ်တော်ကြီး၊
- သုံးတိုက်ဘုံသား အများသတ္တဝါ ဝေနေယျတို့၏ ဣန္ဒြေအနုအရင့် ထောက်ချင့်သိစွမ်းနိုင်သော ဣန္ဒြိ ယပရောပရိယတ္တိဉာဏ်တော်ကြီး၊
- ယမိုက်ပြာဋိဟာ လွှတ်ခြင်းအရာ၌ လေ့လာတော်မူနိုင်သော ယမက ပါဋိဟာရိယဉာဏ်တော်ကြီး၊
- ဝေနေယျများစွာ သတ္တဝါတို့ကို လွန်စွာသနားကြင်နာတော်မူသော မဟာကရုဏာသမာပတ္တိဉာဏ်တော်ကြီး၊

ဟူသော ခြောက်ပါးသော အသာဓာရဏဉာဏ်တော်ကြီးတို့ကို ရရှိတော်မူမြဲဖြစ်သည်။

ထိုဗုဒ္ဓတစ်ဆူ သတ္တလောကကြီးအတွင်း၌ ပွင့်တော်မူလာခြင်းနှင့်စပ်၍ ဗုဒ္ဓက ဤသို့ ဟောတော်မူ၏။

> **" ရဟန်းတို့၊ တစ်ဦးသောပုဂ္ဂိုလ်၏ ဖြစ်ပေါ်လာခြင်းသည် ကြီးစွာသော အလင်းရောင်ကြီး၏ ဖြစ်ပေါ်လာခြင်းပေတည်း။ အဘယ်ပုဂ္ဂိုလ်၏ ဖြစ်ပေါ် လာခြင်းနည်း၊ ပူဇော်အထူးကို ခံယူတော်မူထိုက်သော သမ္မာသမ္ဗုဒ္ဓ ကိုယ်တော်မြတ်၏ ဖြစ်ပေါ်လာခြင်းတည်း။ ရဟန်းတို့၊ စင်စစ် ပူဇော်အထူးကို ခံယူတော်မူထိုက်သည့် သမ္မာသမ္ဗုဒ္ဓကိုယ်တော်မြတ်၏ ဖြစ်ပေါ်လာခြင်း သည် ကြီးစွာသော အလင်းရောင်ကြီး၏ ဖြစ်ပေါ်လာခြင်းပေတည်း။"**
>
> (အံ၊ ၁၊ ၂၂)။

ထိုဗုဒ္ဓဟူသော အလင်းရောင်ကြီးကြောင့် လောကသားတို့သည် မြင်သင့် မြင်ထိုက်သော အမှန်တရားတို့ကို မြင်ကြရ၏။ ကုသိုလ်၊ အကုသိုလ်၊ ဓမ္မ၊ အဓမ္မတို့ကို ခွဲခြားသိကြရ၏။ သစ္စာလေးပါးကို ပိုင်းခြားနိုင်ကြရ၏။ အကယ်၍သာ ထိုဗုဒ္ဓဟူသော အလင်းရောင်ကြီး ထွက်ပေါ်မလာ ခဲ့သော် အမှန်တရားတို့လည်း ကွယ်ပျောက်၊ အကုသိုလ်ဟူ၍လည်း မကြောက်၊ အဓမ္မဟူ၍လည်း မရှုံ့ဖြစ်ကြပြီး အမှောင်ထုကြီးအတွင်း၌ ဆင်းရဲဒုက္ခရောက်ကြရပေတော့မည်။

သုမင်္ဂလဝိလာသိနီမည်သော သီလက္ခန္ဓဝဂ္ဂ အဋ္ဌကထာစသော အဋ္ဌကထာကြီးများ၌ ဗုဒ္ဓတစ်ဆူ၏ ကျေးဇူးကြီးကျယ်များပြားပုံကို ဤသို့မိန့်ဆိုကြ၏။

"တစ်ဆူသော ဘုရားရှင်သည် အခြားသော တရားဟောခြင်းစသည်ကို ပြုတော်မမူဘဲ အခြားသော တစ်ဆူသော ဘုရားရှင်၏ ဂုဏ်ကျေးဇူးတို့ကို ချီးကျူး ပြောဆိုမည်ဆိုပါက သက်တမ်းကုန်၍ ပရိနိဗ္ဗာန်သာ စံတော်မူရမည်။ ထိုဘုရား ရှင်၏ ဂုဏ်တော်ကျေးဇူးတော်တို့ကား ကုန်မည်မဟုတ်ပေ။ (ဒီ၊ ဌ၊ ၁၊ ၂၅၇၊ စသည်)

ယခုပွင့်တော်မူလာသော ဗုဒ္ဓ၏ ဂုဏ်ကျေးဇူးတို့ကား ဤမျှ များပြားလှပေ တကားဟု ကြည်ညိုသဒ္ဒါပွားကြရပေမည်။

ထိုသို့ ဗုဒ္ဓ၏ဂုဏ်တော်ကျေးဇူးတော်တို့ အသင်္ချေယျ အပ္ပမေယျ များပြား လှခြင်းကြောင့်ပင် ထိုဂုဏ်တော်တို့နှင့်စပ်၍ ရအပ်သော နာမတော်တို့လည်း အသင်္ချေယျရှိနေကြောင်းကို အဘိဓမ္မာ ခုနစ်ကျမ်းတွင် အစဆုံးဖြစ်သော ဓမ္မသင်္ဂဏီကျမ်းကို ဖွင့်သည့် အဋ္ဌသာလိနီအဋ္ဌကထာ (နှာ-၄၂၀)၌–

> **"ဗုဒ္ဓ၏ ဂုဏ်တော်နှင့် စပ်၍ရအပ်သော အမည်တော်တို့သည် အသင်္ချေ ဖြစ်သောကြောင့် ဂုဏ်အားဖြင့် နာမတော်ထောင်ပေါင်းများစွာတို့ကို ဖော်ထုတ်ရာ၏။"** ဟု ဖွင့်ဆိုသည်။

ထိုအရှင်မြတ်သည် သစ္စာလေးပါးကို သိမြင်တော်မူခြင်းကြောင့် ဗုဒ္ဓ၊ ကိုယ်တော်အား ဆယ်ပါး၊ ဉာဏ်တော်အား ဆယ်ပါးတို့နှင့် ပြည့်စုံခြင်းကြောင့် ဒသဗလ၊ နတ်နှင့် လူတို့၏ ဆရာဖြစ်သောကြောင့် သတ္ထာ၊ သိစရာ ရှိသမျှကို အကုန်အစင်သိမြင်တော်မူခြင်းကြောင့် သဗ္ဗညု၊ ခြေနှစ်ချောင်းရှိသူတို့တွင် အမြတ်ဆုံးဖြစ်သောကြောင့် ဒွိပဒုတ္တမ၊ မာရ်ငါးပါးကို အောင်မြင်တော်မူသော ကြောင့် ဇိန-ဤသို့စသည်ဖြင့် ဂုဏ်တော်တို့နှင့် စပ်၍ရအပ်သော ထိုမြတ်ဗုဒ္ဓ၏ နာမတော်တို့ကား အသင်္ချေပင် ရှိနေပေသည်။

ပါရမီတော်

ဤမျှကြီးကျယ်သော ပုဂ္ဂိုလ်မြတ်ကြီးအဖြစ်သို့ ရောက်လာရသည့် ကြီးကျယ် များမြတ်လှသော ဂုဏ်တော်တို့ကို ပိုင်ဆိုင်တော်မူရသည်မှာ ဘာကြောင့်နည်း။ မနှိုင်းယှဉ်အပ် တိုင်းတာမရသော ပါရမီတော် အစုအဝေးကြောင့်ပင် ဖြစ်သည်။ "ပါရမီ"ဆိုသည်မှာ မြင့်မြတ်သော ပုဂ္ဂိုလ်ကျော်တို့၏ အလုပ်ဖြစ်၏။ ဗုဒ္ဓဖြစ်လိုသူ အာဇာနည်ပုဂ္ဂိုလ်ကြီးတို့သည် ထိုပါရမီခေါ်သော မြင့်မြတ်သူတို့၏ အလုပ်ကို လုပ်ကြရ၏။ ထိုအလုပ်သည် ဒါန၊ သီလ၊ နေက္ခမ္မစသည်ဖြင့် ဆယ်မျိုးရှိ၏။ ထိုဆယ်မျိုးတွင်လည်း တစ်မျိုးနှင့်တစ်မျိုး၌ အဆင့်သုံးဆင့်စီ ထပ်ဆင့်ကွဲပြား ပြန်သည်။ ထို့ကြောင့် ပါရမီဆယ်ပါး အပြားသုံးဆယ်ဟူ၍ ဖြစ်လာရ၏။ ထိုပါရမီဆယ်ပါး အပြားသုံးဆယ်ကို မဖြည့်ကျင့်ဘဲ ဘုရားတစ်ဆူဖြစ်လာမည် မဟုတ်ပေ။

ကျွန်ုပ်တို့၏ ဗုဒ္ဓသည် အလောင်းတော်သုမေဓာအဖြစ်ဖြင့် ဒီပင်္ကရာဗုဒ္ဓ၏ ခြေတော်ရင်း၌ ဗုဒ္ဓဆုကို ပန်ဆင်ပြီးချိန်မှစလျက် ပါရမီဆယ်ပါး အပြား သုံးဆယ်တို့ကို ဖြည့်ကျင့်တော်မူခဲ့၏။ ထိုတွင် ဒါနပါရမီဆိုသည်မှာ ပြင်ပဥစ္စာ ရတနာ ရွှေ၊ ငွေစသည်တို့ကို အများသတ္တဝါတို့ ချမ်းသာစေရန် မိမိ အတွက် ငဲ့ကွက်ခြင်းမရှိဘဲ ပေးဝေလှူဒါန်းခြင်း ဒါနပါရမီ၊ မျက်စိ, နား, နှာစသော ကိုယ်အင်္ဂါအစိတ်အပိုင်း အသားအသွေးတို့ကို ဖြတ်တောက်ထုတ်ယူ လှူဒါန်းခြင်း ဒါနဥပပါရမီ၊ အသက်ကိုပင် စွန့်လွှတ်ပေးလှူခြင်း ဒါနပရမတ္ထ ပါရမီဖြစ်၏။ သီလပါရမီအရာမှာလည်း သာမညအဆင့်မျှသာမက ကိုယ်အင်္ဂါ အစိတ်အပိုင်း တို့ကိုပါ စွန့်လွှတ်ထိန်းသိမ်းသည့် သီလဥပပါရမီ၊ အသက်ကိုပင် စွန့်လွှတ်ကာ စောင့်ထိန်းသည့် သီလပရမတ္ထ ပါရမီဟု သုံးဆင့်ရှိ၏။

ထို့နောက် လုပ်ငန်းတစ်ရပ်မှာ ဘဝဝဋ်မှ လွတ်မြောက်ရေးအတွက် ရှေးဦးစွာ ကာမည္ဆတ်မှ လွတ်မြောက်အောင် ကြိုးစားသည့် နေက္ခမ္မပါရမီဖြစ်၏။ ထိုပါရမီလည်း သာမညနေက္ခမ္မပါရမီ၊ နေက္ခမ္မဥပပါရမီ၊ နေက္ခမ္မပရမတ္ထပါရမီဟု အဆင့်သုံးဆင့်ဖြည့်ကျင့်သည်။

ဤသို့ဖြင့် ပါရမီဆယ်ပါးအပြားသုံးဆယ်တို့ကို လေးအသင်္ချေနှင့် ကမ္ဘာ တစ်သိန်းကာလတိုင်အောင် ဖြည့်ကျင့်တော်မူခဲ့၏။

လေးအသင်္ချေ

လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းဆိုသောစကား၌ လေးသင်္ချေဆိုသည်မှာ–

(၁) ဒီပင်္ကရာဘုရားပွင့်ရာ ကမ္ဘာကြီးကုန်ဆုံးသောအခါ ကမ္ဘာကြီးတစ်ခု ပေါ်လာ၏။ ထိုကမ္ဘာမှာ ဘုရားမပွင့်သော သုညကမ္ဘာကြီးဖြစ်၏။ ထိုကဲ့သို့သော သုညကမ္ဘာကြီးပေါင်း မည်မျှဟု ရေတွက်မရအောင် များလှ၏။ ထို့နောက် ကမ္ဘာတစ်ခုပေါ်လာ၏။ ထိုကမ္ဘာ၌ ကောဏ္ဍညဗုဒ္ဓပွင့်တော်မူ၏။ ထိုဘုရားပွင့်ရာ ကမ္ဘာကို အသုညကမ္ဘာဟုခေါ်၏။ ထိုဒီပင်္ကရာဗုဒ္ဓပွင့်ရာကမ္ဘာနှင့် ကောဏ္ဍည ဗုဒ္ဓပွင့်တော်မူရာ ကမ္ဘာနှစ်ခုတို့၏ အကြားကာလ၌ပေါ်ခဲ့သော သုညကမ္ဘာကြီး ပေါင်း အသင်္ချေသည် အလောင်းတော်ပါရမီဖြည့်ကျင့်ရာ ဗုဒ္ဓန္တရ အသင်္ချေ တစ်ခုဖြစ်၏။

(၂) ထိုကောဏ္ဍညဗုဒ္ဓပွင့်ရာ ကမ္ဘာကုန်ဆုံးသောအခါ ဘုရားမပွင့်သည့် သုညကမ္ဘာကြီးပေါင်း အသင်္ချေလာပြန်၏။ ထို့နောက် ကမ္ဘာတစ်ခုပေါ်လာ၏။ ထိုကမ္ဘာ၌ မင်္ဂလဗုဒ္ဓ၊ သုမနဗုဒ္ဓ၊ ရေဝတဗုဒ္ဓ၊ သောဘိတဗုဒ္ဓဟူသော ဗုဒ္ဓ လေးဆူပွင့်တော်မူ၏။ ထိုကောဏ္ဍညဗုဒ္ဓပွင့်ရာ ကမ္ဘာနှင့် မင်္ဂလဗုဒ္ဓတို့ပွင့်ရာ ကမ္ဘာတို့အကြားကာလ၌ ပေါ်ခဲ့သော သုညကမ္ဘာကြီးပေါင်း အသင်္ချေသည် အလောင်းတော်ပါရမီဖြည့်ကျင့်ရာ ဗုဒ္ဓန္တရအသင်္ချေတစ်ခုဖြစ်၏။

(၃) ထိုဘုရားလေးဆူပွင့်တော်မူရာ ကမ္ဘာကုန်ဆုံးသောအခါ သုညကမ္ဘာ ကြီးပေါင်း အသင်္ချေလာပြန်၏။ ထို့နောက် ကမ္ဘာတစ်ခုပေါ်လာ၏။ ထိုကမ္ဘာ၌ အနောမဒဿီဗုဒ္ဓ၊ ပဒုမဗုဒ္ဓ၊ နာရဒဗုဒ္ဓဟူသော ဘုရားသုံးဆူပွင့်တော်မူ၏။ ထိုသောဘိတဗုဒ္ဓဘုရားရှင်တို့ပွင့်ရာကမ္ဘာနှင့် အနောမဒဿီဘုရားရှင်းတို့ပွင့်ရာ ကမ္ဘာတို့၏ အကြားကာလ၌ ပေါ်ခဲ့ သော သုညကမ္ဘာကြီးပေါင်း အသင်္ချေသည် အလောင်းတော်ပါရမီ ဖြည့်ကျင့်ရာ ဗုဒ္ဓန္တရအသင်္ချေတစ်ခုဖြစ်၏။

(၄) နာရဒဗုဒ္ဓပွင့်ရာ ကမ္ဘာကုန်ဆုံးသောအခါ သုညကမ္ဘာပေါင်း အသင်္ချေ လာပြန်၏။ ထို့နောက် ကမ္ဘာတစ်ခုပေါ်လာ၏။ ထိုကမ္ဘာ၌ ပဒုမုတ္တရ ဗုဒ္ဓ ပွင့်တော်မူ၏။ နာရဒဘုရားရှင်တို့ပွင့်တော်မူရာ ကမ္ဘာနှင့် ပဒုမုတ္တရ ဗုဒ္ဓပွင့်တော် မူရာ ကမ္ဘာတို့၏အကြား၌ ဖြစ်ပေါ်ခဲ့သော သုညကမ္ဘာကြီးပေါင်း အသင်္ချေသည် အလောင်းတော်ပါရမီဖြည့်ရာ ဗုဒ္ဓန္တရ အသင်္ချေတစ်ခုဖြစ်၏။ ဤသို့လျှင် အလောင်းတော်ပါရမီဖြည့်ရာ ဗုဒ္ဓန္တရ အသင်္ချေ လေးရပ်ဖြစ်၏။

> *** ဒီပင်္ကရာ၊ ကောဏ္ဍညာ၊ ကြားမှာ တစ်သင်္ချေ။**
> **ကောဏ္ဍညနှင့်၊ မင်္ဂလမြတ်စွာ၊ အကြားမှာ၊ မှတ်ပါ တစ်သင်္ချေ။**
> **သောဘိတနှင့်၊ အနောမဒဿီ၊ အကြားဆီ၊ လွန်ပြီတစ်သင်္ချေ။**
> **နာရဒနှင့်၊ ပဒုမုတ္တရ၊ ကြားကာလ၊ လွန်ထတစ်သင်္ချေ။**
> **ဗုဒ္ဓန္တရ၊ ကြားကာလ၌၊ သုညကမ္ဘာ၊ မရေသာ၊ လေးဖြာအသင်္ချေ။**

ကမ္ဘာတစ်သိန်း

ထို့နောက် ပဒုမုတ္တရဗုဒ္ဓပွင့်ရာ ကမ္ဘာမှ သိခီဗုဒ္ဓနှင့် ဝေဿဘူဗုဒ္ဓနှစ်ဆူ ပွင့်တော်မူရာ ကမ္ဘာအထိ ကမ္ဘာပေါင်းတစ်သိန်းနှစ်ကမ္ဘာရှိ၏။ ကမ္ဘာတစ်သိန်း ဟူ၍သာ အလွယ်ခေါ်ကြ၏။ ထိုကမ္ဘာများအတွင်း၌ ဘုရား ၁၂ ဆူ ပွင့်တော် မူကြ၏။ အလောင်းတော်သည် ထိုကမ္ဘာတစ်သိန်း နှစ်ကမ္ဘာကာလပတ်လုံးလည်း ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို ဖြည့်ကျင့်တော်မူခဲ့၏။

> *** လေးသင်္ချေတွင်းမှာ၊ သုံးကမ္ဘာ၊ ပွင့်ပါမြတ်ဗုဒ္ဓ။**
> **တစ်ဆူ လေးဆူ၊ နောက်ဆုံးဆူ၊ ရှစ်ဆူမြတ်ဗုဒ္ဓ။**
> **တစ်သိန်းတွင်မူ၊ ဆယ့်နှစ်ဆူ၊ ကြည်ဖြူပွင့်ထွန်းကြ။**

ဘဒ္ဒဤကမ္ဘာ

ကမ္ဘာပေါင်းတစ်သိန်း နှစ်ကမ္ဘာမြောက် ကမ္ဘာတွင် သိခီဗုဒ္ဓနှင့် ဝေဿဘူ ဗုဒ္ဓတို့ ပွင့်တော်မူကြ၏။ ထိုကမ္ဘာ ကုန်ဆုံးသောအခါ ဘုရားမပွင့်သည့် သုည ကမ္ဘာပေါင်း ၂၉-ကမ္ဘာ ကြားခံပြီး ဤဘဒ္ဒကမ္ဘာဖြစ်ပေါ်လာရန် တည်ထောင်ဆဲ ဝိဝဋ္ဋအသင်္ချေယျကပ်အတွင်း၌ စကြဝဠာရေပြင်ကြီးအတွင်းမှ မြေသား အနည်းငယ် စတင်ပေါ်ထွက်လာခဲ့၏။ ဤမြေသားအနည်းငယ် ပေါ်ထွက် လာခြင်းသည်ပင် ဘဒ္ဒဤကမ္ဘာ၌ ကမ္ဘာ့မြေသားစတင်ခဲ့ရာ ကာလတည်း။ ဤမြေအရပ်သည် ဘူမိသေခရမည်၏။ ထိုမြေအရပ်၌ ပေါက်သော ဗောဓိပင် မင်းတို့၏ အနီးတွင် ဗုဒ္ဓအလောင်းတော်တို့ ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူကြမြဲ ဖြစ်၏။ တည်နေဆဲဖြစ်သော ဤဘဒ္ဒကမ္ဘာ ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်တွင် အန္တရကပ် ၆၄-ကပ်ရှိရာ အန္တရကပ် ၁၅-ကပ်အလွန် ဆုတ်ကပ်ကာလ၏ အသက်လေးသောင်းတန်းကာလတွင် ကကုသန္ဓမြတ်စွာဘုရား ပွင့်တော်မူ၏။ ထိုမှဆုတ်၍ ၁၀-နှစ်တန်း၊ ထို ၁၀-နှစ်တန်းမှတက်၍ အသင်္ချေတန်းရောက်၊ ထိုမှ ပြန်ဆုတ်ခဲ့ပြန်ရာ အသက် သုံးသောင်းကာလသို့အရောက်တွင် ကောဏာဂုံ ဗုဒ္ဓပွင့်တော်မူ၏။ ထိုမှဆုတ်၍ ၁၀-နှစ်တန်း၊ ထိုမှတက်၍ အသင်္ချေတန်းရောက်၊ ထိုမှ ပြန်ဆုတ်၍ အသက် နှစ်သောင်းတန်းကာလအရောက်တွင် ကဿပဗုဒ္ဓ ပွင့်တော်မူ၏။ ထိုကဿပဗုဒ္ဓ ပွင့်ကာလသို့တိုင် ပါရမီဆယ်ပါး အပြားသုံးဆယ် တို့ကို ဖြည့်ကျင့်တော်မူဆဲပင် ဖြစ်သည်။

ဗုဒ္ဓဂေါတမလောင်းလျာ

ဗုဒ္ဓဂေါတမလောင်းလျာသည် ဝေဿန္တရာဘဝအရောက်တွင် ဗုဒ္ဓ တစ်ဆူအဖြစ်သို့ရောက်ရန် ပါရမီတော်စုံစေ့ပြည့်ခြင်းသို့ ရောက်၏။ ထို့ကြောင့် တုသိတာနတ်ပြည်၌ သေတကေတုနတ်သား အဖြစ်ဖြင့် ဗုဒ္ဓအဖြစ်သို့ ရောက်ရန် အချိန်အခါကို စောင့်မျှော်ခံစားတော်မူပြီး လူတို့၏ သက်တမ်း အနှစ်တစ်ရာတမ်း အရောက်တွင် ကပ္ပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒန၏ မိဖုရားခေါင်ကြီး မယ်တော်မာယာ၏ဝမ်း၌ မဟာသက္ကရာဇ်၆၇ ခုနှစ် ဝါဆိုလပြည့် ကြာသပတေးနေ့ ညဥ့် ပစ္ဆိမ မိုးသောက်ယံကာလ၌ သန္ဓေတော် ယူသည်။ မဟာသက္ကရာဇ် ၆၈ ခုနှစ် ကဆုန်လပြည့် သောကြာနေ့ ဝိသာခ နက္ခတ်နှင့် စန်းယှဉ်စဉ် ဖွားတော်မူသည်။ သက်တော် ၁၆ နှစ်အရွယ်သို့ရောက်သောအခါ ယသော်ဓရာမိဖုရားနှင့် အတူ နန်းစည်းစိမ်ကို ခံစားသည်။ သက်တော် ၂၉ နှစ်သို့အရောက် မဟာ သက္ကရာဇ် ၉၇ ခုနှစ် ဝါဆိုလပြည့် ညဥ့်သန်းခေါင်ယံအခါ၌ တောသို့ထွက်တော် မူကာ အနောမာသောင်၌ ဃဋိကာရဗြဟ္မာကြီးလှူဒါန်းသော ပရိက္ခရာရှစ်ပါးဖြင့် ရဟန်းပြုတော်မူသည်။

အပရာဇိတပလ္လင်

တောထွက်တော်မူသည့်နေ့မှစ၍ ရေတွက်သော် ခြောက်နှစ်ပြည့်ရန် နှစ်လအလိုဖြစ်သော မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့် နံနက်ပိုင်း ဆွမ်းခံမကြွမီအချိန်တွင် သုဇာတာသူဌေးကတော် ကပ်လှူအပ်သော ဃနာ နို့ဆွမ်းကို ရွှေခွက်နှင့်တကွ အလှူခံတော်မူပြီး နေရဉ္ဇရာမြစ်ကမ်းသို့ ကြွရောက် တော်မူကာ ဗုဒ္ဓအလောင်းတော်တကာတို့ ရေချိုးတော်မူရာ သုပ္ပတိဋ္ဌိတရေဆိပ်၌ ရေချိုးတော်မူ၏။ ထို့နောက် ဃနာနို့ဆွမ်းကို ၄၉ လုတ် မယုတ်မလွန်ပြုကာ ဘုဉ်းပေးတော်မူပြီး နေရဉ္ဇရာမြစ်၌ ရွှေခွက်ကို မျှောတော်မူ၏။ ထို့နောက် အနီး၌ရှိသော အင်ကြင်းတော၌ နေ့သန့်သီတင်းသုံးတော်မူပြီး ညနေချမ်း ကာလသို့ရောက်သောအခါ မဟာဗောဓိပင်ရှိရာသို့ ရှေးရှုကြွတော်မူသော် ခရီးအကြား၌ သောတ္ထိယမည်သော မြက်ထမ်းသမားထံမှ မြက်ရှစ်ဆုပ်ကို အလှူခံတော်မူပြီး မဟာဗောဓိပင်အနီးသို့ အရှေ့မျက်နှာအရပ်မှ ဝင်တော်မူ၏။ မဟာဗောဓိပင်စည်၏ အရှေ့ဘက်၌ မြက်တို့ကို ဖြန့်ခင်းပြီး လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် ဖြည့်ကျင့်ခဲ့သော အဓိဋ္ဌာန ပါရမီစိတ်ဖြင့် "ဘုရား မဖြစ်သမျှ ဤတင်ပလ္လင်ကို မဖျက်တော့၊ ဤနေရာမှ မထတော့"ဟု အဓိဋ္ဌာန် ပြုကာ ထိုင်တော်မူလိုက်၏။ ထိုတင်ပလ္လင်သည် မိုးကြိုးပေါင်းအစင်းတစ်ရာ ပစ်ချသော်လည်း ပျက်ခြင်းသဘောမရှိသောကြောင့် အပရာဇိတ တင်ပလ္လင်မည် တော့၏။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ☆

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဆရာတိုက်စိုး အထိမ်းအမှတ် စာတမ်းဖတ်ပွဲ အခမ်းအနားသို့ တက်ရောက်စဉ်နှင့် သဘာပတိ ဆရာကြီး ဦးလှကြိုင်(ပါရဂူ)က အဖွင့်အမှာ စကားပြောကြားစဉ်။
(သတင်းစဉ်)

ဆရာတိုက်စိုး အထိမ်းအမှတ်စာတမ်းဖတ်ပွဲ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ချီးမြှင့်အားပေး

ရန်ကုန် မေ ၂

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းတို့ ပူးပေါင်းစီစဉ်သော ဆရာတိုက်စိုး အထိမ်းအမှတ်စာတမ်းဖတ်ပွဲကို ယနေ့နံနက် ၉နာရီတွင် ကုန်သည်လမ်းရှိ စာပေဗိမာန်ခန်းမဌကျင်းပရာ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ချီးမြှင့်အားပေးသည်။

☆ စာမျက်နှာ ၁၂ ဆောင်းပါးမှအဆက်

မာရ်နတ်ရန်

ထိုသို့ အလောင်းတော်အခိဋ္ဌာန်ဖြင့် တင်ပလ္လင်ဖွဲ့ခွေ ထိုင်နေတော်မူလိုက်လျှင်ပင် တောထွက်သည့် အချိန်မှစ၍ ဖဝါးခြေထပ်ထက်ကြပ်မကွာလိုက်ပါ အခွင့်ချောင်းနေသော မာရ်နတ်က **“သိဒ္ဓတ္ထသည် ဤအဓိဋ္ဌာန်ကို ဖျက်၍ ထမပြေးလျှင် ငါ့နယ်မှ ကေန်လွတ်တော့မည်”**ဟု သိလိုက်၏။ ထို့ကြောင့် မိမိကိုယ်တိုင် ဂိရိမေခလာမည်သော ဆင်ကြီးကိုစီးပြီး ရှေ့မှ ၁၂ ယူဇနာ၊ လက်ယာ၊ လက်ဝဲမှ ၁၂ ယူဇနာစီ၊ နောက်မှ စကြဝဠာတိုက်အဆုံးတိုင်ရှိသော နတ်စစ်သည်များဖြင့် ချီတက်လာပြီး **“ဟရေ သိဒ္ဓတ္ထ ဥဋ္ဌေဟိ= ဟေ့ သိဒ္ဓတ္ထ ထလော့”**ဟု ခြိမ်းခြောက်အော်ဟစ်လေသည်။ အလောင်းတော်သည် ခန္တီ၊ မေတ္တာ၊ ဝီရိယ၊ ပညာအစရှိသော ပါရမီကုသိုလ်တော်အင်အားဖြင့် မာရ်နတ်၏ ရန်ကို နေမဝင်မီပင် အောင်မြင်တော်မူသည်။

ပု–ဒ်–အာ

အလောင်းတော်သည် မာရ်နတ်မင်း၏ နှောင့်ယှက်မှုကို အောင်မြင်တော်မူပြီးသောအခါ အာနာပါန သတိကမ္မဋ္ဌာန်းကို စီးဖြန်းပွားများတော်မူပြီး ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်တို့ကို ဖြစ်ပေါ်စေ၏။ ထို့နောက် အဘိညာဉ်စိတ်တော်အစဉ်ဖြင့် ရှေးကနေခဲ့ဖူး၊ ဖြစ်ခဲ့ဖူးသည့် ခန္ဓာအစဉ်ဘဝအလျင်ကို ဆင်ခြင်တော်မူလေ၏။ ထိုအခါ ယခုဘဝမတိုင်မီ သေတကေတုနတ်သားဘဝ၊ ထိုမှ ဝေဿန္တရာဘဝစသည် ဟို–– ရှေးရှေးအတိတ်ဘဝတို့ကို မြင်တော်မူသည့် ပုဗ္ဗေနိဝါသ အဘိညာဉ်ကို ရရှိတော်မူ၏။ ထိုအဘိညာဉ်ဖြင့် ညဉ့်၏ပထမယံပတ်လုံး သီတင်းသုံးတော်မူပြီး မဇ္ဈိမယံသို့ ရောက်သောအခါ အဘိညာဉ်စိတ်တော်ကို သတ္တဝါတို့၏ စုတိ၊ ပဋိသန္ဓေတို့ကို မြင်ရန်၊ ကံအားလျော်စွာ လားရောက်နေကြရပုံတို့ကို သိနိုင်ရန် အာရုံပြု၍ ညွှတ်တော်မူလိုက်ရာ နတ်တို့၏ မျက်စိနှင့်အလားတူသော ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရရှိတော်မူ၏။ မဇ္ဈိမယံပတ်လုံးကို ထိုဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်သာ ကုန်လွန်စေ၍ ပစ္ဆိမယံသို့ရောက်သောအခါ အလွန်တည်ကြည်ထက်မြက်လျက် ရှိသော စိတ်တော်အစဉ်ကို မိမိ၏ခန္ဓာအစဉ်၊ နာမ်ရုပ်အစဉ်ကို အာရုံပြုဆင်ခြင်တော်မူရာ၏။ “ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ”ဟူသော သိဒ္ဓတ္ထဘဝ ရုပ်နာမ်အစဉ်ကို မြင်တော်မူသည်။ ထို့နောက် သေတကေတုနတ်သားဘဝက “အဝိဇ္ဇာ၊ သင်္ခါရ”တို့ကို မြင်တော်မူ၏။ ထို့နောက် ကိုယ်တော်မြတ်၏ အနာဂတ်ကို ဆင်ခြင်တော်မူရာ ကုန်နေပြီဖြစ်သော ဇာတိနှင့် ဇရာမရဏတို့ကို မြင်တော်မူသည်။ ဤသို့လျှင် အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊ သင်္ခါရကြောင့် ဝိညာဉ်ဖြစ်၊ ဝိညာဉ်ကြောင့် နာမ်ရုပ်ဖြစ်၊ ဤသို့ အနုလောမအားဖြင့်လည်းကောင်း၊ ဇရာမရဏ ဖြစ်ရသည်မှာ ဇာတိကြောင့်၊ ဇာတိဖြစ်ရသည်မှာ (ကမ္မ)ဘဝကြောင့်။ ဤသို့ စသည်ဖြင့် ပဋိလောမအားဖြင့် လည်းကောင်း၊ ဤသို့ အနုလုံ၊ ပဋိလုံ၊ အစုန်အဆန် အပြန်ပြန်အထပ်ထပ် သုံးသပ်ဆင်ခြင်တော်မူ၏။ ကိုယ်တော်မြတ်၏ ခန္ဓာအစဉ်ဟူသော ပဋိစ္စသမုပ္ပာဒ်တွင်သာမက စကြဝဠာတိုက်ပေါင်း ကုဋေတစ်သိန်းအတွင်း၌ ရှိနေကြသည့် လူ၊ နတ်၊ ဗြဟ္မာဟူသော သတ္တဝါမှန်သမျှတို့၏ ပဋိစ္စသမုပ္ပာဒ်ဟူသောဖြစ်စဉ်တို့ကိုပါ ရှုဆင်ခြင်တော်မူ၏။ ထိုသို့ ရှုဆင်ခြင်တော်မူသောအခါ စကြဝဠာ ကုဋေတစ်သိန်းအတွင်း၌ရှိကြသည့် သတ္တဝါအားလုံးတို့ကို ပဋိစ္စသမုပ္ပာဒ် စက်ရုပ်ကြီးများအဖြစ်ဖြင့် မြင်တော်မူလေ၏။

ဤသို့လျှင် ဝိပဿနာဉာဏ်တော်ကြီးဖြင့် ရှုရမည့်တရားတို့မှာ ကုဋေတစ်သန်းနှစ်သိန်း ဖြစ်ကုန်၏။ ကုဋေတစ်သန်းနှစ်သိန်းကုန်သော တရားအစုတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တသုံးမျိုးဖြင့် သုံးသပ်ဆင်ခြင်တော်မူရာ မဟာဝဇိရဝိပဿနာဉာဏ်တော်ပေါင်း ကုဋေသုံးသန်းခြောက်သိန်း ရှုပွားပြီးဖြစ်တော့၏။

ဤသို့ မဟာဝဇိရဝိပဿနာဉာဏ်တော်ကြီးအဆုံး၌ မဂ်ဉာဏ် လေးဆင့်စဉ်တိုင်းပွင့်၍ ဖိုလ်ထီးလေးဆင့် ဖွင့်တော်မူအပြီးတွင် သဗ္ဗညုတဉာဏ်တော်ကြီး အဝင်အပါ အသာဓာရ ဉာဏ်တော် ခြောက်ဆိုင် တစ်ပြိုင်တည်း ရတော်မူသည်နှင့် **“ဗုဒ္ဓပွင့်တော်မူပြီ”**ဟူသော ဘုမ္မစိုးနတ်တို့၏ ကြွေးကြော်သံကြီး ထွက်ပေါ်လာကာ စကြဝဠာတိုက်တစ်သောင်းလုံး ရေအဆုံးတိုင် ပျံ့နှံ့တုန်လှုပ်သွားခြင်း ဖြစ်လေ၏။ ။

*** ရှားမီးပုံလယ်၊ ကြာပန်းနှယ်၊ အံ့ဖွယ်ဗုဒ္ဓပွင့်ခဲ့ပြီ။**
ဗုဒ္ဓပွင့်မှ၊ နာခွင့်ရ၊ ဓမ္မရတနာ လည်နေပြီ။
ဓမ္မကျင့်မှ၊ ဖြစ်ပေါ်ရ၊ သံဃရတနာ ရှိနေပြီ။

တက်ရောက်

စာတမ်းဖတ်ပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင် ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးတင်ခ(တက္ကသိုလ်တင်ခ)၊ ဦးမြင့်သိန်း(မြင့်သိန်းအောင်)၊ ဦးသန်းမောင် (သန်းမောင်)၊ အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း–တွံတေး)၊ တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင် ကော်မတီဝင်များ၊ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းဥက္ကဋ္ဌဦးခင်မောင်တင်နှင့် အသင်းဝင်များ၊ စာရေးဆရာ၊ စာရေးဆရာမကြီးများ၊ စာတမ်းရှင်များ၊ စာပေပညာရှင်များ၊ ဖိတ်ကြားထားသူများနှင့် စာပေချစ်မြတ်နိုးသူပြည်သူများ တက်ရောက်ကြသည်။

ဖတ်ကြား

နံနက်ပိုင်း စာတမ်းဖတ်ပွဲတွင် သဘာပတိစာရေးဆရာဦးလှကြိုင်(ပါရဂူ)က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ဒေါ်ကြန်(မကြန်)က “ရခိုင်ပြည် ရာဇဝင်အသင်း သတင်းစာ” စာတမ်း၊ ဦးကျော်ဝင်း (မနုဿကျော်ဝင်း)က “ပြည်သူ့ဝန်ထမ်းကောင်း တိုက်စိုး”စာတမ်း၊ ဦးအေးချို(မဟာဝိဇ္ဇာ)က “အတ္ထုပ္ပတ္တိ ဆရာတိုက်စိုး” စာတမ်း၊ ဦးအံ့မောင်(အံ့မောင်)က “တိုက်စိုးစိတ်ဓာတ်” စာတမ်းတို့ကို ဖတ်ကြားတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် စာတမ်းဖတ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် စာရေးဆရာ ဦးမျိုးသန့်(မောင်ဆုရှင်)က ဆောင်ရွက်ပြီး ဦးမင်းနိုင်(မင်းနိုင်)က“ကျွန်တော်မြင်သော ဆရာတိုက်စိုး” စာတမ်း၊ ဦးစိန်လှိုင်(သူရဇော်)က “တိုက်စိုး၏အမှာစာများ”စာတမ်း၊ ဦးကျော်နိုင် (ထက်မြက်)က “ဆရာတိုက်စိုး အမှတ်တရ” စာတမ်း၊ ဦးမြင့်ကြိုင်(ယဉ်ကျေးမှုဗိမာန်)က“ဦးသန်းထွတ်(သန်းထွတ်/တိုက်စိုး)၏ စာကြည့်တိုက်ဆိုင်ရာ စာများ” စာတမ်းတို့ကို ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် အလှည့်ကျသဘာပတိ ဦးမျိုးသန့်(မောင်ဆုရှင်)က နိဂုံးချုပ်အမှာစကားပြောကြားပြီး စာတမ်းဖတ်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။
(သတင်းစဉ်)

အလိုတော်ပြည့်ဆရာတော် ဂုဏာဝိသိဋ္ဌပူဇော်ပွဲ

ရန်ကုန် မေ ၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ခံယူတော်မူသော အလိုတော်ပြည့်ဆရာတော်ကြီး ဘဒ္ဒန္တအရိယဝံသ အား ဂုဏဝိသိဋ္ဌပူဇော်ပွဲ (၁၄)ကြိမ်မြောက်သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို မောင်တောမြို့နယ်အသင်း(ရန်ကုန်)မှ ကြီးမှူး၍ မေလ ၉ရက်နံနက် ၈နာရီတွင် ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေလေးရပ်ကွက် အောင်မြေဗောဓိမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

အသက်၈၀နှင့်အထက် ပြည့်ပြီးသူ အသင်းဝင်များ၊ ၂၀၀၂–၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ပြီးသူ အသင်းဝင်သားသမီးများ၏ အမည်စာရင်းကို ဥက္ကဋ္ဌဦးကံသိန်းအောင် ဖုန်း–၅၄၂၅၆၈၊ ဒုတိယဥက္ကဋ္ဌ ဦးခင်လှ ဖုန်း–၂၉၃၃၅၂နှင့် ဘဏ္ဍာရေးမှူး ဒေါ်ခင်စောဝေ ဖုန်း–၂၈၉၇၄၅တို့သို့ ပေးပို့ ဆက်သွယ်ကြရန် အမှုဆောင်အဖွဲ့မှ နှိုးဆော်ထားသည်။
(၂၃)

(၅၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်၊ သွေးလှူဒါန်း

ရန်ကုန် မေ ၂

(၅၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ မွမ်းမံသင်တန်းအမှတ်စဉ် (၄/၂၀၀၄)မှ သင်တန်းသားများ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ မီးသတ်တပ်ဖွဲ့ဝင်များသည် ယနေ့နံနက် ၆နာရီခွဲတွင် မြောက်ဥက္ကလာပမြို့နယ် အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပြီး သွေးလှူဒါန်းကြသည်။

တပ်မတော်ဆေးရုံ

ဆက်လက်၍ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး၌ မီးသတ်တပ်ဖွဲ့ဝင်၅၀တို့ကသွေးလှူဒါန်းကြရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သွေးလှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး တပ်မတော်ဆေးရုံကြီး တပ်မှူး(ကိုယ်စား)ဆေးကုသမှု အကူဌာနကြီးမှူးရောဂါဗေဒပါရဂူ ဗိုလ်မှူးကြီး မျိုးညွန့်က ကျေးဇူးတင်စကား ပြောကြားသည်။
(သတင်းစဉ်)

သွန်းခဲ့ခုလောင်း

* စာသမကုန်
ခါလကဆုန်မှာလ
ပဝါမြရဂုံ မြိုင်မဟာတောမှာဖြင့်
ဖြာအလှစုံ ကြိုင်စွာနှောပါလို့
ပေါ်များစွ ပန်းရယ်စုံ
တောလားအလှ ဆန်းဖွယ်ကြုံ။
* စိမ်းမှောင်ညိုပြာ
ဖြူ၊ နီ၊ ဝါ စုံစွာနှောပါလို့
စီရီကာ ရောင်စုံပေါ်ပါတဲ့
တောင်ရဂုံ တောအခြေစခန်းရယ်က
အမောပြေစိမ့်ကျ စမ်းရယ်နဲ့
ပန်းအလှရယ်စုံ
ဆန်းလှတယ် ရဂုံ။
* တောင်အခြေဖြာ
မြောင်ရဝေသာ စခန်းမှာလ
မောင်တစ်မေ ခါခါမလွမ်းရအောင်
အောင်သပြေသာ ညောင်ရေသွန်းမယ်လို့
နောင်အရှည့်မှာ ဆုံစေညွှန်းရအောင်ကွယ်
ကွန်း–ကွန်းရောက်ခိုက်ကြုံ
* မွန်းချဲ့ဘယ်မကုန်
ရွှန်းလဲ့သာ ရောင်ဝါစုံတဲ့
ခေါင်မဟာစုံ မြတ်သည့်စခန်းဌာန
အောင်ရာဘုံ နတ်ပြည်နန်းဆီသို့
တူမြန်းကာ နှစ်ဖြာကူးမယ်လို့
ဆုထူးရှယ် ညောင်ရေသွန်းလို့ရယ်ကွယ်
ညွှန်းလျက်ဆုတောင်း
သွန်း–သွန်းခဲ့ခုလောင်း။ ။

ရန်နိုင်ဦး

နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၄၄၈)ဖြန့်ချိ

ရန်ကုန် မေ ၂

နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၄၄၈)ကို ယနေ့(တနင်္လာနေ့)မှစ၍ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။ **(ယာပုံ)**

“မီဒီယာခေတ် မကျန်ရစ်ဖို့”ဟူသော ဂျာနယ် ဦးတည်ချက်ဆောင်ပုဒ်ဖြင့် ရေးသား ထုတ်ဝေလျက်ရှိသော နိုင်ငံတကာသတင်းဂျာနယ်၏ ယခု ရက်သတ္တပတ်ထုတ်တွင် အမေရိကန်တပ်ဖွဲ့ ဖော်လူဂျာမှ ရုပ်သိမ်း၊ တရုတ်နှင့် ဥရောပလမ်းကြောင်းသစ်၊ ကီရီဘာတီနိုင်ငံအကြောင်း သိကောင်းစရာ၊ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ၊ လစ်ဗျားခေါင်းဆောင်၏ ဥရောပ ခရီးစဉ်၊ ဆိုယုဇ်အာကာသယာဉ် ပြန်လည်ရောက်ရှိ၊ တန်ဇန်းနီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်စေမည့် သဘာဝဓာတ်ငွေ့၊ တရုတ်နှင့် အိန္ဒိယဆက်ဆံရေး၊ တောင်အာဖရိကသမ္မတ၏ ဒုတိယမြောက် သမ္မတသက်တမ်း၊ ဖော်လူဂျာတိုက်ပွဲ၊ နိုင်ငံတကာဟာသ၊ အီရတ်လုံခြုံရေး၊ ယုံချင်ယုံမယုံချင်နေ၊ ယိမ်းယိုင်နေသော အမေရိကန်စီးပွားရေး၊ နှိပ်စက်ကလူပြုခံရသော အီရတ်သုံ့ပန်းများ၊ ခေတ်သစ်ပိုးလမ်းမစသည့် သတင်းများနှင့် ဆောင်းပါးများကို ဝေဝေဆာဆာ ဖော်ပြထားသည်။
(ကြေးမုံ)

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်
ကာကွယ်ရေးဝန်ကြီးဌာနမှ
ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို-ဒေါ်ခင်လေးမြင့်တို့၏ သား
မောင်ကျော်ဆန်းမြင့် B.E (Electronics) Y.I.T
နှင့်
ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ
(ဦးကျော်မြင့်)-ဒေါ်ခင်ပြုံးရီတို့၏ သမီး
မသင်းသင်းဦး B.A (History)

တို့၏ ၂-၅-၂၀၀၄ရက်နေ့ Sedona Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်များ ချီးမြှင့်ပေးပါသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ကြွရောက်ချီးမြှင့်ကြသော ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ တိုင်းမှူးများ၏ ဇနီးများ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ စစ်ဘက်၊ နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီ စောင့်ရှောက်ပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟ အားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်ဆန်းမြင့်-မသင်းသင်းဦး။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဦးဝိစာရလမ်း၊ အမှတ်(၃၅၇)နေ
ဦးတင်ဦး-ဒေါ်စန်း (မျိုးသိမ်းပွဲရုံ) တို့၏သား
မောင်မျိုးသိန်း B.Sc.(Physics)
မန်နေဂျင်းဒါရိုက်တာ၊ ခနသီဟကုမ္ပဏီလီမိတက်
နှင့်
ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဆည်မြောင်းလမ်း၊ အမှတ်(၂/ဘီ)နေ
ဦးအောင်သိန်း (မန်နေဂျင်းဒါရိုက်တာ၊ ခိုင်သရဖူဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)-
ဒေါ်မေစိုးတို့၏ တစ်ဦးတည်းသော သမီး
မကေခိုင် B.Com.
L.C.C.I (Diploma in Accounting, UK)
ဒါရိုက်တာ၊ ခိုင်သရဖူဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

တို့၏ ၁-၅-၂၀၀၄ရက်နေ့ Sedona Hotel (Grand Ballroom) တွင် ကျင်းပသော မင်္ဂလာဧည့်ခံပွဲ၌ မင်္ဂလာလက်စွပ်များ ချီးမြှင့်ပေးသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် ဇနီးဒေါ်ခင်အေး၊ ၂၇-၄-၂၀၀၄ မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးသောနေ့၌ မင်္ဂလာဆုံးမစကား ချီးမြှင့်ပေးသော ဗိုလ်ချုပ်ချစ်လှိုင်(ငြိမ်း)၊ မင်္ဂလာပွဲသို့တက်ရောက်ချီးမြှင့်ပေးသော ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့် ဇနီး ဒေါ်ဝင်းရွှေ၊ မင်္ဂလာစံပယ်ပန်းကုံးများချီးမြှင့်ပေးသော ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးနှင့် ဇနီး ဒေါ်ခင်မာ၊ မေတ္တာဖြင့် ရတနာများ ဆင်မြန်းပေးသော စိန်ကုန်သည် ဦးဝင်းနိုင်နှင့်ဇနီးဒေါ်စန်းစန်း၊ မိတ်ကပ် ဆံပင်နှင့် မင်္ဂလာဝတ်စုံ အလှဆင် ပြုပြင်ဖန်တီးပေးသော ခင်စန်းဝင်းနှင့် ပြည့်စိုးအောင်၊ မင်္ဂလာမှတ်တမ်းတင် ဗီဒီယို ဓာတ်ပုံရိုက်ကူးပေးသော ဦးစိုင်းဘုန်းထူးနှင့်အဖွဲ့၊ မင်္ဂလာအခါတော်ပေး သီချင်း သီဆိုပေးသော ဒေါ်ရီရီသန့်နှင့် မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော Lazy Club တေးဂီတအဖွဲ့၊ စားသောက်ဖွယ်ရာများဖြင့် ခင်းကျင်းကျွေးမွေးသော Sedona Hotel မှ ဝန်ထမ်းများ၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း။ **နှစ်ဖက်သော မိဘများနှင့်မောင်မျိုးသိန်း-မကေခိုင်။**

မီးဘေးရှောင် မလောင်ခင်တား

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဗိုလ်မှူးလှမြင့်(ငြိမ်း) ဌာနမှူး-ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ(ငြိမ်း)-
ဒေါ်စိန်စိန်ဟန်တို့၏ သားထွေး
မောင်ဉာဏ်သာ B.E (Civil)
ဌာနစုမှူး (အင်ဂျင်နီယာ)၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)
ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ
နှင့်
ရန်ကုန်မြို့နေ
ဦးထွေးမြင့် [မြန်မာ့ကြယ်ငါးပွင့်သဘော်ာလုပ်ငန်း(ငြိမ်း)]
(Ex. Technical Advisor, Nakamura Shinko Mokuzai, Co., Ltd., Tokyo, Japan)- ဒေါ်မြင့်မြင့်ရွှေ (အထပြ-ငြိမ်း၊ အထက-၂၊ ကမာရွတ်)
တို့၏ တစ်ဦးတည်းသော သမီး
ဒေါက်တာခင်သီဂီမြင့် M.B.,B.S (YGN)
တိုက်နယ်ဆရာဝန် (တော်လတီတိုက်နယ်ဆေးရုံ)၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်း

တို့၏ ၂၂-၄-၂၀၀၄ ရက်နေ့တွင် ထိမ်းမြားမင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော တရားသူကြီးချုပ် ဦးအောင်တိုးအားလည်းကောင်း၊ ၂-၅-၂၀၀၄(တနင်္ဂနွေနေ့) Sedona Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဇနီး ဒေါ်နီနီဝင်း၊ မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ ကြွရောက်ချီးမြှင့်ကြသော အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ဒုတိယမြို့တော်ဝန်နှင့် ဇနီး၊ စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင် ဒေါ်တင်တင်မြနှင့် အေဝမ်းဦးစိုးမြင့် တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော မယဉ်မင်းသူ၊ မင်္ဂလာအောင်စံပယ် ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းများ ကိုင်ဆောင်ပေးသော မကေဇင်ထွဋ်၊ သတို့သားအရံ ဗိုလ်ကြီးရဲထွန်းရီနှင့် ဗိုလ်ကြီးဘုန်းမြတ်သူ၊ သတို့သမီးအရံ Dr. ခင်ဝင်းမော်နှင့် Dr. မြတ်သူသူဝင်း၊ မိတ်ကပ်ဆံပင်အောင်အောင်၊ သတို့သမီးဝတ်စုံ မမဠူ၊ ပန်းအလှပြင် လင်းလင်း၊ စိန်ရတနာဆင်ယင်ပေးသော ကိုတင်အုန်း-မမိမိခင်၊ ဓာတ်ပုံဗီဒီယို စိုင်းဘုန်းထူးနှင့်အဖွဲ့၊ မင်္ဂလာပွဲဖြစ်မြောက်အောင်မြင်ရန် ကူညီဆောင်ရွက်ပေးသော သူငယ်ချင်း၊ မိတ်ဆွေသင်္ဂဟအပေါင်းနှင့် Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဉာဏ်သာ-ဒေါက်တာခင်သီဂီမြင့်။

SUN FAR
TRAVELS & TOURS CO., LTD.
ပြည်တွင်းပြည်ပခရီးစဉ်များကို ဈေးနှုန်းသက်သာလျှင်မြန်စွာ
ဆောင်ရွက်ပေးနေပါသည်။
အသေးစိတ်သိလိုပါက အောက်ပါလိပ်စာအတိုင်း
ဆက်သွယ်မေးမြန်းဝယ်ယူရရှိနိုင်ပါသည်။

HEAD OFFICE:
No. 122, 123, Ground Floor,
38th Street, Kyauktada Township,
Yangon, Myanmar.
Tel: 243993 (Hunt Line), 243992,
245472, 249862, 240205, 289061
Fax: 246318
E-mail: reservation@sunfar.com.mm

BRANCH OFFICE:
Unit#0105, 1st floor, Sakura Tower,
339, Bogyoke Aung San Street,
Kyauktada Tsp, Yangon, Myanmar.
Tel: 255338 (Hunt Line)
Fax: 255300
Domestic only:
Tel: 380888 (Hunt Line)

လှိုင်စာစဉ
မြပုလဲခင်
ကန္တာရမိုး
လုံးချင်းဝတ္ထုသစ်
ထွက်ပြီ

လိပ်ဝေါင်း။ ဂရင်ဂျီနာ၊ ဓအိုနာ၊ အဖုအကျိတ်
(အကြောအခိုး)၊ လေဘက်နာ၊ လေဖြတ် (အထူးကု)
အာမခံ ဆေးကုသပေးသည်။

မင်္ဂလာတောင်ညွန့် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာ အစည်းအဝေးကျင်းပ

ရန်ကုန် မေ ၂

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည် လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ယနေ့ နံနက်၉နာရီတွင် မင်္ဂလာ တောင်ညွန့်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီဝင် ဦးသန်းလှိုင် (တက္ကသိုလ်သခ်)၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးချစ်ကိုကို၊ မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်)နှင့် အမှုဆောင်များ၊ အသင်းဝင်စာရေးဆရာ၊ သတင်းစာဆရာများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိ မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်)၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီဝင် ဦးသန်းလှိုင် (တက္ကသိုလ်သခ်)နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကိုတို့က အမှာစကား အသီးသီး ပြောကြားပြီး နှစ်ပတ်လည် အစီရင်ခံစာကို မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသက်ဆွေ (ရှေ့ဆောင်တင်ဆွေ)က ဖတ်ကြားတင်သွင်း အတည်ပြုသည်။လစ်လပ်နေသည့်အမှုဆောင် တစ်နေရာကို ဒေါ်အေးအေးသိန်း (တက္ကသိုလ် အေးမြစန္ဒာ) အား ရွေးချယ်တင်မြှောက်သည်။

(သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ ၂-၅-၂၀၀၄

မကွေး	-	၄၄ ဒီဂရီစင်တီဂရိတ်	(၁၁၁ ဒသမ ၂ ဒီဂရီ ဖာရင်ဟိုက်)
အောင်လံ	-	၄၃ ဒီဂရီစင်တီဂရိတ်	(၁၀၉ ဒသမ ၄ ဒီဂရီ ဖာရင်ဟိုက်)
မုံရွာ	-	၄၂ ဒီဂရီစင်တီဂရိတ်	(၁၀၇ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်)
မိတ္ထီလာ	-	၄၂ ဒီဂရီစင်တီဂရိတ်	(၁၀၇ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်)
ညောင်ဦး	-	၄၂ ဒီဂရီစင်တီဂရိတ်	(၁၀၇ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်)
ပျဉ်းမနား	-	၄၂ ဒီဂရီစင်တီဂရိတ်	(၁၀၇ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်)
မင်းဘူး	-	၄၂ ဒီဂရီစင်တီဂရိတ်	(၁၀၇ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်)
ပြည်	-	၄၂ ဒီဂရီစင်တီဂရိတ်	(၁၀၇ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်)
သာယာဝတီ	-	၄၂ ဒီဂရီစင်တီဂရိတ်	(၁၀၇ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်)
ပုသိမ်	-	၄၂ ဒီဂရီစင်တီဂရိတ်	(၁၀၇ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်)
မှော်ဘီ	-	၄၂ ဒီဂရီစင်တီဂရိတ်	(၁၀၇ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်)
ရန်ကုန်	-	၄၁ ဒီဂရီစင်တီဂရိတ်	(၁၀၅ ဒသမ ၈ ဒီဂရီဖာရင်ဟိုက်)

အမြန်ဝယ်လိုသည်
၁၄ ပေ Dyna, Canter
ပွဲစားမလို၊ ဆက်သွယ်ရန်
ဖုန်း-၆၈၀၃၈၃။

မှတ်သားဖွယ်ရာ မိုးရေချိန်

(၂-၅-၂၀၀၄)
တောင်ငူ
၁ ဒသမ ၁ လက်မ

ရဟန်းခံပွဲနှင့် ညောင်ရေသွန်းပွဲတော်

ပဲခူး မေ ၂၉

ပဲခူးတိုင်း အင်းတကော်စံပြကျေးရွာ အမှတ်(၉)ရပ်ကွက်တွင်တည်ရှိသော ဓမ္မိကသန္တစာရီ ရွှေဝါးကျောင်း ပရိယတ္တိစာသင်တိုက်၌ ဆရာတော် ဦးပညာသီဟာလင်္ကာရ (ကမ္မဋ္ဌာနာစရိယ) ရွှေဝါးကျောင်း ဆရာတော်ဦးစီး၍ ရှင်အပါး ၅၀၀ ရဟန်းခံပွဲကို မေ ၃ ရက် မှ ၉ ရက်အထိ ခုနစ်ရက်ကျင်းပပြီး ဝိပဿနာကမ္မဋ္ဌာန်းတရားများကို အားထုတ်ကြမည်ဖြစ်သည်။

ပရိက္ခရာရှစ်ပါး ပြည့်စုံစွာရှိသဖြင့် ရဟန်းဝတ်လိုသူ ဓမ္မမိတ်ဆွေဟောင်းများ၊ ဓမ္မမိတ်ဆွေအသစ်များ အထက်ဖော်ပြပါကျောင်းနှင့် ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။ ကဆုန်လပြည့်နေ့တွင် ဆရာတော် ဦးပညာသီဟာလင်္ကာရ အမှူးပြု၍ ဗုဒ္ဓဂယာမှ ပင့်ဆောင်လာသော လိုတရ အောင်တော်မူ ဗောဓိညောင်ပင်အား ရဟန်း ဒါယကာ၊ ဒါယိကာမများနှင့် တပည့်သာဝကများက ညောင်ရေသွန်းပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

မြကြိုက်ပြန်စေတီ စုပေါင်းသန့်ရှင်း

နေပြည်တော် မေ ၂၀

နေပြည်တော်မြို့ အရှေ့ဘက်ကမ်း စံကင်းကျေးရွာတွင် ရှေးဟောင်းသမိုင်းဝင် မြကြိုက်ပြန်စေတီတော်သည် လွန်ခဲ့သည့် ခြောက်နှစ်ကျော်က မြစ်ရေတိုက်စားမှုကြောင့် ဧရာဝတီမြစ်ထဲသို့ ပြိုကျပျက်စီးနစ်မြုပ်သွား၍ မြကြိုက်ပြန်စေတီတော်အား ရွှေတိဂုံစေတီတော် ပုံစံတူကို စံကင်းကျေးရွာအဝင် ကားလမ်းညာဘက်ဘေးတွင် အသစ်ပြန်လည် တည်ဆောက်လျက်ရှိသည်။

— လုပ်အားဒါနပြု —

စံကင်းကျေးရွာအုပ်စု အတွင်းရှိ ဗုဒ္ဓဘာသာဝင်များ၊ ဝတ်အသင်းအဖွဲ့များ၊ လူမှုရေး အသင်းအဖွဲ့များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တောင်သူလယ်သမားများ၊ ကျေးရွာပြည်သူ ၅၀၀ ကျော်တို့သည် မြန်မာနှစ်ဆန်း ၁ ရက် (ဧပြီ ၁၇ ရက်တွင်) အုတ်သယ်ခြင်း၊ အုတ်စီခြင်း၊ ဘုရားပရိဝုဏ်အတွင်း ပေါင်းမြက်များ၊ အမှိုက်များရှင်းလင်းခြင်းကို စုပေါင်းလုပ်အားဒါနပြုကြသည်။ **(၁၆၄)**

ရွှေဘိုခရိုင် သစ်ပင်ပျိုးပွဲတော်ကျင်းပ သစ်ပင်ထိန်းသိမ်းခြင်းလုပ်ငန်း ရှင်းလင်း

ရွှေဘို ဧပြီ ၂၇

ရွှေဘိုခရိုင် သစ်တောဦးစီးဌာနနှင့် ခရိုင် စိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ မိုးရာသီလူထုလှုပ်ရှားမှုဖြင့် စိုက်ပျိုးမည့် သစ်ပင်များအတွက် သစ်ပင်ပျိုးပွဲတော်ကို ဧပြီ ၁၇ ရက် နံနက် ၉ နာရီတွင် ဝက်လက်မြို့နယ် ရေထွက်ပျိုးဥယျာဉ်၌ ကျင်းပသည်။

အခမ်းအနားသို့ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရွှေဘို၊ ဝက်လက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ အသီးသီးမှ ပုဂ္ဂိုလ်များ၊ မြို့မမြို့ဖနှင့် ပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

သစ်ပင်ပျိုးပွဲတော်ကို ရွှေဘိုခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး၊ ရွှေဘိုခရိုင် သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းဝေက သစ်စေ့များ ပျိုးထောင်ခြင်း၊ စိုက်ပျိုးခြင်း ထိန်းသိမ်းခြင်းလုပ်ငန်းများကိုရှင်းလင်းပြသသည်။

ရွှေဘိုခရိုင်အတွင်း မိုးရာသီတွင် သစ်တောဦးစီးဌာနမှ သစ်ဆိမ့်ပင် တစ်သိန်းနှင့် အခြားအပင် နှစ်သိန်း၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဌာနမှ သစ်ဆိမ့်ပင် ၁၇၃၈၀ အခြားသစ်ပင် ၁၂၄၆၂၀တို့ ပျိုးထောင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မတ် ၂၃ ရက်က ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော ဖယန်းလူးလမ်းခွဲကျေးရွာ ကျေးလက် စိမ့်စမ်းရေ ဖွင့်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဌာနဆိုင်ရာများက အများသုံးရေတိုင်မှဒေသခံပြည်သူများ ရေရယူသုံးစွဲမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်/စည်ပင်)

လှိုင်းဘွဲ့မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးဌေးဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူ၊ ဈေးသားများ ဧပြီ ၂၅ ရက်က လှိုင်းဘွဲ့မြို့မဈေးကြီး မီးဘေးလုံခြုံရေးအတွက် ကြိုတင်လေ့ကျင့်မီးငြှိမ်းသတ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ကြီးကြပ်ဆောင်ရွက်

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ အမှတ်(၂)ဈေးအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ ဆယ်ယူခြင်း လုပ်ငန်းကို ဧပြီ ၂၁ ရက်က ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းကျော် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်/စည်ပင်)

မြို့နယ်လုံးကျွတ် ဆွမ်းဆန်လောင်းလှူ

မြောင်းမြ ဧပြီ ၁၇

ဧရာဝတီတိုင်း မြောင်းမြမြို့ (၆၉)ကြိမ်မြောက် မြို့နယ်လုံးကျွတ် သံဃာ့ဒါန ဆွမ်းဆန်တော်လောင်းလှူပွဲကို ဧပြီ၁၇ရက်(မြန်မာနှစ်ဆန်း ၁ ရက်နေ့)က (၄)လမ်းရှိ ဇဟိုမဏ္ဍပ်ရှေ့တွင် ကျင်းပ ရာ အခမ်းအနားကို မြောင်းမြခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွဋ်ဝင်းက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

လောင်းလှူ

ဆွမ်းဆန်တော်လောင်းလှူပွဲကို မြောင်းမြမြို့ (၇)လမ်းရှိ သာသနာ့ဗိမာန်မှ စတင်ပြီး ဦးဘချိုလမ်းမကြီးတစ်လျှောက် ၎င်းမှ ဦးဘချိုလမ်းနှင့် (၄)လမ်းထောင့် ဇဟိုမဏ္ဍပ်နှင့် (၃) လမ်း၊ အောင်ဆန်း လမ်းမကြီးတစ်လျှောက်မှ ၁၂လမ်းနှင့် ဦးဘချိုလမ်းတို့တွင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်များကို လောင်းလှူကြသည်။

ကျပ်သိန်း ၄၂၀ ခန့်

ဆွမ်းဆန်လောင်းလှူပွဲတွင် မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၄၃၇ ကျောင်းတို့မှ သံဃာအပါး ၂၁၁၄ပါးတို့အား ပဒေသာပင် မဟာဒက်မဲ ၄၆၆ တန်ဖိုးငွေ ၁၇၀၄၈၃၆၅ ကျပ်နှင့် ဆီ၊ဆန်၊ဆား၊ ငရုတ်၊ ကြက်သွန်များ ငွေကျပ်သိန်း ၂၅၀ စုစုပေါင်း အလှူငွေကျပ် သိန်း ၄၂၀ ခန့်ကို လောင်းလှူခဲ့ကြကြောင်းသိရသည်။ **(၁၇၆)**

ဝိပဿနာ ၁၀ ရက် တရားစခန်းဖွင့်မည်

မော်လမြိုင် ဧပြီ ၂၆

မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ရှိ မင်းကျောင်းပရိယတ္တိစာသင်တိုက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော သတ္တမ အကြိမ်မြောက် ညောင်လွန်းတောရ ဘုမ်ကျဉ်း ဝိပဿနာ ၁၀ ရက် စခန်းဖွင့်ပွဲကို မေ ၆ ရက်မှ ၁၅ ရက်အထိ မင်းကျောင်းပရိယတ္တိစာသင်တိုက်တွင် တရားစခန်းဖွင့်မည်ဖြစ်သည်။

အဆိုပါ တရားစခန်းတွင် တရားပြဆရာတော်အဖြစ် မော်လမြိုင်မြို့ မင်းကျောင်းပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ သိရိနာဂိန္ဒာဘိဝံသက တရားပို့ချပေးပြီး တရားစခန်းဝင်ရောက်လိုသူများနှင့် လှူဒါန်းလိုသူများသည် မေ ၃ ရက်ထက်နောက်မကျဘဲ မင်းကျောင်းပရိယတ္တိစာသင်တိုက်အုပ်ဆရာတော် ဖုန်း-၀၅၇-၂၄၀၁၃ သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(၃၀၇)**

နွေစပါးစိုက်ပျိုးမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

ခင်ဦး ဧပြီ ၂၅

ခင်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုအဖွဲ့ဝင်များသည် ဧပြီ၂၁ ရက်က ရွှေဘိုတူးမြောင်း လက်တံ အမှတ်(၁) မြင်းဒေါင်းစိုက်ပျိုးရေးစခန်းနှင့် လက်တံအမှတ်(၃) ငွေးကုန်းစခန်းတို့တွင် နွေစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်း

ယခုနှစ်တွင် ခင်ဦးမြို့နယ်အနေဖြင့် နွေစပါးဧက ၂၄၂၆၀ စိုက်ပျိုးရန် လျာထားရာ ယခုအခါ ၂၄၄၄၂ ဧက စိုက်ပျိုး ပြီးစီး၍ မိုးစပါးစိုက်ပျိုးနိုင်ရန် တောင်သူများ၏ ရေရရှိရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးခဲ့သည်။ **(မြို့နယ်ပြန်/ဆက်)**

မြို့နယ် သတင်းများ

မြင်းခြံမြို့နယ် ဆီမီးခုံစံပြကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ဦးရွှန်းစာကြည့်တိုက်ဖွင့်ပွဲကို ဧပြီ ၇ ရက်က ရွှေစည်းဂုဏ်ဘုရား ခြေတော်ရင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးတင်အောင်ညွှန့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးကျော်အောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (၁၁၄)

ကွင်းဆင်းစစ်ဆေး

ဧပြီ ၄ ရက်က ကချင်ပြည်နယ် ဖားကန့်မြို့နယ် နမ့်မော်ကျေးရွာ တံတားကို ကြံ့ခိုင်မှုနှင့် ရေစီးရေလာကောင်းမွန်မှု ရှိ၊ မရှိကို ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ဇေယျနှင့် အင်ဂျင်နီယာအဖွဲ့တို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြစဉ်။

(က-ပ)

ဒစ်ဂျစ်တယ်တယ်လီဖုန်းလိုင်းခွဲဖွင့် အချက်အလက်များ ရှင်းလင်းတင်ပြ

လှိုင်ကော် ဧပြီ ၂၀

ကယားပြည်နယ် လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ သီရိမင်္ဂလာဈေး ကိုယ့်အားကိုယ်ကိုး လိုင်းခွဲ (ဒစ်ဂျစ်တယ်) တယ်လီဖုန်းအိတ်ချိန်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၉ ရက်က တယ်လီဖုန်းအိတ်ချိန်း အဆောက်အအုံမုခ်ဦးတွင် ကျင်းပရာ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး မြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းမောင်နှင့် အဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များမှတပ်မတော်အရာရှိများ၊ မြို့နယ်ဥက္ကဋ္ဌဦးမြင့်စိုးနှင့် အဖွဲ့ဝင်များ၊သူနာပြုသင်တန်းကျောင်းသူများနှင့် ဈေးသူ၊ ဈေးသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဒုညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် မြန်မာ့ဆက်သွယ်ရေး ပြည်နယ်မန်နေဂျာ ဦးသိန်းဇော်တို့က တယ်လီဖုန်းအိတ်ချိန်းနှင့် ပတ်သက်သော အချက်အလက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ကိုယ့်အားကိုယ်ကိုး လိုင်းခွဲ(ဒစ်ဂျစ်တယ်) တယ်လီဖုန်းအိတ်ချိန်းဖွင့်ပွဲကို လှိုင်ကော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့အလုပ်အမှုဆောင် ဦးတင်ဝင်း၊ ဈေးကော်မတီဝင် ဦးသန်းမောင်နှင့်ဦးဝင်းမြတ်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(၄၄၆)**

ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းဖွင့်

နွားထိုးကြီး ဧပြီ ၂၀

နွားထိုးကြီးမြို့ အမှတ်(၆)ရပ်ကွက် ဘုရားပတ်လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၉ ရက် နံနက် ၁၀နာရီက မုခ်ဦးမဏ္ဍပ်တွင် ကျင်းပသည်။

အခမ်းအနားသို့မြင်းခြံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးညွှန့်မြင့်သန်း၊ နွားထိုးကြီးမြို့နယ် ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးအသင်း၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌများ၊ အထကကျောင်းမှ ဘင်ခရာတီးဝိုင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ တက်ရောက်ကြသည်။

ထို့နောက်အဆိုပါလမ်းကို မြို့နယ်ဥက္ကဋ္ဌဦးမြင့်ဆွေ၊ မြို့နယ်အမှုဆောင်အရာရှိ ဦးအေးနိုင်နှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ကတ္တရာလမ်းကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ထည့်ဝင်ငွေကျပ်၂၀၃၄၀၀၊ ဂေါပကအဖွဲ့က ထည့်ဝင်ငွေ ကျပ် ၉၂၇၀၀၀ စုစုပေါင်းကုန်ကျငွေ ၁၁၃၀၄၀၀ ဖြစ်ပြီး လမ်းအရှည် ပေ ၆၅၀ ၊ အကျယ် ၁၂ ပေ ဖြစ်ကြောင်း သိရသည်။ **(၉၄)**

မန္တလေးတိုင်း မိတ္ထီလာခရိုင် မလှိုင်မြို့ ဘိုးဘွားရိပ်သာနှစ်ပတ်လည် အခမ်းအနားကို ဧပြီ ၂ရက်က ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြင့်ဆွေက ဘိုးဘွားရိပ်သာသို့ အလှူငွေများ လှူဒါန်းသည့် အလှူရှင်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်စဉ်။

(က-ပ)

ပြည်နယ်ညွှန်မှူး ကျေးလက်မြေသားလမ်းစစ်ဆေး

မြစ်ကြီးနား ဧပြီ ၂၁

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးတင်ချိုသည် ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးအောင်ငွေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအေးဆွေ၊ အင်ဂျင်နီယာမှူးဦးတင်ဦးတို့နှင့်အတူ အရှည် ၂ မိုင် ၆ ဒသမ ၂ ဖာလုံရှိ နန့်ကွေ့-နန်ကျင် မြေသားလမ်း ဖောက်လုပ်ပြီးစီးမှုကို ဧပြီ ၂၃ ရက်က သွားရောက် စစ်ဆေးကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ကြပ်မတ်ဆောင်ရွက်ခဲ့သည်။

မြစ်ကြီးနားမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွက် မြို့ပြကတ္တရာလမ်း ၁၁လမ်းအရှည် ၁ မိုင် ၅ ဒသမ ၅၉ ဖာလုံ၊ ကျောက်ချောလမ်းတစ်လမ်း အရှည် ၂ ဒသမ ၅၈ဖာလုံတို့ကို ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၂၅၀ဖြင့် လည်းကောင်း၊ ကျေးလက်မြေသားလမ်းအရှည် ၂မိုင် ၆ ဒသမ ၂ ဖာလုံကို အဖွဲ့ရန်ပုံငွေကျပ် သိန်း ၄၀ဖြင့် လည်းကောင်း၊ပမ္မတီးပြည်ထောင်ကျေးလက်လမ်းအရှည် ၁မိုင် ၄ဖာလုံ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းနှင့် အရှည်ခြောက်မိုင်ကျောက် ချောခင်းခြင်းလုပ်ငန်းကို နိုင်ငံတော် ထောက်ပံ့ငွေကျပ်သိန်း ၄၀၈ ဒသမ ၅သိန်းဖြင့် လည်းကောင်း၊ စုစုပေါင်းကျပ်ငွေ ၆၉၈ ဒသမ ၅ သိန်း အကုန်အကျ ခံဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **ပြည်နယ်စည်ပင်။**

တပ်မတော်ဆေးရုံသို့ သွေးလှူဒါန်း

ချောက် ဧပြီ ၂၇

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက် ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး (ဂ)အဆင့် ချောက်မြို့မှ မန်နေဂျာ ဦးသန်းဝင်း ဦးစီးဝန်ထမ်းနှင့် မိသားစုဝင်များသည် မတ် ၂၆ ရက်တွင် အမှတ်(၁) တပ်မတော်ဆေးရုံ ခုတင်၅၀၀၊ မိတ္ထီလာမြို့သို့ သွားရောက်၍ သွေးများ လှူဒါန်းကြပြီး အလှူငွေကျပ် ၅၀၀၀၀ ကို တပ်မတော်ဆေးရုံသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

ကြေးမုံ The Mirror

မြို့နယ် သတင်းများ

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်ပြည်သူပူးပေါင်းဆောင်ရွက်ပြီးစီးခဲ့သော မော်လမြိုင်မြို့ ပန်းဘဲတန်းရပ် သင်္ဂဟလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၅ ရက်က လမ်းသစ် မုခ်ဝရှေ့တွင် ကျင်းပရာ မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အောင်နှင့် မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်လှိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(၂၅၇)

ကြာဘက်ကုန်းကျေးရွာ၌ ရေကန်ဖွင့်ပွဲကျင်းပ

သာစည် ဧပြီ ၂၀

သာစည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ကျေးရွာပြည်သူတို့ ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သည့် ကြာဘက်ကုန်းကျေးရွာ ရေကန်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၆ ရက် နံနက် ၈ နာရီက ကြာဘက်ကုန်းကျေးရွာရှိ အဆိုပါ ကန်ဦးနေရာတွင် ပြုလုပ်သည်။

တက်ရောက်

အခမ်းအနားသို့ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဦးနှင့် အဖွဲ့ဝင်များ၊ သာစည်မြို့နယ်ဥက္ကဋ္ဌ ဦးအေးလူနှင့် အဖွဲ့ဝင်များ၊မိတ္ထီလာခရိုင် ဆည်မြောင်း ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်နှင့် မြို့နယ် စိုက်ပျိုးရေး ညှိနှိုင်းမှုကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာဥက္ကဋ္ဌနှင့် ကျေးရွာ မိဘပြည်သူများ တက်ရောက်ကြသည်။

ရေသိုလှောင်

ယခုဖွင့်လှစ်သော ကြာဘက်ကုန်းကန်မှာ ရေသိုလှောင်နိုင်မှု ၁၂၀၀ ဧကပေရှိ၍ ရေသောက်ဧရိယာမှာ ၁၀၁၈ ဧကရှိကြောင်း သိရသည်။

(၄၂၅)

တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဝင်းအတွင်း ဧပြီ ၂၂ ရက်က ဖွင့်လှစ်ခဲ့သည့်ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ရုံးသစ်ကို ခရိုင်ဥက္ကဋ္ဌ၏ဇနီး ဒေါ်သူသူမင်းစံနှင့် ခရိုင်အမျိုးသမီး ရေးရာနာယက ဒေါ်နန်းခမ်းဆောင် တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(ခရိုင် ပြန်/ဆက်)

ပုဂံညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ရေရှားပါးသည့် တောင်ဇင်းကျေးရွာအုပ်စု စံပြကျေးရွာတွင် လေးလက်မစက်ရေတွင်း(တွင်းနက်)ကို တူးဖော်ပေးလျက်ရှိရာ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဆန်းလင်းတို့က ဧပြီ ၂၂ ရက်က စစ်ဆေး ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(၉၁)

ကမ္ဘာ့ကြက်ခြေနီနေ့ကို ကြိုဆိုဂုဏ်ပြု

ရှေးဦးသူနာပြု

အခြေခံသင်တန်းဖွင့်

ရေတာရှည် ဧပြီ ၂၉

ကမ္ဘာ့ကြက်ခြေနီနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေတာရှည်မြို့နယ် မြို့နယ်ကြက်ခြေနီအသင်းမှကြီးမှူး၍ ကြက်ခြေနီ ရှေးဦးသူနာပြု(အခြေခံ)သင်တန်းဖွင့်ပွဲကို ဧပြီ ၂၄ ရက်က ရေတာရှည်မြို့နယ် ရေနီမြို့မ အထက်တန်းကျောင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သန်း၊ မြို့နယ် ကြက်ခြေနီအသင်းဥက္ကဋ္ဌ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဦးထွန်းနေအောင်၊ ဒု-မြို့နယ် ရဲတပ်ဖွဲ့မှူး ဦးအေးကျော်တို့ တက်ရောက်ကြပြီး အမှာစကားအသီးသီး ပြောကြားကြသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်ကြက်ခြေနီတပ်ရင်းမှ ဒုတပ်ရင်းမှူး ဦးအောင်မြင့်နှင့် တပ်ဖွဲ့ဝင်အင်အား ၃၀ ကျော် တက်ရောက်ကြပြီး သင်တန်းသို့ သင်တန်းသား ၅၀ ဦး တက်ရောက်ကာ သင်တန်းကာလမှာ ၁၅ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ **(က-ပ)**

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

B.Sc.(Geology)
Manager (Maung Weik & Family Co., Ltd.)

M.Sc.(Zoology) , Dip. in Korean (Y.U.F.L)
Principal (JON JIN Korean & Foreign Languages Centre)

International Business Centre

Top English

SPEAKING - GRAMMAR - PHONETICS

Phone: 500263

TOP ☎ 243363 705877

GRACE TRAINING AND SERVICE CENTRE

10.5.04 … 2:00 – 4:00 …

☎ 707956

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်း အဝေးအခမ်းအနားများတွင် ခေတ်မီပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များဈေးနှုန်း သက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီ အတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်၊
ဖုန်း-၂၄၅၆၄၅။



မွေးနေ့မင်္ဂလာဆုမွန်လွှာ

ချစ်သမီးလေး **အိမွန်မွန်ကို**ရဲ့ ၃-၅-၂၀၀၄တွင် ကျရောက်သော (၁၇)နှစ်ပြည့် မွေးနေ့မှသည် အသက်ရာကျော်ရှည်ပါစေ၊ အောင်မြင်မှု တိုင်းသည် ချစ်သမီးအတွက် အမြဲတမ်းဖြစ်ပါစေ---။

ချစ်သောအဘွား – ဒေါ်ကျင်မြ၊ ဒေါ်တင်ကြည်
ချစ်ဖေကြီး – ဦးဝင်းကိုကို
ချစ်မာမီ – ဒေါ်သိန်းသိန်းဌေး။

မွေးနေ့ဆုမွန်

ချစ်ခင်လေးစားရသောအစ်မကြီးဒေါ်ခင်နွဲ့ဟန်ကြည် (ညွှန်/မှူး၊ သထပ)၏ (၆၃)နှစ်ပြည့်မွေးနေ့ ၃-၅-၂၀၀၄မှသည် နောင်နှစ်ပေါင်းများစွာ ရောဂါဘေးအန္တရာယ် ကင်းဝေးလျက် ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာစွာဖြင့် ချစ်သောတူ၊ တူမ၊ မြေးများနှင့်အတူ နိုင်ငံ့အကျိုးကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သောတူ၊ တူမ၊ မြေးများ–
မျိုး၊ ဟန်ရှိန်လင်း–မေရီ၊ ရဲသွင်–ရူပါကျော်၊
ဉာဏ်မင်းထွန်း–သင်းသင်းနွယ်၊ဖိုးသား၊ မယ်သား၊ စိမ့်၊ သိမ့်၊

SSi EDUCATION — COMPUTER TRAINING CENTRE

It's where your future is.

Courses: Dot Next, Java, C#, Oracle, VB, Network Admin, Unix, e-com, Linux, C, C++, Smart Start, Impact, Summer Courses for Kids

လစဉ်တန်းခွဲသစ်များရှိသည်။

SUMMER DISCOUNT 10% to 30% Off

SSi Centre - II Opening Shortly

Tel: 95-1-241208, 248192, 512693

Bldg#: 226, 2nd Floor, Wizaya Plaza, U Wisara Road, Bahan Township, Yangon.

May 13/27

May 13/27

May 13/27

Hotel Restaurant Aircon Express

Ph: 09-4924512, 09-5013931, 549505

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အလုပ်ရုံဝန်ထမ်းများအတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ ဗဟိုစက်မှုလက်မှုအလုပ်ရုံတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အလုပ်ရုံဝန်ထမ်းများအတွက် လျှောက်လွှာများအလိုရှိပါသည်–
(က) လ/ထနည်းပြ(အလုပ်ရုံ) လစာနှုန်း(၅၄၀၀–၁၀၀–၅၉၀၀)၅၆နေရာ
(ခ) သရုပ်ပြကျွမ်းကျင်(အလုပ်ရုံ) လစာနှုန်း(၄၈၀၀–၁၀၀–၅၃၀၀)၅၆နေရာ
(ဂ) အလုပ်ရုံအကူ လစာနှုန်း(၄၂၀၀–၁၀၀–၄၇၀၀)၂၀နေရာ

၂။ အထက်ပါရာထူးနေရာများအတွက် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်–
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အမှတ်စဉ်(၁–က)ရာထူးအတွက် A.G.T.I (MT.MP.EC.EP.MC. PR.Civil)ဒီပလိုမာ လက်မှတ်ရရှိသူများဖြစ်ရမည်။
(ဂ) အမှတ်စဉ်(၁–ခ)ရာထူးအတွက် T.H.Sလက်မှတ်ရရှိသူလျှောက်ထားနိုင်သည်။
(ဃ) အမှတ်စဉ်(၁–ဂ)ရာထူးအတွက် အခြေခံကျွမ်းကျင်မှုသင်တန်း ဒုတိယအဆင့် လက်မှတ်ရရှိသူများ လျှောက်ထားနိုင်သည်။
(င) လျှောက်ထားသူသည် ကျန်းမာသန်စွမ်းသူဖြစ်ပြီး ၃၁–၅–၂၀၀၄နေ့တွင် အသက်(၃၀)ထက်မကျော်လွန်သူဖြစ်ရမည်။
(စ) ရွေးချယ်ခံရသူများသည် ရေးဦးစွာ ကျွမ်းကျင်သင်တန်း(၃)လတက်ရမည်။
(ဆ) ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်၊ အောင်လက်မှတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲတပ်ဖွဲ့၏ ထောက်ခံချက်၊ အလုပ်သမားမှတ်ပုံတင်လက်မှတ်၊ ပါတ်စပို့အရွယ်ဓာတ်ပုံ (၃)ပုံနှင့်အတူ နီးစပ်ရာ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများသို့ ၃၁–၅–၂၀၀၄နေ့အရောက်ပေးပို့လျှောက်ထားရမည်။

၄။ အသေးစိတ်သိရှိလိုပါက အစိုးရနည်းပညာကောလိပ်များနှင့်အစိုးရစက်မှုလက်မှုသိပ္ပံများသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

Vacancies

(For Local service only)

We are the leading Consumer Products, Distribution Company and we urgently need energetic, hardworking & honest candidates for the following posts. (Yangon & Mandalay)

1. Sales Representative (Male) - 7 posts
- Age-18-25 years.
- Minimum 1-year experience in related field.
- Matriculation passed.
- Able to travel all over Myanmar.
- Valid driving license & Minimum 2 years experience.
- Able to work irregular office hours

2. Driver (Male) -2 posts
- Age-22-30 years.
- Minimum 3 years experience in related field.
- Matriculation passed.
- Valid driving license & Minimum 3 years experience.

Interested candidates should send-C.V, 2 recent photo, photocopies of labor Registration card, N.R.C card, Driving license, education certificate & Others to-
Paktama Group Company Limited.
No-64, Sayar San Street. Bahan Township.
Yangon, Myanmar.
Tel: 951-542544, 701621
Branch Office
No.201, Ward 210, 26-B Street., (Bet:90th & 91 st),
Aung Myae Thar Zan Tsp, Mandalay, Myanmar.
Tel:952-66098
Last Date-19-05-2004
Only short listed candidates will be called for interview.
(Salary in Kyats)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
မဟာအင်ဂျင်နီယာဘွဲ့ သင်တန်းများအတွက်
လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် (လှိုင်သာယာ)နှင့် မန္တလေးနည်းပညာ တက္ကသိုလ်များတွင် ၂၀၀၄–၂၀၀၅ ပညာသင်နှစ်အတွက် ၂၀၀၄ ခုနှစ်၊ မေလ(၂၇)ရက်နေ့တွင် စတင် ဖွင့်လှစ်မည့် အောက်ပါမဟာအင်ဂျင်နီယာဘွဲ့ သင်တန်းများအတွက် လျှောက်လွှာများ ခေါ်ယူအပ်ပါသည်။

ဖွင့်လှစ်မည့်သင်တန်းများ

(၁)M.E.(Civil)	(၈)M.E.(Mining)
(၂)M.E.(Mechanical)	(၉)M.E.(Textile)
(၃)M.E.(Electrical Power)	(၁၀)M.E.(Petroleum)
(၄)M.E.(Electronic)	(၁၁)M.E.(Metallurgy)
(၅)M.E.(Information Technology)	(၁၂)M.E.(Aeronautical)
(၆)M.E.(Mechatronic)	(၁၃)M.E.(Architecture)
(၇)M.E.(Chemical)	

၂။ လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရမည်။
(က)လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး(၃)ဦးစလုံးသည် မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ)သက်ဆိုင်ရာ အဓိက ဘာသာရပ်ဖြင့် B.E./B.Arch. ဘွဲ့ရရှိပြီး၊ မဟာအင်ဂျင်နီယာသင်တန်းသို့ တက်ရောက်ရန် အဆင့်မီသူများသာ လျှောက်ထားနိုင်သည်။
(ဂ)သင်တန်းသို့ အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။
(ဃ)သင်တန်းစတင်မည့် (၂၇–၅–၂၀၀၄)ရက်နေ့တွင် အသက်(၃၅)နှစ်ထက်မကျော်လွန်သူများ လျှောက်ထားနိုင်သည်။
(င)ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဦးစီးဌာနမှ အချိန်ပြည့် တက်ရောက် ခွင့်ပြုကြောင်း ထောက်ခံချက်တင်ပြရမည်။

၃။ မန္တလေးနည်းပညာတက္ကသိုလ်တွင် အောက်ပါနည်းပညာတက္ကသိုလ်/နည်းပညာကောလိပ်များ မှ အောင်မြင်သူများကို လက်ခံသင်ကြားပေးမည်ဖြစ်၍ အဆိုပါ နည်းပညာတက္ကသိုလ်/နည်းပညာကောလိပ်များမှ အောင်မြင်သူများသည် မန္တလေးနည်းပညာတက္ကသိုလ်တွင် လျှောက်ထားရမည်။
မန္တလေးနည်းပညာတက္ကသိုလ်၊ မြစ်ကြီးနား GTC၊ ဗန်းမော်GTC၊ လားရှိုးGTC၊ ကလေးGTC၊ မုံရွာGTC၊ မန္တလေးGTC၊ ကျောက်ဆည်GTC၊ မိတ္ထီလာGTC ၊ မကွေးGTC ၊ ပခုက္ကူGTC ၊ အေးသာယာGTC၊ ကျိုင်းတုံ GTC၊ လွိုင်ကော်GTC ၊ ပင်လုံGTC ၊

၄။ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်(လှိုင်သာယာ)တွင် အောက်ပါ နည်းပညာ တက္ကသိုလ်/နည်းပညာကောလိပ်များမှ အောင်မြင်သူများကို လက်ခံ သင်ကြားပေးမည်ဖြစ်၍ အဆိုပါ နည်းပညာတက္ကသိုလ်/ နည်းပညာကောလိပ်များမှ အောင်မြင်သူများသည် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် (လှိုင်သာယာ)တွင် လျှောက်ထားရမည်။
ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်(လှိုင်သာယာ)၊ ပြည်နည်းပညာတက္ကသိုလ်၊ တောင်ငူGTC၊ ပြည် GTC၊ စစ်တွေ GTC၊ ဟသ်ာတ GTC၊ ပုသိမ်GTC၊ မှော်ဘီ GTC၊ သန်လျင်GTC၊ မြိတ်GTC၊ မော်လမြိုင်GTC၊ မအူပင်GTC၊ ဘားအံ GTC၊ ထားဝယ်GTC၊

၅။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် သက်ဆိုင်ရာ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်(လှိုင်သာယာ)နှင့်မန္တလေးနည်းပညာတက္ကသိုလ်များတွင် (၁၄–၅–၂၀၀၄)ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်။

၆။အခြားသိလိုသည်များရှိပါက ရန်ကုန်နည်းပညာတက္ကသိုလ်(ကြို့ကုန်း) ဖုန်း–၀၁–၆၄၂၅၆၀၊ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်(လှိုင်သာယာ) ဖုန်း– ၀၁–၇၁၀၇၀၆နှင့် မန္တလေးနည်းပညာတက္ကသိုလ် ဖုန်း–၀၂– ၈၈၇၅၆ကျောင်းသား ရေးရာဌာနများတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဝမ်းနည်းကြေကွဲခြင်း

ဦးကောင်းညွှန့် B.Sc (Hons) M.Sc
အသက် (၆၉)နှစ်
အဖွဲ့ဝင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ပါမောက္ခချုပ်(ငြိမ်း)ဒဂုံတက္ကသိုလ်

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ အဖွဲ့ဝင် ဦးကောင်းညွှန့်သည် ၂၉–၄–၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ကြော်ငြာစာအမှတ် – ၁၈/၂၀၀၄
(၂၀၀၄ခုနှစ်၊ ဧပြီလ ၂၆ရက်)
လျှောက်လွှာခေါ်ယူခြင်း

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာများအလိုရှိပါသည်။

စဉ်	ရာထူး	ပညာအရည်အချင်း	လစ်လပ်
(က)	လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)	မြို့ပြအင်ဂျင်နီယာဘွဲ့	၁နေရာ
(ခ)	လက်ထောက်အင်ဂျင်နီယာ(လျှပ်စစ်)	လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဘွဲ့(သို့မဟုတ်) အီလက်ထရွန်နစ် အင်ဂျင်နီယာဘွဲ့	၁နေရာ
(ဂ)	အလုပ်ရုံခွဲမှူး	မြို့ပြအင်ဂျင်နီယာဘွဲ့	၁နေရာ

၂။ လျှောက်ထားသူသည်–
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၅–၅–၂၀၀၄နေ့တွင် အသက် (၃၅)နှစ်၊ (ဝန်ထမ်းဖြစ်ပါက အသက် ၄၀နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၅–၅–၂၀၀၄နေ့ အရောက်ပေးပို့ရမည်။

၄။ ရာထူးတစ်မျိုးထက်ပို၍ လျှောက်လွှာတင်သွင်းလိုပါက ရာထူးတစ်မျိုးစီအတွက် ဝင်ကြေးငွေ ၅ဝိ/–ကို သီးခြားပေးသွင်းပြီး ရာထူးအလိုက် လျှောက်လွှာသီးခြား တစ်စောင်စီတင်သွင်းရမည်။

၅။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅ဝိ/– ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ်– ၁/၉၁ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။

၆။ **ရန်ကုန်မြို့နှင့် မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲစာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသောစာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၇။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၅–၅–၂၀၀၄နေ့အရောက် ပေးပို့ရမည်။** လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၈။ ၂၆–၆–၂၀၀၄နေ့နှင့်၂၇–၆–၂၀၀၄နေ့များတွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲ ကျင်းပမည်။၂၄–၆–၂၀၀၄ နေ့မှစ၍ မန္တလေးတိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၉။ စုံစမ်းမေးမြန်းလိုပါက ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်– ၃၇၈၁၆၃သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ဆွေစိုး
ဦးဆောင်ညွှန်ကြားရေးမှူး
သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း၊သမဝါယမဝန်ကြီးဌာန
အသက်(၅၉)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၏ဇနီး ဒေါ်ခင်ဆွေစိုးသည် ၂၀–၄–၂၀၀၄ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းမိသားစုများမှ ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သံအမတ်ကြီးဦးကျော်မြင့်နှင့် သံရုံးဝန်ထမ်းမိသားစု
မြန်မာသံရုံး၊ ဂျကာတာမြို့။

တရုတ်ဘာသာစကားအရည်အချင်းစစ်စာမေးပွဲ (HSK)

တရုတ်ပြည် နိုင်ငံတော် တရုတ်ဘာသာစကား အရည်အချင်းစစ်ကော်မတီ The State Commission of Chinese Proficiency Test) မှ ကမကထပြုကြီးမှူး၍ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးတို့ ပူးပေါင်းစီစဉ် ကျင်းပမည်။

စာမေးပွဲကျင်းပမည့်ရက်	– ၂၀၀၄ခုနှစ် မေလ(၁၅)ရက်(စနေနေ့)
ကျင်းပမည့်နေရာ	– ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
လျှောက်လွှာတင်ရက်	– ၂၀၀၄ခုနှစ် ဧပြီလ(၆)ရက်မှ ၂၀၀၄ခုနှစ် ဧပြီလ(၃၀)ရက်နေ့အထိ
လျှောက်လွှာရရှိနိုင်သည့်နေရာ	– ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
စစ်ဆေးမည့်အစီအစဉ်	– အဆင့်(၃)ဆင့်အနက် မိမိဖြေဆိုလိုရာ အဆင့်ကို ဖြေနိုင်ပါသည်။

အသေးစိတ်ကို အမှတ်(၁၁၉–၁၃၁) တက္ကသိုလ်ရိပ်သာလမ်း ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် တယ်လီဖုန်း ၀၁–၅၁၃၁၉၈နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် တယ်လီဖုန်း ၀၂–၃၂၃၃၀တွင် စုံစမ်းနိုင်ပါသည်။

စာမေးပွဲဖြေဆိုကြမည့်သူများအတွက် HSK Guide Books နှင့် Tape များကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ ယဉ်ကျေးမှုသံမှူးရုံး၊ အမှတ်(၉၄)၊ ခရေပင်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်နှင့် မန္တလေးမြို့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်ရုံး၊ ရတနာလမ်းသွယ်၊ ရန်ကြီးအောင်လမ်း၊ ၃၅လမ်း(၆၅လမ်းနှင့်၆၆လမ်းကြား)မန္တလေးမြို့တွင် ဝယ်ယူရရှိနိုင်ပါသည်။

ရောင်းချရန်ကြော်ငြာစာ
တရားမကျင့်ထုံးဥပဒေအမိန့် –၂၁၊ နည်း –၆၆
ရန်ကုန်တိုင်းတရားရုံး
၂၀၀၃ခုနှစ်၊ တရားမဇာရီမှုအမှတ် –၇၁

ဒေါ်လှကြည် **နှင့်** **ဒေါ်စပယ်(ခ)ဒေါ်စပယ်လွင်**
တရားနိုင် **တရားရှုံး**

ရန်ကုန်တိုင်းတရားရုံး တရာမကြီးမှုအမှတ် (၁၂၄/၀၂)တွင် တရားရုံးချုပ်၏ တရားမပထမအယူခံအမှတ်(၃၆၃/၀၂)၏ ၂၇–၂–၂၀၀၃ရက်စွဲပါ ဒီကရီအတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းများ တည်ရှိရာအရပ်၌ ၃၁–၅–၂၀၀၄နေ့တွင် လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၆(ဂျီ)၊ မြေကွက်အမှတ်–၇၁/စီ၊ ၁–ဒီ၊ ဧရိယာ ၀ ဒသမ၁၂၄ဧက မြေအမျိုးအစား၊ မြေပိုင်မြေနှင့် ၎င်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံး
ကြမ်းခင်ဈေး–သိန်း(၈၀)

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးမှ တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၂၀၀၄ခုနှစ်၊ ဧပြီလ (၂၁)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

လှဝင်း
တွဲဖက်တိုင်းတရားသူကြီး(၈)
ရန်ကုန်တိုင်းတရားရုံး။

ဘုရား၊ ရဟန်း၊ ကျောင်းအမ
ဒေါ်ခင်စိန်
(၈၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မာလာလမ်းသွယ်(၂)၊ ပြည်လမ်း၊ ခြံအမှတ်–၆၁၇(H) (ဦးမန်ဖိုရှောင်–ဒေါ်ကျင်ဆိုင်)တို့၏သမီး၊ (ဦးအရှောင်)၏ဇနီး၊ (ဒေါ်ညွန့်လှိုင်)၊ ဦးကျူးတျန်း–ဒေါ်တင်ရွှေတို့၏ညီမ(ဦးခင်မျှောင်–ဒေါ်တင်မြ)၊ ဦးစံမိုင်–ဒေါ်တင်ထွေးတို့၏အစ်မသည် ၃၀–၄–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၄–၅–၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူညီအစ်မ။

ဘုရား၊ ရဟန်း၊ ကျောင်းအမ
ဒေါ်ခင်စိန်(၈၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊မာလာလမ်းသွယ်(၂)၊ ပြည်လမ်း၊ ခြံအမှတ် ၆၁၇(H)နေ (ဦးမန်ဖိုရှောင်– ဒေါ်ကျင်ဆိုင်)တို့၏ သမီး၊ (ဦးအရှောင်)၏ဇနီး၊ ဦးသိန်းလွင်–ဒေါ်ကျင်လွမ်၊ ဦးသိန်းမြင့်–မဝင်းသိန်း၊ ဒေါ်အေးအေးမြင့် (မင်္ဂလာဈေး)၊ ဦးသိန်းအောင် (Director, Top Quality Co.,Ltd)– ဒေါ်ခင်ခင်အေး (မင်္ဂလာဈေး)၊ ဦးအကြွယ်(Director, J & J Co.,Ltd Food House,J'donuts)–ဒေါ်ခင်မစိုး၊ ဦးစိန်ဝင်း–ဒေါ်ခင်မကျေင်၊ ဦးကျော်စိုး–ဒေါ်စန်းစန်းအေး(OKသတို့သမီး)၊ Dr. မောင်မောင်–ဒေါ်နွဲ့နွဲ့ဝေတို့၏ မိခင်၊ မြေး ၂၂ ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၃၀–၄–၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၄–၅–၂၀၀၄(အင်္ဂါနေ့) နံနက်၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကျောက်ဖြူအသင်း(ရန်ကုန်မြို့)
ဆရာမကြီးဒေါ်နှင်းယဉ်
အသက်(၉၂)နှစ်
(ရန်ကုန်ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်)
အင်္ဂလိပ်စာဌာန(ငြိမ်း)

ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ) နှင်းဆီဆောင်နေ ရာသက်ပန်အသင်းဝင် ဒေါ်ခင်မေလှ (ပါမောက္ခ ဌာနမှူး၊ ဝါဏိဇ္ဇဗေဒဌာန၊ အဆောင်မှူး၊ နှင်းဆီဆောင်)၏မိခင် ဒေါ်နှင်းယဉ် (ရာသက်ပန်အသင်းဝင်)သည် ၂၉–၄–၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၁–၅–၂၀၀၄ (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့။

တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)
ဦးအေးချို
အသက်(၈၁)နှစ်

မန္တလေးမြို့၊ စိတ္တရမဟီရပ်၊ ပြည်တော်သာ၊ တိုက်–၂၃၊ အခန်း–၂ နေ ဒေါ်မြင့်ကြိုင်၏ခင်ပွန်း ရာသက်ပန်အသင်းဝင် မတည်ငွေပဒေသာပင် အလှူရှင် ဦးအေးချိုသည် ၂၉–၄–၂၀၀၄ ရက်က ကွယ်လွန်သွားပါ၍ ၁–၅–၂၀၀၄ရက် နံနက် ၁၁နာရီတွင် မန္တလေးမြို့ ကြာနီကန်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်းကြားပါသည်။

အမှုဆောင်အဖွဲ့။

ဝမ်းနည်းကြေကွဲခြင်း
ဦးကောင်းညွန့် B.Sc(Hons), M.Sc
အသက်(၆၉)နှစ်
အဖွဲ့ဝင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ပါမောက္ခချုပ်(ငြိမ်း) ဒဂုံတက္ကသိုလ်

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ အဖွဲ့ဝင် ဦးကောင်းညွန့်သည် ၂၉–၄–၂၀၀၄ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ
ဝန်ထမ်းရေးရာဦးစီးဌာန



ရဟန်းဒါယကာကြီး
ဦးစိုး
အသက်(၆၈)နှစ်
သပြုရွာ

ကဝမြို့နယ်၊ သပြုရွာနေ (ဦးထွန်းမြင့်–ဒေါ်အုန်းရှင်)တို့၏သား၊ (ဦးဘလှ–ဒေါ်ကျေး)တို့၏ သားသမက်၊ ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ရွှေဘုံသာ တိုက်ကျောင်းဆရာတော်၏ညီ၊ ရဟန်းဒါယကာ၊ သပြုရွာနေ (ဦးမြရွှေ၊ ဒေါ်တင်ရီ၊ ဒေါ်ပိုးအိ)၊ မြောက်ဥက္ကလာပ ကျောက်ရေတွင်းနေ ဦးမူတူး– ဒေါ်ကျင်စိန်၊ သပြုရွာနေ ဦးသန်းမြင့်–ဒေါ်လုံးတို့၏ညီ/မောင်၊ သပြုရွာနေ ဦးမြမောင်–ဒေါ်မြကြွေ၊ မန္တလေးမြို့ စိန်ပန်းရပ်နေ ဦးကျင်သိန်း–ဒေါ်လှ၊ သပြုရွာနေ ဦးကံလှ–ဒေါ်ခင်သိန်း၊ မြို့ကုန်းရွာနေ ဦးမြလှိုင်–ဒေါ်သန်း၊ မြောက်ဥက္ကလာပ ရွှေပေါက်ကံ စက်မှုဇုန်နေ ဦးစိန်သန်း–ဒေါ်ခင်အေးမူတို့၏ အစ်ကိုသည် ၂၉–၄–၂၀၀၄ရက်တွင် ရန်ကုန်အရှေ့ ပိုင်းဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၁–၅–၂၀၀၄ရက် မွန်းလွဲ၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမောင်နှမတစ်စု။

ကျေးဇူးတင်ရှိခြင်း
ဦးကောင်းညွှန့်(၆၉)နှစ်
ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့၊ အဖွဲ့ဝင်
ပါမောက္ခချုပ် (ငြိမ်း)၊ ဒဂုံတက္ကသိုလ်

၂၉-၄-၂၀၀၄ ရက်တွင် ကွယ်လွန်သွားခဲ့သော ဦးကောင်းညွှန့် (အသက်-၆၉နှစ်)၏ ဈာပနကိစ္စအဝဝတွင် နေအိမ်သို့ ကိုယ်တိုင်ကြွရောက် အားပေးနှစ်သိမ့်ပါသော နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့အား လည်းကောင်း၊ လိုက်ပါပို့ဆောင် သတင်းမေးမြန်းကြသော ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအားလည်းကောင်း၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊သမားတော်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့အောက်ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့်ဝန်ထမ်းများအားလည်းကောင်း၊ ဒဂုံတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊တက္ကသိုလ်ကောလိပ်အသီးသီးမှ လုပ်ဖော်ကိုင်ဖက်များ၊ အေးရိပ်သာဆေးခန်းမှ ဆရာဝန်နှင့်အဖွဲ့၊ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသောဌာန အသီးသီးမှ ပုဂ္ဂိုလ်များ၊ လွမ်းသူ့ပန်းခွေနှင့် ပန်းခြင်းပေးပို့ကြသော အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း များစွာ ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်အုံးမေ (၉၂)နှစ်

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ မုပ္ပလင်ကျေးရွာနေ (ဦးဖိုးတင်-ဒေါ်အေးမြိုင်)တို့၏ သမီး၊ (ဦးစံရွှေ)၏ ဇနီး၊ (ဦးညွှန့်ကြည်)-ဒေါ်သန်းရီ၊ ရန်ကုန်တိုင်း၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ သမာဓိ(၃)လမ်း၊ အမှတ်(၃၃)နေ (ဦးအုန်းခင်)-ဒေါ်အေးရီ၊ (ဦးညွှန့်တင်)-ဒေါ်ညွှန့်ရီ၊ ဦးတင်အောင်-ဒေါ်တင်စိန်၊ ဒေါ်မြညွှန့်၊ (ဒေါ်ခင်အေး)၊ ဒုတိယဗိုလ်မှူးကြီးထွန်းအောင်-ဒေါ်ခင်ငွေ၊ ဦးလှငွေ-ဒေါ်တင်တင်မြင့်၊ (ဦးရဲဦး)-ဒေါ်လှတို့၏မိခင်၊ မြေး၂၅ယောက်၊ မြစ်၁၁ယောက်တို့၏ ချစ်လှစွာသော အဘွားသည် ၂-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၄-၅-၂၀၀၄ရက် မွန်းလွဲ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်း အမကြီး
ဒေါ်ကျင်ဥ (၆၈)နှစ်
(တိုက်ကြီး)

(ဦးစွန်လျှောင်-ဒေါ်နှင်းစိန်)တို့၏ သမီး၊ (ဦးကြီးလေး-ဒေါ်သိန်းတင်)တို့၏ ချွေးမ၊ ဦးသိန်းအောင်-(ဒေါ်သန်းစိန်)၊ (ဦးကျော်မြင့်)-ဒေါ်ကျင်လှတို့၏ ညီမ၊ ဦးစိုးလှိုင်-ဒေါ်ခင်ပြုံးမော်၊ ဦးမိုးကျော်-ဒေါ်လှမြင့်တို့၏ အစ်မ၊ (ဦးကြည်-ဒေါ်ကျင်ဟုန်)၊ (ဦးကျော်ဇော)-ဒေါ်ကျင်တင်တို့၏ ညီမ၊ ဦးခင်ဦး-(ဒေါ်ကျင်ဥစိန်)တို့၏ အစ်မ၊ ကိုသိန်းထွန်းအောင်-မဝင်းမမကျော်၊ ကိုဝင်းထွန်းအောင်-မနွေးတို့၏ မွေးသမိခင်၊ မောင်ဉာဏ်ထွန်းဇော်၊ မမြတ်သင်းစီတို့၏ အဘွား၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊အမှတ်(၇)၊ကြိတ်တန်းလမ်းနေ ဦးထွန်းမြင့်(ခ)ဦးဘာဘူ၏ ဇနီး ဒေါ်ကျင်ဥသည် ၁-၅-၂၀၀၄ရက်တွင်ကွယ်လွန်ပါ၍ ၃-၅-၂၀၀၄(တနင်္လာနေ့) နံနက်၁၁နာရီ တွင်ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ ဇရပ်၊ မုခ်ဦး၊ နတ်လမ်း၊ အုတ်တံတိုင်းနှင့် ရဟန်းဒါယိကာမကြီး
ဒေါ်တင်ညွှန့်(၈၁)နှစ်
(ပုဂံတောင်ရွာ)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ် ၂၄၄၊ မာန်ပြေ(၆)လမ်းနေ (ဦးပု-ဒေါ်စောခင်)တို့၏သမီး၊ ဦးသိန်းဟန်(လယ်/သစ် ဒုတိယဝန်ကြီး၊ ငြိမ်း)၏ဇနီး၊ ဦးငွေထွန်း-ဒေါ်တင်ရီ၊ ဦးစိုးနိုင်-ဒေါ်ယဉ်ကြည်၊ ဦးစိုးခိုင်-ဒေါ်တင်တင်ဦး၊ ဦးလှထွန်း-ဒေါ်မြင့်မြင့်ကြည်၊ (ဒေါ်ကြည်ကြည်သိန်း)၊ ဦးမျိုးအောင်-ဒေါ်ခင်ဆွေမြင့်၊ ဒုတိယဗိုလ်မှူးကြီးသန့်ဇော်-ဒေါ်စောသူဇာငြိမ်းတို့၏ ချစ်လှစွာသောမိခင်၊ မြေး၁၁ယောက်တို့၏အဘွား၊ မြစ်တစ်ယောက်၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၂၉-၄-၂၀၀၄ ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃-၅-၂၀၀၄(တနင်္လာနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၄၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးမောင်စိန် (၇၈)နှစ်
(မုဒုံ)

ရန်ကုန်မြို့၊ဒဂုံမြို့နယ်၊ အမှတ်(၁၀-A)၊ စမုံလမ်းနေ (ဦးညွှန့်-ဒေါ်ဖွားချစ်)တို့၏သား၊ဒေါ်တင်မေ၏ခင်ပွန်း၊ (ဦးဘလှိုင်)၊(ဦးထွန်းကြိုင်)၊ (ဒေါ်လှ သွင်)၊ (ဒေါ်လှစိန်)တို့၏ ညီ/မောင်၊ ဦးဘဆွေ-ဒေါ်သန်းမြ၊ ဦးအိုင်စီ-ဒေါ်မြသင်၊ ဒေါ်သန်းမြင့်တို့၏ အစ်ကိုသည် ၂-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၄-၅- ၂၀၀၄(အင်္ဂါနေ့) ညနေ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကျော်ဝင်း (၄၂)နှစ်
B.Sc(Maths)
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၏ ကိုယ်ရေးအရာရှိ

မန္တလေးတိုင်း၊မလှိုင်မြို့နယ်၊ ရုံးပင်စောက်ကျေးရွာနေ (ဦးသက်မောင်)-ဒေါ်စောမြတို့၏သား၊မလှိုင်မြို့၊အမှတ်(၁၀)ရပ်ကွက်နေ ဦးဝင်းအောင်-ဒေါ်တင်တင်မြင့်တို့၏သားသမက်၊ဦးမြင့်နိုင်-ဒေါ်အေးမိစံ၊ ဦးကျော်ဇင်မြင့်-ဒေါ်ခင်ဝင်းချို၊ ဦးကောင်းမြင့်အေး-ဒေါ်တင်တင်ဦးတို့၏ အစ်ကို/မောင်၊ ရန်ကုန်မြို့၊လှိုင်မြို့နယ်၊ တိုက်(၈)၊အခန်း(၄)၊ပညာရေးဝန်ထမ်းရိပ်သာ၊(၁၂)ရပ်ကွက်နေ ဒေါ်ဇာခြည်ဖြူ၏ ချစ်လှစွာသောခင်ပွန်း၊ သမီးလေးထက်စန္ဒီကျော်၏ မွေးသဖခင်ဦးကျော်ဝင်းသည် ၃၀-၄-၂၀၀၄ရက် ညရနာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၄-၅-၂၀၀၄(အင်္ဂါနေ့)မွန်းလွဲ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများမွန်းတည့်၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရားတန်ဆောင်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးအောင်သိန်း(၉၇)နှစ်
(တိုင်းရင်းသမားတော်များ၏နာယက)

ပဲခူးမြို့၊ ၁၂ လမ်း၊ အမှတ်(၂၀၀)နေ ဦးစံလှ-ဒေါ်တင်တို့၏ သားကြီး၊ (ဒေါ်အေးကြည်)၏ ခင်ပွန်း၊ ဦးသာထွန်း-ဒေါ်ကျင်ရွှေတို့၏ အစ်ကိုကြီး၊ ဦးအေးလွင်-ဒေါ်ခင်မမလေးတို့၏ ဦးလေး၊ ဦးအောင်ဘို-ဒေါ်အေးသန့်၊ ဦးစံသိန်း-ဒေါ်စန်းစန်းလွင်၊ဦးထွန်းသိန်း-ဒေါ်ဥမ္မာခင်၊ (ဦးကိုကိုကြီး)-ဒေါ်ခင်မြင့်ဝေတို့၏ ဖခင်၊မြေး၁၃ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘိုးသည် ၂-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၄-၅-၂၀၀၄(အင်္ဂါနေ့) မွန်းတည့်၁၂နာရီတွင်ပဲခူးမြို့ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်း အမကြီး
ဒေါ်ဖူးသင် (၈၈)နှစ်
(ပင်းအိုရွာ၊ မြိတ်ခရိုင်)

တနင်္သာရီတိုင်း၊ မြိတ်မြို့နယ်၊ ပင်းအိုရွာနေ (ဦးဖေ-ဒေါ်စိန်ရွှေ)တို့၏ သမီး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၁၆)၊(၂)လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်နေ (ဦးသိန်းတင်)၏ ဇနီး၊ (ဒုတိယဗိုလ်လှမြင့်)၊ ဦးခင်လတ်-(ဒေါ်သန်းနွဲ့)၊ (ဦးကြည်သက်)-ဒေါ်မြသီ၊ ဦးအေးဟန်-ဒေါ်စီစီ၊ ဦးကြည်စံ၊ ဒေါ်စုစုမြင့်၊ ဦးကြင်ငွေ-ဒေါ်နုနုခင်၊ ဦးဇော်ဝင်း(ဦးဇင်္ဂီလ)၊ ဗိုလ်မှူးဖြူစင်သိန်း-ဗိုလ်ကြီးခင်နှင်းနှင်းတို့၏ မိခင်သည် ၂-၅-၂၀၀၄ရက်တွင် အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၆-၅-၂၀၀၄ရက်မွန်းလွဲ၂နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ဝင်းဝင်း(၆၁)နှစ်

ပဲခူးမြို့၊ ညောင်ဝိုင်း(၉)လမ်း၊ အမှတ်(၁၀၇)နေ ဦးချစ်-ဒေါ်နှင်းကြင်တို့၏ သမီး၊ (ပန်းချီဦးစံတိုး)-ဒေါ်ခင်လှမြင့်၏ ညီမ၊ ဦးဇော်ဝင်း(သစ်လုပ်ငန်း၊ မကွေးမြို့)-ဒေါ်ခင်ခင်တိုး (အထက ၃-ပဲခူးမြို့)၊ဦးကျော်ရင်-(ဒေါ်ကြူကြူ ချစ်)၊ ဦးစိုးသိမ်း-ဒေါ်လွင်လွင်ချစ်၊ ဦးအုန်းကျော်-ဒေါ်မြမြသွေးချစ်၊ ဦးစိုးဝင်း(ဦးစီးမှူးလဝက-မြဝတီ) - ဒေါ်နုနုချစ်၊ ဦးစိန်တင်မောင်-ဒေါ်ဝါဝါချစ်၊ ဦးကျော်ဇောမောင်-ဒေါ်မြင့်မြင့်သန်းတို့၏အစ်မ၊ ပဲခူးမြို့ သွန်းဘုရားရပ်၊ ဇောတိကလမ်းနေ ဒု-ရဲမှူး(ငြိမ်း)ဦးနိုင်ဝင်း၏ ချစ်လှစွာသောဇနီးသည် ၂-၅-၂၀၀၄ရက်တွင် နေအိမ်၌ကွယ်လွန်သွားပါ၍၄-၅-၂၀၀၄ (အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင်ပဲခူးမြို့ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ဝင်းဝင်း(၆၁)နှစ်

ပဲခူးမြို့၊ သွန်းဘုရားရပ်ကွက်၊ ဇောတိကလမ်းနေ ဒု-ရဲမှူး(ငြိမ်း) ဦးနိုင်ဝင်း၏ ဇနီး၊ ဦးကျော်ကျော်နိုင်-ဒေါ်လှိုင်သီဂီနွယ်၊ ဒေါ်မော်ဝင်းလတ် (အလက-၁၊ကျောက်ကြီးစု)၊ ဒု-ရဲအုပ်မောင်မောင်ဝင်း - ဒေါ်စန္ဒာနိုင်ဝင်း (အလက-၁၃၊မန္တလေး)၊ ဦးစောလွင်-ဒေါ်သီတာနိုင်ဝင်း၊ ဦးသီဟနိုင်ဝင်း-ဒေါ်စုထက်အုန်းတို့၏ ကျေးဇူးရှင်မိခင်၊ မြေးရှစ်ယောက်တို့၏ အဘွားဖြစ်သူသည် ၂-၅-၂၀၀၄ရက်တွင် နေအိမ်၌ ကွယ်လွန်ပါ၍ ၄-၅-၂၀၀၄ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင်ပဲခူးမြို့ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ပြင်ဆင်ဖတ်ရှုပါရန်

၂-၅-၂၀၀၄ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၉)ပါ ကိုအောင်ကျော်(ခ)ငယ်ကြီး (၃၁)နှစ် နာရေးကြော်ငြာအား ကိုကျော်အောင်(ခ) ငယ်ကြီး(၃၁)နှစ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

တိန်ဘွန်ပြိန်(ခ)ဦးချစ်ရီ
အသက်(၈၆)နှစ်
(ကျောက်တန်း)

ရန်ကုန်တိုင်း၊ကျောက်တန်းမြို့၊အမှတ်(၁၆၄)၊ အလယ်ပိုင်းရပ်ကွက်၊ ကမ်းနားလမ်းနေ (ဦးတိန်ယုတ်ဂုါ-ဒေါ်အန်စို)တို့၏သား၊ (ဒေါ်ကျင်ကျုတ်)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုလှသွင်-မစန်းစန်းငွေ၊ ကိုလှခင်၊ မခင်ခင်ဝင်း၊ ကိုလှစိန်တို့၏ ဖခင်သည် ၂-၅-၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၄-၅-၂၀၀၄ရက် မွန်းတည့်၁၂နာရီတွင်အထက်ပါနေအိမ်မှ ကျောက်တန်းမြို့တရုတ်သုသာန် သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

တိုက်ကြီးမြို့နယ်အသင်း
ဒေါ်ကျင်ဥ(၆၈)နှစ်
ရာသက်ပန်အသင်းဝင်(၁၁၆)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကြိတ်တန်းလမ်း၊အမှတ်(၇)နေရာသက်ပန်အသင်းဝင် အမှတ်(၁၁၆) ဦးထွန်းမြင့်(ခ)ဦးဘာဘူ၏ဇနီး၊ ကိုသိန်းထွန်းအောင်၊ မဝင်းပပကျော်၊ ကိုဝင်းထွန်းအောင်၊ မနွေးတို့၏ မိခင်၊ မြေးနှစ်ယောက်တို့၏ အဘွားသည် ၁-၅-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၃-၅-၂၀၀၄ရက် နံနက် ၁၀နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။)

အမှုဆောင်အဖွဲ့။

ဦးမင်းအောင်(၅၃)နှစ်
(တောင်သာ/ကျောက္ကာ)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ညောင်ပင်လမ်း၊ အမှတ်(၂၅၁/က)နေ (ဦးစံဦး-ဒေါ်ပန်းခင်)တို့၏သား၊တောင်သာမြို့နယ်၊ ကျောက္ကာရွာနေ ဦးဘိုကေ-ဒေါ်တင်မြိုင်တို့၏ သားသမက်၊ ဒေါ်ခင်ဖြူ (ဝါဇီရုံးချုပ်)၏ ခင်ပွန်း၊ မောင်ဖြိုးဝေအောင်၊ မခင်စုနိုင်၊ မောင်အောင်ဖြိုးမင်းတို့၏ ဖခင် ဦးမင်းအောင်သည် ၂-၅-၂၀၀၄ရက်တွင် သဃ်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၄-၅-၂၀၀၄ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဝင်းမြင့်(ခ)သားသားကြီး
အသက်(၅၀)

ရန်ကုန်တိုင်း၊သာကေတမြို့နယ်၊(၄)ရပ်ကွက်မြောက်ပိုင်း၊ မြို့မ(၁၂)လမ်း အနောက်၊အမှတ်(၂၀၀/က)နေ (ဦးထွန်းအောင်-ဒေါ်ထိန်ကျင်)တို့၏သား ဦးဝင်းမြင့်(ခ)သားသားကြီးသည် ၁-၅-၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၃-၅-၂၀၀၄ (တနင်္လာနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးခင်သိန်း(၄၇)နှစ်
ကြီးကြပ်ရေးမှူးစီမံပစ္စည်းထိန်းဌာန
မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်
ကူးသန်းရောင်းဝယ်ရေးဘဏ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၁၈)ရပ်ကွက်၊ ကျွန်းရွှေမြိုင်(၁)လမ်း၊ အမှတ်(၁၇၉၈-က)နေ (ဦးဘငြိမ်း-ဒေါ်မြရင်)တို့၏ သားငယ်၊ (ဦးကုလားကြီး) - ဒေါ်သောင်းကြည်တို့၏ သားသမက်၊ ဒေါ်တင်တင်အေး (အကောက်ခွန်၊ကျိုင်းတုံ)၊ဦးတင်မောင်ဝင်း (လဝက၊ဒလ) - ဒေါ်စန်းစန်းမြင့်တို့၏ ညီ/မောင်၊ သာယာဝတီမြို့နယ်၊ သဲဖြူကျေးရွာနေ ဦးကျော်ဝင်း-ဒေါ်တင်ငွေ၊ ဦးထွန်းလွင်-ဒေါ်အမြင့်၊ ဦးတင်လှိုင်-ဒေါ်ခင်ခင်လှတို့၏အစ်ကို၊ ဒေါ်စန်းစန်းဝေ၏ခင်ပွန်း၊မောင်ကျော်ဇေယျ (နောက်ဆုံးနှစ်၊အင်္ဂလိပ်စာ)၏ဖခင်သည်၂-၅-၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၄-၅-၂၀၀၄ (အင်္ဂါနေ့)ညနေ၃နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်လင်ရှုတီ (၈၆)နှစ်

ရန်ကုန်မြို့နေ (ဦးလင်ကီကျန်း-ဒေါ်ကြင်)တို့၏ သမီး၊ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သီရိရတနာရိပ်သာ၊ သီရိရတနာလမ်း၊ အမှတ်(၁၇)နေ (ဦးရန်ကန်)၏ဇနီး၊ ရန်တန်ချိန်း(ခ)ဦးမင်းလွင်-ဒေါ်သန်းသန်းဝင်း၊ ရန်စုချန်(ခ)ဦးဗစ်တာ၊ (ရန်စုလန်)၊ ရန်စုအိန်(ခ)ဒေါ်ယုယုနိုင်၊ ရန်စုလိန်(ခ)ဒေါ်သင်းသင်းစိုး၊ ရန်စုဟောင်(ခ)ဦးရဲဝင်း-ဒေါ်မြမြဝင်းတို့၏မွေးမိခင်၊ မယဉ်ဝင်းထက် (အထက-၁၊ ဒဂုံ)၊ မောင်တင်ကျော်လင်း (အထက-၁၊ဒဂုံ)တို့၏ အဘွားသည် ၂-၅-၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၄-၅-၂၀၀၄ရက် နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက်၉း၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်(၁၁)
အသက်(၇၄)နှစ်
အကောက်ခွန်မှူး၊ငြိမ်း
(သထုံ)

သထုံမြို့နေ (ရဲဝန်ထောက်ဦးဘတင်-ဒေါ်ဖွားခင်)တို့၏ သား၊ (ဒေါ်ခင်ငြိမ်း၊ မိုးကုတ်၊ ကြပ်ပြင်)၏ သားသမက်၊ (ဦးအောင်ခ)၊(ဒေါ်မေတင့်)တို့၏ ညီ/မောင်၊ ဒေါ်စုစု၊ ဗိုလ်မှူးကျော်ဝင်း(ငြိမ်း၊ စက်မှုညွှန်ကြားရေးဦးစီးဌာန)-ဒေါ်မေခင်ခင်(ငြိမ်း၊ ကထိက၊ စိတ်ပညာဌာန၊ ပညာရေးတက္ကသိုလ်)၊ ဦးစိုးသိန်း(ငြိမ်း၊ အရာခံဗိုလ်) - ဒေါ်ခင်မေကြူတို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ ဒေါ်ခင်ခင်အေး၊ ဒေါက်တာမောင်မောင်လွင်-ဒေါ်ခင်ဥမ္မာအေး (တာမခန်မြို့)၊ ဒေါ်စန်းစန်းအေး၊ ဒေါ်သင်းသင်းအေး(ထွေး)၊ ဦးမျိုးဝင်းကျော် (2nd Mate F.G)-ဒေါ်အေးအေးသင်းတို့၏ ချစ်လှစွာသော ဦးဦး၊ ဦးတင့်ဇော်(ခ)တူးတူးမောင်(2/E Inter Ocean)-ဒေါ်နွဲ့နွဲ့ရည်၊ ဦးအေးကိုကို (M.D Asia Japan Group)-ဒေါ်ခင်သီတာမောင်၊ ဒေါ်ခင်မာလာမောင်၊ဦးဖုန်းမောင်ငြိမ်း-ဒေါ်ခင်စန္ဒာမောင်၊ မအိမ်စည်မောင်(B.B.A. YIE)တို့၏ ချစ်လှစွာသောဖခင်၊ ယုယုတင့်ဇော် (B.B.A. YIE)၊ အေးချမ်းကိုကိုဇော်၊ အေးချမ်းညီညီဇော်(ရန်ကင်း၊ TTC)၊ ပုံ့ပုံ့ကိုကို(B.Sc., Computer, NCC, UK)၊ ပြည့်ပြည့်ကိုကို(ပ-နှစ်၊ သွား/ဆေးတက္ကသိုလ်)၊ သီရိဖုန်း မောင်ငြိမ်း(IADCS, NCC, UK)၊ ဝေသီဖုန်းမောင်ငြိမ်း(ပ-နှစ်၊ ပြင်သစ်-YUFL)တို့၏ ချစ်လှစွာသောအဘိုး၊ ရန်ကုန်မြို့၊ အမှတ်(၇၀၄)၊ ရတနာလမ်း၊ သဃ်္ဃန်းကျွန်းမြို့နယ်နေ ဒေါ်မေမေအုန်း၏ ခင်ပွန်း ဦးမောင်မောင်သည် ၂-၅-၂၀၀၄ ရက်တွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၆-၅-၂၀၀၄ရက် ညနေ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်သီ(၆၄)နှစ်

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၇)ရပ်ကွက်၊ အမှတ်(၃၂၀)၊ စိန္တာမဏိလမ်းနေ (ဦးဘိုးသုန်-ဒေါ်သိန်းတင်)တို့၏ သမီး၊ (ဦးလှတင်)၏ဇနီး၊ ဒေါ်ခင်အိ၏အစ်မ၊ ကိုအောင်လှဟန်၊ ကိုမြတ်လှဦး-မမြင့်မြင့်ခင်၊ ကိုလှထွဋ်ကျော်၊ မသီတာလှတို့၏ မွေးသမိခင်၊ မြေးနှစ်ယောက်တို့၏အဘွားဒေါ်ခင်သီသည် ၂-၅-၂၀၀၄ရက်တွင် UHCအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၄-၅-၂၀၀၄(အင်္ဂါနေ့)တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(အထက်ပါနေအိမ်မှကားများ ညနေ ၃ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးစန်းလွင်(ခ)ဦးတေတူး
အသက်(၇၀)
(အငြိမ်းစားကျောင်းဆရာ)

ရန်ကုန်တိုင်း၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ အောင်သရဖူလမ်း၊ အမှတ်(၂၂)နေ (ဦးစိန်ဖေ-ဒေါ်နှင်းစိန်)တို့၏ သား၊ ဒေါ်သန်းသန်း၏ ခင်ပွန်း၊ ဦးမြင့်ဆွေ-ဒေါ်စန်းအိအိချော၊ [မောင်အောင်လွင်ငြိမ်း(ခ)အတွတ်]၊ မောင်သန်းထိုက်လွင်၊ မစန်းအိအိထွေးတို့၏ ဖခင်၊ မောင်ရဲဖုန်းဆွေ၊ မောင်အားမာန်ဆွေတို့၏ အဘိုးသည် ၂-၅-၂၀၀၄ရက် နံနက် ၅း၄၅နာရီတွင် ဗဟိုရစည်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၄-၅-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌ အိပ်ပျော်ခြင်း
Pi.Cing Ngo Niiang
အသက် (၆၄)နှစ်

အမှတ်(၆၀)၊ ကျောက်မြောင်းလမ်း၊ တာမွေမြို့နယ်နေ (Lt.Col. ဖေယျကျော်ထင် (Lian Cin Zam-Pi.Ciin Za Ngul)တို့၏သမီးကြီး၊ဆိုင်းဇနိတိုက်နယ်သူကြီး (Pu Thawng Za Khup. A. T.M-Pi.Tel Za Kai) တို့၏ သမီးချွေးမ၊ Pu.TualKhaw Mang (Commissi - onor၊ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ Nu.Kai Za Dim (နယ်စပ်-စည်ပင်)- Pa Pum Za Khai, Nu.Ngul Lian Cing-Rev Cin Khaw Kham, Nu.Cing Ngaih Ciin (ထွေ/အုပ်-ရုံးချုပ်)- Maj.Thang Lian Thawng, Tg.Khup Khan Kham, Tg.Zam Lian Dalတို့၏ မွေးသမိခင်၊ (Nu.Hau Do Cing)-Pastor Thang Do Mung, Pa. Mang Lian Thang-Nu. Cin Khen Niangတို့၏ အစ်မကြီး၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၂၈-၄-၂၀၀၄ ရက်တွင် အထက်ပါနေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃-၅-၂၀၀၄ ရက်ညနေ ၃နာရီတွင် ရေဝေး ခရစ်ယာန်ဓမ္မာရုံ၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (ကားများကို အထက်ပါနေအိမ်နှင့် ဇောနွေလ ဘုရားကျောင်းရှိခိုးကျောင်းရှေ့တို့မှမွန်းလွဲ ၂နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်စန်းမြင့်(ခ)ဒေစီလှဘော်
အသက်(၆၂)နှစ်
(မန္တလေး)

မန္တလေးမြို့၊၂၆ဘီလမ်း၊ဆိုင်းတန်းရပ်နေ (ဦးလှဘော်-ဒေါ်အေး)တို့၏ သမီး၊ ပုသိမ်မြို့၊ ကံကြီးဒေါင့်နေ (ဦးထွန်းမောင်-ဒေါ်မယ်ဆင့်)တို့၏ သမီးချွေးမ၊ မုံရွာမြို့၊ ရုံးကြီးရပ်၊ သစ်တောလမ်းနေ (ဦးတင်ရွှေ-လ/ထညွှန်ကြားရေးမှူး-ငြိမ်း၊ပြည်တွင်းအခွန်များဦးစီးဌာန) ၏ ဇနီး၊ ဦးရဲဝင်းထွန်း-ဒေါ်လဲ့လဲ့မျိုး(လ/ထကထိက၊သချာဌာန၊မုံရွာ)၊ ကိုရဲလင်းထွန်း၊ ကိုရဲသင်းထွန်း၊ ကိုရဲမင်းထွန်း-မပိုင်ပိုင်မောင်တို့၏ချစ်လှစွာသောမိခင်၊ မောင်ရဲမင်းသွေး၊ မသီဂီဝင်းလဲ့တို့၏အဘွားသည် ၁-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၃-၅-၂၀၀၄ (တနင်္လာနေ့) ညနေ ၄နာရီတွင် မုံရွာမြို့၊ စကျင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးမြင့်ဆွေ(ခ) ဦးတင်မြင့်
အသက်(၇၇)နှစ်
မော်ကွန်းဝင်-တတိယဆင့်
(လက်ပံတန်း)

ရန်ကုန်မြို့၊ အမှတ်(၂၇)၊ (၁၂၇)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးစိန်-ဒေါ်သိန်းရွှေ)တို့၏ သားလတ်၊ (ဦးအောင်ဘော် - ဒေါ်သိန်းမြိုင်)တို့၏ သားသမက်၊ ဦးကျော်မြင့်-ဒေါ်ခင်သန်းနွယ်၊ ဦးအေးလွင်-ဒေါ်မြင့်မြင့်ဆွေ (ဒုမြို့နယ်ဥပဒေအရာရှိသာကေတမြို့နယ်ဥပဒေရုံး)၊ ဦးအောင်မြင့်-ဒေါ်ဝါဝါဆွေတို့၏ ဖခင်၊ မဏိစန္ဒီ၊ မောင်မျိုးကျော်အောင်၊ မနန္ဒီထက်၊ မနှင်းအိဖြူတို့၏ အဘိုးသည် ၂-၅-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၄-၅-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးအောင်ကြိုင်(၇၁)နှစ်
အုပ်ချုပ်ရေးအရာရှိ(ငြိမ်း)
အရိုးအထူးကုဆေးရုံကြီးကြည့်မြင်တိုင်

ရန်ကုန်မြို့၊ မြောက်ဒဂုံ(၂၈)ရပ်ကွက်၊ အမှတ်(၉၆၂)၊ ဗိုလ်ဖိုးစောလမ်းနေ (ဦးမြဒင်၊အငြိမ်းစားရုံးအုပ် ဝိဇ္ဇာ/သိပ္ပံ-ဒေါ်ရွှေမြစ်)တို့၏သားကြီး၊ ဒေါ်ခင်တင့် (အငြိမ်းစား ကျောင်းအုပ်ဆရာမကြီး၊ အထက-၄၊ကြည့်မြင်တိုင်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးဘသန်းချိန်-ဒေါ်တင်အောင်၊ ဦးစိန်ရွှေ-ဒေါ်ခင်ညွှန့်၊ဦးမြသောင်း-ဒေါ်သန်းကြည်တို့၏အစ်ကိုကြီး၊ ဦးစန်းလှ (အင်/ယာ-ပ၊မြန်မာ့ရေနံ)-ဒေါ်မြင့်မြင့်ဝင်း (အထပြ၊အထက-၁၊မော်ဘီ)၊ ဦးမောင်မောင်မြင့်၊ ဦးစကံညွှန့်ရင်-ဒေါ်အမာကြိုင် (Supreme Water Doctor Group) တို့၏ မွေးသဖခင်၊ မြေးသုံးယောက်၊ မြစ်တစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၂-၅-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍၄-၅-၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(မြောက်ဒဂုံ-၂၈၊ရပ်ကွက်နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးသိန်းမင်း (၆၄)နှစ်
(B.A., H.G.P)
ကုန်သွယ်ရေး(၂)နှင့်
တိုင်းသမအသင်းစု မန်နေဂျာ-(ငြိမ်း)
(ထားဝယ်)

ထားဝယ်မြို့၊ ကညွှံရပ်၊ ချယ်ရီလမ်း၊ အမှတ်(၃၂၁)နှင့် လောင်းလုံမြို့နေ (ဦးသိန်းလှိုင်-ဒေါ်ဖွားကြင်)တို့၏ သား၊ ဦးခင်မောင်သန်း-ဒေါ်မေကြီးတို့၏ သားသမက်၊ ဒေါ်အေးအေးသန်း၏ ခင်ပွန်း၊ လောင်းလုံမြို့နေ ဦးအောင်သစ်-(ဒေါ်သိန်းပို)၊ ဦးသိန်းအောင်-ဒေါ်ခင်အေး၊ ဦးဉာဏ်ရှိန်-ဒေါ်စန်းတို့၏ ညီ/မောင်၊ ဒေါ်ဝင်းမင်းသန်း၊ ဦးအောင်မင်းဦး-ဒေါ်ခင်သီတာထွန်း၊ ဒေါ်နွယ်နီသန်း၊ ဦးမင်းဇော်ဦးတို့၏ ဖခင်၊ မအိန္ဒြာဦး၊ မောင်ရဲသူထက်တို့၏ ချစ်လှစွာသော အဘိုးသည် ၁-၅-၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃-၅-၂၀၀၄(တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမောင်နှမများနှင့် မိသားစု။

ဒေါ်လှကြည်
အသက် (၇၁)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်ရိပ်သာ၊ တိုက်(၄)၊ အခန်း(၉)နေ ဦးမောင်လှ၏ ဇနီး၊ မစန်းစန်းရီ၊ မစန်းစန်းအေး၊ မခင်ဝင်းကြည်၊ မစိုးစိုးရီတို့၏ မွေးသမိခင် ဒေါ်လှကြည်သည် ၂-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားပါသည်။ သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။

ကျန်ရစ်သူမိသားစု။

ဦးသိန်းမင်း (၆၄)နှစ်
(B.A., H.G.P)
ကုန်သွယ်ရေး(၂)နှင့်
တိုင်းသမအသင်းစု မန်နေဂျာ-(ငြိမ်း)
(ထားဝယ်)

ထားဝယ်မြို့၊ ကညွှံရပ်၊ ချယ်ရီလမ်း၊ အမှတ်(၃၂၁)နှင့် ရန်ကုန်မြို့၊ တိုက်(ဘီ-၄)၊ အခန်း(၃၀၁)၊ မေတ္တာရိပ်မွန်အိမ်ရာ၊ ဓမ္မဒါနလမ်း၊ တာမွေနတ်ချောင်းနေ (ဦးသင်းလှိုင်-ဒေါ်ဖွားကြင်)တို့၏ သား၊ ဦးခင်မောင်သန်း-ဒေါ်မေကြီးတို့၏ သားသမက်၊ ဒေါ်အေးအေးသန်း၏ ခင်ပွန်း၊ (ဦးစိုးမြင့်)-ဒေါ်မြမြသန်း၊ ဦးသန်းလွင်-ဒေါ်အက်စ်ထုနန်၊ဦးစိန်သန်း-ဒေါ်ခင်ခင်သန်း၊ ဦးငွေလွင်-ဒေါ်ယဉ်ယဉ်အေး၊ ဦးဝင်းနိုင်(ညွှန်ချုပ်၊ ပြည်တွင်းအခွန်)-ဒေါ်ရီရီသန်းတို့၏ အစ်ကို၊ ဒေါ်ဝင်းမင်းသန်း၊ ဦးအောင်မင်းဦး(လဝက၊ ထားဝယ်) - ဒေါ်ခင်သီတာထွန်း (ပြည်တွင်းအခွန်၊ထားဝယ်)၊ ဒေါ်နွယ်နီသန်း(ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်)၊ ဦးမင်းဇော်ဦး(AE၊ရေသန့်ဌာန၊ မြို့တော်စည်ပင်)တို့၏ဖခင်၊မအိန္ဒြာဦး၊ မောင်ရဲသူထက်တို့၏အဘိုးသည် ၁-၅-၂၀၀၄ရက် ည ၁၀း၃၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၃-၅-၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်းဒါယကာကြီး
ဦးတင်ငွေ(ခ)ဦးထွန်းအောင်
အသက်(၄၀)
မြန်မာ့ရေနံနှင့် ရေနံထွက်ပစ္စည်း
ရောင်းဝယ်ဖြန့်ဖြူးရေးလုပ်ငန်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်း၊ စိတ္တသုခလမ်း၊ အမှတ်(ဂ/၂၈)နေ ဦးခင်မောင်-ဒေါ်ခင်အေးတို့၏ သား၊ (ဦးစံတင်)-ဒေါ်အေးကြိုင်တို့၏သားသမက်၊ ဒေါ်တူးတူး၊ ဒေါ်စန်းစန်း၊ ဦးသန်းငွေတို့၏ ညီ/မောင်၊ ဦးအောင်ကျော်ငွေ(ဒု-ရဲအုပ်ယာဉ်မှုစစ်၊နယ်မြေ-၄)-ဒေါ်တင်တင်ထွန်း(ဒု-ကြီးကြပ်ရေးမှူး မြန်မာ့စီးပွားရေးဘဏ်၊ကြည့်မြင်တိုင်ဘဏ်ခွဲ)၊ ကိုမြင့်ငွေ-မမိုးမိုးသန်း၊ ကိုမြင့်သန်း(ဒန်ရေကျိုလုပ်ငန်း)-မမိုးမိုးတို့၏အစ်ကို၊ ဒေါ်စိုးစိုး၏ ခင်ပွန်း၊ မောင်မင်းသီဟကျော်၏ ဖခင်သည် ၁-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၃-၅-၂၀၀၄ (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ပါမည်။

ကျန်ရစ်သူမိသားစု။

မုဒုံမြို့နယ်အသင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးမောင်စိန် (၇၈)နှစ်
(မုဒုံ)

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊အမှတ်(၁၀-A)၊ စမုံလမ်းနေ (ဦးညွှန့်-ဒေါ်ဖွားချစ်)တို့၏ သား၊ ဒေါ်တင်မေ၏ ခင်ပွန်း၊ (ဦးဘလှိုင်)၊ (ဦးထွန်းကြိုင်)၊ (ဒေါ်လှသွင်)၊(ဒေါ်လှစိန်)တို့၏ ညီ/မောင်၊ ဦးဘဆွေ-ဒေါ်သန်းမြ၊ ဦးအိုင်စီ-ဒေါ်မြသင်၊ ဒေါ်သန်းမြင့်တို့၏ အစ်ကို၊ မုဒုံရာသက်ပန်အသင်းဝင် ဦးမောင်စိန်သည် ၂-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၄-၅-၂၀၀၄(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။)

အမှုဆောင်အဖွဲ့။

ဒေါ်စီစီတင်(ခ)
ဒေါ်သန်းသန်းစိန်
အသက်(၅၉)နှစ်
B.Sc (Physics)
စိန်ဖရန့်စစ်ကျောင်းသူဟောင်း
မြန်မာ့အာမခံလုပ်ငန်း(ငြိမ်း)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဒဂုံသီရိလမ်း၊ အမှတ်(၃၅)နေ (ဦးမောင်တင်-ဒေါ်သိန်း) ကန်တော်ကြီးသိန်းဆုဌာန၊ (ဦးစိန်ချို-ဒေါ်သန်း) သစ္စာပန်းမသိန်းဆေးလိပ်ရုံတို့၏ သမီး၊ ဦးကျော်ဇော-(ဒေါ်သန်းစိန်)တို့၏ ချွေးမ၊ ဦးကျော်ဇောဦး၏ဇနီး၊ ကိုသူရိန်ကျော်ဇော-မသရဖီသန်းတို့၏ မိခင်၊ ဒေါ်တင်ရှိန်၊ ဦးစိန်မြင့်-ဒေါ်စုစုဝင်းတို့၏ ညီမ၊ ဦးသန်း ထွတ်-ဒေါ်ရီရီမော်၊ ဦးဘုန်းမြင့်-ဒေါ်ကျော့ကျော့ခင်၊ ဒေါ်နွဲ့နွဲ့ဝင်းတို့၏ အစ်မ၊ ကိုရဲလင်းထွတ်-မဝါဝါသူဇာ၊ ကိုမင်းသန့်ဇော်၊ ကိုယု၊ မရီရီမွန်၊ မဖံဖံမြင့်၊ မခင်နှင်းစုတို့၏အဒေါ်သည် ၂၉-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃-၅-၂၀၀၄(တနင်္လာနေ့)ညနေ ၄း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌ အိပ်ပျော်ခြင်း
စောနေဝင်းသိန်း (ဖိုးဝင်း)
အသက် (၃၆)နှစ်

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ အမှတ်(၁၂၅၁)၊ (၄၉)ရပ်ကွက်၊ ဒူးယားလမ်းနေ ဦးစောချစ်သိန်း(ဘဏ်-ငြိမ်း)-ဒေါ်ဝိုင်အိုလက်တို့၏ သားငယ်၊ စောအက်ဖတန် - နော်မေမေသိန်း၊ စောအောင်ချစ်သိန်း(MEB-ကမာရွတ်)၊ ဦးမျိုးနိုင်-နော်လဲ့လဲ့ချစ်သိန်း၊ စောရဲညွှန့်သိန်း-ဒေါ်ထွေးထွေးပို၊ နော်ခင်ခင်သိန်း (မူ-အုပ်)၊ စောဒွီးထူး-နော်သီဂီချစ်သိန်းတို့၏ ညီ/မောင်၊ နော်ဥမ္မာချစ်သိန်း (MMB-H.O)၏ အစ်ကို၊ တူ/တူမကိုးယောက်တို့၏ ဦးလေးသည် ၂-၅-၂၀၀၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၄-၅-၂၀၀၄(အင်္ဂါနေ့) နံနက် ၉ နာရီတွင် ရေဝေး ခရစ်ယာန် သချိုင်း၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာ ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

ပန်းတိုင်သစ်စီမံကိန်းချမှတ်ပြီးနောက်ပိုင်း မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများ ပိုမိုအောင်မြင် ယခုနှစ်တိုင်းတာချက်များအရ ဘိန်းစိုက်ပျိုးမှု ထွက်ရှိမှု ယခင်နှစ်ကထက် လျော့နည်းကျဆင်းနိုင် အိမ်နီးချင်းနိုင်ငံများနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်း စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်ရောင်းဝယ်ဖောက်ကားမှုများ အလေးထား တားဆီးနှိမ်နင်း

ရန်ကုန် မေ ၂

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အထူးအစည်းအဝေး (၁/၂၀၀၄)ကို ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ မူးယစ်ဆေးဝါး ပပျောက်ရေးအထိမ်းအမှတ်ပြတိုက် အုပ်ချုပ်မှုခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

တက်ရောက်

အစည်းအဝေးသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယ ရှေ့နေချုပ်များ၊ တပ်မတော်အရာရှိများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ရဲချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေး အသင်း၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေးအသင်းနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❒

အမှာစကား ပြောကြား

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အထူးအစည်းအဝေး (၁/၂၀၀၄)တွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နိုင်ငံတော်သံစုံတီးဝိုင်း သရုပ်ပြတီးခတ်မှု ကြည့်ရှုအားပေး

ရန်ကုန် မေ ၂

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ကြီးမှူးကျင်းပသည့် နိုင်ငံတော် သံစုံတီးဝိုင်း သရုပ်ပြတီးခတ်မှုအစီအစဉ်များကို ယနေ့ည ၇နာရီ ၁၅မိနစ်တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ Myanmar Convention Centre ခန်းမ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည့်ရှု အားပေးသည်။

ကြည့်ရှုအားပေး

အဆိုပါ နိုင်ငံတော် သံစုံတီးဝိုင်း သရုပ်ပြတီးခတ်တင်ဆက်ပွဲသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ နိုင်ငံတော် သံစုံတီးဝိုင်း ကော်မတီဝင်များ၊ ဂီတပညာရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များအား Conductor ဗိုလ်ကြီးသက်တင်အောင်နှင့် ဦးတင်သိန်းတို့ ဦးစီးသော နိုင်ငံတော် သံစုံတီးဝိုင်းပညာရှင်များ၏ သရုပ်ပြတီးခတ်မှု အစီအစဉ်များဖြင့် တင်ဆက်ရာ နိုင်ငံတော် သံစုံတီးဝိုင်းပညာရှင်များ စုပေါင်း၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်သီချင်းဖြင့် စတင် သရုပ်ပြတီးခတ်သည်။

ဆက်လက်၍ W. A Mozart၏ "Symphony No. 41" တီးခတ်မှုအစီအစဉ်၊ အကယ်ဒမီ ဂီတလုလင် ဦးကိုကို ပြန်လည်ဆန်းသစ်သည့် "တပ်မတော်အင်အား ရှိမှ တိုင်းပြည်အင်အားရှိမည်" တီးခတ်မှုအစီအစဉ်၊ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ✳

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့ထုတ် စောင်ရေ ၁၉၆၂၁၀